မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၃၂၇)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်

၂၀၁၃ ခုနှစ်၊ ဩဂုတ် ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့။


## ဒို့တာဝန်အရေး(၃)ပါး

- ❒ ပြည်ထောင်စု မပြိုကွဲရေး။
- ❒ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❒ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးမြို့ ရေစီးရေလာကောင်းမွန်ရေး ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၇**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် လားရှိုးမြို့ပေါ် ရပ်ကွက်များ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုအား ယနေ့ မွန်းလွဲပိုင်းက လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် လားရှိုးမြို့ မန်ဆူဘုရားအနီး ရပ်ကွက်(၁၂) နယ်မြေ (၁၉)အတွင်း ရေဝပ်ဧရိယာဖြစ်ပေါ်နေမှု၊ လားရှိုးကြီး လမ်းဘေး ဝဲယာရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားမှု၊ ခိုလောင်းချောင်းဖြတ်သန်းစီးဆင်းရာ ရပ်ကွက် (၁၂)ရှိ လေယာဉ်ကွင်းလမ်းနှင့်ရပ်ကွက်(၁၂) နယ်မြေ(၁၃)ရှိ မိုးလုံလေလုံလမ်းတို့၌ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက ခိုလောင်းချောင်းမြေကာနံရံ တိုးချဲ့တည်ဆောက်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီတို့ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့မှ ညနေ ၃ နာရီတွင် လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။

**(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း လားရှိုးမြို့ပေါ်ရပ်ကွက်များ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုအား လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## မုတ္တမကမ်းလွန်လုပ်ကွက်၌ ရေကြောင်းသတိပေးချက်ထုတ်ပြန်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန်လုပ်ကွက် အမှတ် M-11၌ Deep Water Drilling Campaign တွင် တွင်းတူးဖော်ခြင်းလုပ်ငန်းကို Ultra Deepwater Drillship, TUNGSTEN EXPLORER ဖြင့် ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့မှ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-11 ၌Deep Water Drilling Campaign တွင် တွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်မည့် ဧရိယာတည်နေရာမှာ Point(A) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၃ မိနစ် ၃၉ ဒသမ ၈၉၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၉မိနစ် ၂၆ ဒသမ ၂၁၈ စက္ကန့်၊ Point(B) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၃ မိနစ် ၄၀ ဒသမ ၅၆၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် ၄၆ ဒသမ ၁၂၄ စက္ကန့်၊ Point(C) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၀ မိနစ် ၂၅ ဒသမ ၂၇၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် ၄၆ ဒသမ ၇၈၂ စက္ကန့်နှင့် Point (D) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၀ မိနစ် ၂၄ ဒသမ ၆၀၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၉ မိနစ် ၂၆ ဒသမ ၉၂၃ စက္ကန့် အတွင်းတွင် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-11၌ Deep Water Drilling Campaign တွင် တွင်းတူးဖော်ခြင်းလုပ်ငန်းကို Ultra Deepwater Drillship,TUNGSTEN EXPLORER ဖြင့် ဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ *စာမျက်နှာ ၃ ကော်လံ ၁* ■

# အမျိုးသမီး ၁၂၀၀၀ ကို ဝင်ငွေနှင့် အရည်အသွေးမြှင့်တင်ပေးခဲ့သည့် “စွမ်းရည်”စီမံကိန်း

ခင်ရတနာ

**နေပြည်တော် ဩဂုတ် ၂၇**

ကိုကာကိုလာ ဖောင်ဒေးရှင်းနှင့် နိုင်ငံတကာ အင်န်ဂျီအို Pact တို့ ပူးပေါင်း၍ အမေရိကန်ဒေါ်လာ သုံးသန်းဖြင့် စတင်မတည်ဆောင်ရွက်လျက်ရှိသည့် စွမ်းရည်မြှင့်အစီအစဉ်ကြောင့် မြန်မာအမျိုးသမီး ၁၂၀၀၀ကို အလုပ်အကိုင် အခွင့်အလမ်းများနှင့် စွမ်းရည်မြှင့်တင်ခြင်းလုပ်ငန်းများ လုပ်ဆောင်နိုင်ခဲ့ကြောင်း သိရှိရသည်။

ထိုအစီအစဉ်ကို ၂၀၁၂ ခုနှစ် ဇူလိုင်လအတွင်းကစတင်ခဲ့ပြီး စီမံကိန်းကာလအဖြစ် သုံးနှစ်သတ်မှတ်ကာ မြန်မာနိုင်ငံဒေသအသီးသီးရှိ မြန်မာအမျိုးသမီးပေါင်း ၂၄၅၀၀ကို စာရင်းအင်းဘာသာ၊ အသေးစား စီးပွားရေးလုပ်ငန်း လုပ်ကိုင်လည်ပတ်နိုင်မှု၊ စီးပွားရေးလုပ်ငန်းများကို စီမံခန့်ခွဲနိုင်မှုစသည့် အတတ်ပညာများကို သင်ကြားပို့ချပေးရန်နှင့် ၎င်းတို့၏ အနာဂတ်ကို ကိုယ်တိုင်မြှင့်တင်နိုင်ရန် ရည်ရွယ်ကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ကိုကာကိုလာ ဖောင်ဒေးရှင်းမှ သိရှိရသည်။

ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းရှိ မြို့နယ်ရှစ်မြို့နယ်အတွင်း ကျေးရွာများ၌ “စွမ်းရည်”အမည်ဖြင့် အမျိုး သမီး ဦးရေ ၂၀ မှ ၂၅ ဦးအထိ အဖွဲ့များဖွဲ့ကာ ငွေစုငွေချေး၊ ငွေကြေးဆိုင်ရာထိန်းသိမ်းမှု အခြေခံသဘောတရားများနှင့် စုငွေကိုအခြေခံကာ အဖွဲ့ဘဏ်လုပ်ငန်းများ တွင်ကျယ်ရန် လက်တွေ့ အထောက်အပံ့များနှင့် သင်ကြားမှုများ ပြုလုပ်ပေးခဲ့ပြီး အဆိုပါစနစ်မှာ နိုင်ငံတကာအင်န်ဂျီအိုတစ်ခုဖြစ်သည့် Pact ၏ ကမ္ဘာတစ်လွှား လူသိများသည့် စုငွေအခြေခံဘဏ်လုပ်ငန်းငယ်စနစ်ကို အိမ်ထောင်စု ငွေကြေးလုံခြုံမှု မြင့်မားရန်နှင့် အသေးစားလုပ်ငန်းငယ်များ စတင်နိုင်ရန် လိုအပ်သော စာရင်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှု၊ ငွေစု၊ ငွေချေး အဖွဲ့အစည်းများကို တည်ဆောက်ရေးအပြင် အဆိုပါ WORTH၏ အတိုးနှုန်းများသည် ပြင်ပအတိုးနှုန်းများထက် ခုနစ်ဆ လျော့နည်းသည့်အတွက် အဖွဲ့ဝင်များ ငွေပိုမိုစုဆောင်းလာနိုင်ကြောင်း *စာမျက်နှာ ၇ ကော်လံ ၁* ✳

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# တုပခြင်းလောက

ကျွန်ုပ်တို့မြန်မာစကားတွင် ''အတုမြင်အတတ်သင်'' ဟူသော စကားရှိပါသည်။ လူတိုင်းလူတိုင်းသည် အတုမြင်၍ အတတ်သင်ခဲ့ကြပါသည်။ မည်သည့်အရွယ်မှစ၍ အတုမြင်အတတ်သင်ခဲ့ကြသနည်းဟုဆိုလျှင် ကလေးအရွယ်ကပင် စပြီးအတုမြင်၍ အတတ်သင်ခဲ့ကြပါသည်။ မိဘ၊ ဆရာသမား၊ မြင်ဆရာ၊ ကြားဆရာတို့ထံမှလည်းကောင်း၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းများ ကြားမှလည်းကောင်း အတုမြင် အတတ်သင်ခဲ့ကြပါသည်။ တုပခြင်းသည် လူတိုင်းနှင့်မကင်းနိုင်ကြပါ။

သို့သော် ထိုတုပခြင်းကို အတွေးသစ်၊ အကြံသစ်တို့ဖြင့် သာလွန်ကောင်းမွန်အောင် ဆောင်ရွက်လုပ်ကိုင်နိုင်ခြင်းမရှိချေက အတုသည်အတုအဆင့်သာရှိနေပါမည်။ မည်သည့်အခါမျှ အစစ်မဖြစ်လာနိုင်တော့ပါ။ အတုကို အခြေခံပြီး တီထွင်ကြံဆမှုတို့ဖြင့် ကိုယ်ပိုင်ဖန်တီးနိုင်မှ အစစ်ဖြစ်လာနိုင်ပါသည်။ ရှိရင်းစွဲကို အခြေခံပြီး ပိုမိုကောင်းမွန်အောင် ပြန်လည်မွမ်းမံရပါသည်။ ဤသည်ကို ပညာရှင်တို့က အသစ်ပြန်လည်မွမ်းမံခြင်း (Renovation) လုပ်သည်ဟုဆိုကြပါသည်။ တုပခြင်းအလုပ်တွင် တီထွင်မွမ်းမံခြင်း မရှိချေက အစစ်မဖြစ်နိုင်တော့ပါ။ အတုအဆင့်၌သာ ရှိနေပါမည်။

လွန်ခဲ့သော နှစ် ၄၀ ကျော်က တီထွင်ထုတ်လုပ်ခဲ့သော ကွန်ပျူတာကိုအခြေခံပြီး တစ်ဆင့်ပြီးတစ်ဆင့် ကောင်းသည်ထက်ကောင်းအောင် Renovate လုပ်ခဲ့ကြ၍ မျက်မှောက်ခေတ်တွင် Lap top,i pot စသည်ဖြင့် အလွယ်တကူသယ်ယူအသုံးပြုနိုင်လာကြပါသည်။ ယနေ့ခေတ်ကာလသည် ကမ္ဘာနှင့်အဝန်း နယ်ပယ်ကဏ္ဍအသီးသီးတွင် Renovation လုပ်နေကြသည့်ခေတ်ကြီးဖြစ်ပါသည်။

သို့သော်လည်း အချို့ အချို့သော နေရာများတွင် အတုအပ ပြုလုပ်ခြင်းအဆင့်ကို ကျော်လွှားနိုင်ခြင်းမရှိပါ။ ဥပမာအားဖြင့် ကိုရီးယားယဉ်ကျေးမှုဓလေ့စရိုက်၊ ကိုရီးယားရုပ်ရှင်ဇာတ်ကား၊ ကိုရီးယားသီချင်းတို့ကို လိုက်လံတုပလုပ်သည်ဆိုပါစို့။ ယင်းတို့ထက်သာလွန်ကောင်းမွန်အောင် တီထွင်ဆန်းသစ်နိုင်ခြင်းမရှိဘဲ လုံးဝထပ်တူ ပုံတူကူးချနေမည်ဆိုပါက မည်သို့မျှ ကိုယ်ပိုင်တိုးတက်မှုကို ရရှိလိမ့်မည်မဟုတ်သည်ကို သတိပြုသင့်ပါသည်။ အမှန်မှာ ယူသင့်တာယူ၊ ပယ်သင့်တာပယ်၊ ဖြတ်သင့်တာဖြတ်၊ ထုတ်သင့်တာထုတ်မှ ကိုယ်ပိုင်တိုးတက်မှုရရှိမည်ဖြစ်ပါသည်။

ဆိုခဲ့သည့်အတိုင်း အတုအပလုပ်ခြင်းသည် လူတိုင်းနှင့်မကင်းနိုင်ကြပါ။ တစ်နည်းအားဖြင့် တုပခြင်းသည် သင်ယူခြင်းတစ်မျိုးလည်းဖြစ်ပါသည်။ တုပခြင်း၏နောက်တွင် တီထွင်ဆန်းသစ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ အကောင်းဆုံးဖန်တီးလုပ်ကိုင်ခြင်းတို့တွဲပါလာဖို့လိုပါသည်။ သို့မှသာ ကိုယ်ပိုင်တိုးတက်မှုများကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ အမြဲတမ်းပုံတူတုပလုပ်ကိုင်နေကြမည်ဆိုပါက အတုအဆင့်ကို ကျော်လွှားနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် မည်သည့်အလုပ်ကိုလုပ်ကိုင်သည်ဖြစ်စေ တုပလုပ်ကိုင်ခြင်းဖြင့် ရပ်တန့်မနေသင့်ပါ။ တုပခြင်းကို အခြေခံပြီး အမြဲ တီထွင်ဆန်းသစ်နေနိုင်ပါမှ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်တိုးတက်မှုများရရှိမည်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# ကျန်ရှိသည့် သံဝေဇနိယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

**နေပြည်တော် ဩဂုတ် ၂၇**

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနိယလေးဌာနအနက်မှ ပွင့်တော်မူရာတစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနိယသုံးဌာနကို နေပြည်တော်သတ္တဌာန အနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၆၊ ဦးဝင်းငွေ (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၀၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း- ၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၀၄၊ စီမံရေးရာဌာနမှူး ဖုန်း- ၀၉-၆၄၀၀၃၉၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

**(မြန်မာ့အလင်း)**

# ပြည်နယ်ဝန်ကြီးချုပ် ဒေသခံများနှင့်တွေ့ဆုံ လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ရှင်းလင်း

**လားရှိုး ဩဂုတ် ၂၇**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ပြည်နယ်ဝန်ကြီးများသည် ဩဂုတ် ၂၄ ရက် မွန်းလွဲ ၁၂ နာရီခွဲက လားရှိုးမြို့ မြို့တော်ခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ဒေသခံတိုင်းရင်း သားပြည်သူများနှင့် တွေ့ဆုံကာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ခုနစ်ရပ်ဖြစ်သည့် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ငွေရေးကြေးရေးကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လားရှိုးခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်က ဒေသဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး တန့်ယန်း၊ မိုင်းရယ်မြို့နယ်တို့မှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များက မိမိတို့ဒေသမြို့ရွာ အခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြရာ ပြည်နယ်ဝန်ကြီးများက လုပ်ငန်းဆောင်ရွက်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(ပြည်နယ်ပြန်/ဆက်)**

# အားကစားအချပ်ပို ကြော်ငြာထည့်နိုင်

အားကစားဝတ်စုံ၊ အားကစားပစ္စည်း၊ ဆုတံဆိပ်၊ ဆေးဝါးစသည့် ကြော်ငြာများကို အပတ်စဉ် သောကြာနေ့တိုင်းထုတ်ဝေသည့် မြန်မာ့အလင်း အားကစားအချပ်ပိုတွင် ထည့်သွင်းခြင်းဖြင့် အောင်မြင်မှုရယူပါ။

## ထင်သာမြင်သာ ပြုပြင်စရာ

# မီးမလင်းသည့် မီးပွိုင့် ပြုပြင်ပေးစေလို

တောင်ငူမြို့ ရန်ကုန်-မန္တလေး ပုံမှန်လမ်းကြီးပေါ်ရှိ လေးပွင့်ဆိုင်လမ်းဆုံဖြစ်သော (7TOP) လမ်းထိပ်မီးပွိုင့်ကို ကေတုမတီ(တောင်ငူ) မြို့တည် နန်းတည် အထိမ်းအမှတ်အဖြစ် ငွေကြေးအမြောက်အမြားအကုန်အကျခံကာ တပ်ဆင်ပေးထားသည်ကို တွေ့ရသည်။

အဆိုပါမီးပွိုင့်သည် အသက်မဝင်မလှုပ်ရှားသည်မှာ ရက်သတ္တပတ် သုံးပတ်ခန့်ကြာမြင့်နေပြီဖြစ်၍ အဆိုပါ လမ်းဆုံတွင် ဖြတ်သန်းမောင်းနှင်နေကြသည့် ယာဉ်ကြီး၊ ယာဉ်ငယ်မျိုးစုံတို့မှာ ယာဉ်အန္တရာယ် ဖြစ်ပွားမည်ကို စိုးရိမ်လျက်ရှိနေကြသည်။ ၄င်းလမ်းများကို တောင်ငူဘူတာရုံကြီး၊ တောင်ငူမြို့ (အထက-၁) ကျောင်း၊ (အထက-၄) ကျောင်း၊ အင်းဝဘဏ်၊ တောင်ငူခရိုင်အားကစားကွင်း၊ တရားရုံး၊ သစ်တောရုံးများသို့သွားလာရာတွင် ၄င်းလမ်းများကို အသုံးပြုကြသည်။

"ကျွန်တော်တို့က ဒီလမ်းမကြီးကို အကြိမ်ပေါင်းများစွာ ဖြတ်သန်းနေတာ၊ နံနက်ဆိုရင် ညောင်ပင်လေးဈေးကို ဈေးသွားဝယ်တယ်၊ ကလေးကျောင်းပို့ကျောင်းကြိုလုပ်တယ်၊ ရုံးသွားတယ်၊ ကျောင်းဆင်းချိန်ဆိုရင် ပိုရှုပ်တယ်၊ ဒီလမ်းကပဲ ဖြတ်နေရာတာ၊ အရင်တုန်းက မီးပွိုင့်ကမီးလင်းတော့ ဖြတ်မောင်းရတာ စိတ်ရှင်းသေးတယ်၊ ခုဆိုရင် လမ်းတစ်ခါဖြတ်ကူးဖို့ မနည်းကြည့်နေရတယ်၊ ကားတွေကလည်း ဟိုင်းဝေးလမ်းဆိုတော့ အရှိန်နဲ့ မောင်းနေကြတာ၊ မီးပွိုင့်ပျက်နေရင်လည်း ယာဉ်ထိန်းရဲတော့ရှိနေသင့်တယ်"ဟု တောင်ငူမြို့နေ ဦးမြမောင်က ပြောပြသည်။

ယာဉ်အန္တရာယ်ကင်းရှင်းရန်အတွက် ပျက်နေသည့်မီးပွိုင့် ပြန်ကောင်းရန် ဒေသခံများမျှော်လင့်လျက်ရှိကြောင်း ထင်သာမြင်သာကဏ္ဍတွင် ဖော်ပြလိုက်ရသည်။

**သူရ(တောင်ငူ)**

ပြည်တွင်းသတင်း

# မြန်မာ့လယ်ယာထွက်ကုန် ဆန်စပါးနှင့် ဟင်းသီးဟင်းရွက် သစ်သီးဝလံများ ဂျပန်ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၇**

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဦးဝင်းမြင့်တို့သည် ယနေ့နံနက် ၈ နာရီတွင် ဂျပန်နိုင်ငံ Mitsui Company မှ Chief Operating Officer, Mr. Kazuo NAKAYAMA နှင့် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ အငြိမ်းစား သံအမတ်ကြီး ဦးစောလှမင်း ဦးဆောင်ပါဝင်သော ဂျပန်စိုက်ပျိုးရေး ပညာရှင်များအဖွဲ့တို့သည် ပျဉ်းမနား မြို့နယ် အလျှင်လိုကျေးရွာ တစ်ဆက် တစ်စပ်တည်း စက်မှုလယ်ယာမြေစနစ် ၄၄၀ ဧက စိုက်ကွင်းအနီး တောင်သူနားနေဆောင်၌ လယ်ယာကဏ္ဍဆိုင်ရာများနှင့် မြန်မာ့လယ်ယာ ထွက်ကုန်များ ဂျပန်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် နှစ်ဖက်အကြို ညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်းနှင့် တောင်သူလယ်သမား အခန်းကဏ္ဍတိုးတက်ရေး တွေ့ဆုံ ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ပြီး ရာသီအလိုက် စိုက်ပျိုးရေးထွက်ကုန် ပစ္စည်းများဖြစ်သော ဆန်စပါးအပါအဝင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို ဂျပန်ဈေးကွက်သို့ တင်ပို့ ရောင်းချနိုင်ခြင်းအားဖြင့် တောင်သူများဝင်ငွေနှင့်လူနေမှုဘဝ တိုးတက်လာမည့် အလားအလာများ အပေါ် Mitsui Company မှ ပညာရှင် Mr. Kazuo NAKAYAMA တို့က တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ ထုတ်လုပ်သည့် မြေဆီလွှာ အာဟာရဓာတ်ပါဝင်မှု ဓာတ်ခွဲသေတ္တာနှင့် ဓာတ်မြေဩဇာ အရည်အသွေး ဓာတ်ခွဲစမ်းသပ် ကိရိယာကို ကြည့်ရှုလေ့လာကြပြီး ထိုမှတစ်ဆင့် ဂျပန်နိုင်ငံမှ ထုတ်လုပ်သော တစ်နေ့ တန် ၇၀ ကျ ဆာတာကေးခေတ်မီဆန်စက် စတင်စမ်းသပ် လည်ပတ်နေမှုနှင့် စက်စက်ယိုဆည်ရေသောက်စနစ် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံစိုက်ခင်းများကို ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးများနှင့် Mitsui Company မှ ပညာရှင်များအဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ ရတနာသိဒ်ဟိုတယ်၌ ကျင်းပပြုလုပ်သော ဂျပန်-မြန်မာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များနှင့် မြန်မာ့ဆန်စပါးအပါအဝင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ ဂျပန်နိုင်ငံဈေးကွက်သို့ စီးပွားဖြစ် နှစ်ဖက်ပူးပေါင်း စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)**

ဂျပန်ပညာရှင်များက မြန်မာ့ဆန်အား ဂျပန်နိုင်ငံဈေးကွက်အပါအဝင် နိုင်ငံခြားဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် တစ်နေ့လျှင် တန် ၅၀၀ ကျ ခေတ်မီဆန်စက်များ၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်တည်ဆောက်မည့် အချက်အလက်များနှင့် မြန်မာ့လယ်ယာထွက်ကုန် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို ဂျပန်နိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် Mitsui Companyမှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

Mitsui Company အနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆန်တန်ချိန် ၅၀၀၀ ကို ဂျပန်ဈေးကွက်သို့ ပထမအကြိမ် တင်ပို့နိုင်ရေး မြန်မာအများပိုင်ဆန်စပါးကုမ္ပဏီ MAPCO နှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေများ၊ လာမည့်နှစ်တွင် ပိုမိုတိုးတက်၍ တင်ပို့နိုင်ရန် စီမံဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ဆန်စပါး၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို ဂျပန်နိုင်ငံ ဈေးကွက်လိုအပ်ချက်အရ ဂျပန်နိုင်ငံ၏ စံချိန်စံညွှန်းကိုက်ညီစွာဖြင့်တင်ပို့ရောင်းချနိုင်ရေး အတွက် နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်သွားကြမည့် အစီအစဉ်များကို ကဏ္ဍအလိုက် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးညှိနှိုင်းကြသည်။

**(သတင်းစဉ်)**

**ရှေ့ဖုံးမှ**

ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။ **ငါးလုပ်ငန်းဦးစီးဌာန**

# မော်တော်ယာဉ်အစားထိုး စီမံချက်အပါအဝင် ပြည်ပမှတင်သွင်းလာသောမော်တော်ယာဉ်များအား အကောက်ခွန်ရှင်းလင်းထုတ်ပေးမှုအခြေအနေ

**ရန်ကုန် ဩဂုတ် ၂၇**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်အစားထိုးစီမံချက် အပါအဝင် ပြည်ပမှဝယ်ယူတင်သွင်းလာသော မော်တော်ယာဉ်များအပေါ် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့သည့် ၂၅-၁၀-၂၀၁၁ ရက်မှ ၂၅-၈-၂၀၁၃ ရက်အထိ ၂၂ လတာ ကာလအတွင်း အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်ခွန်များကို စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်စီးရေမှာ ၂၀၆၄၃၁ စီးဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန် ၃၀၂၂၂၈ ဒသမ ၄၅ ကျပ်သန်း၊ ကုန်သွယ်လုပ်ငန်းခွန် ၃၁၉၃၉၅ ဒသမ ၉၄ ကျပ်သန်း စုစုပေါင်း ၆၂၁၆၂၄ ဒသမ ၃၉ ကျပ်သန်းအား ကောက်ခံရရှိပြီး ဖြစ်သည်။

အဆိုပါ အကောက်ခွန်(CD)နှင့် ကုန်သွယ်လုပ်ငန်းခွန်(CT)များ စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့်ယာဉ်များအနက် ယာဉ်အိုယာဉ်ဟောင်းအစားထိုးလဲလှယ်ရေး စီမံချက်အတွက် ၇၆၁၆၀ စီး၊ ကားအရောင်းပြခန်းများအတွက် ၄၆၇၉၁ စီး၊ သင်္ဘောသားပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၁၈ စီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၇၂၈ စီး၊ ပြင်ပနေအလုပ်လုပ်သူများ ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၄၃ စီး၊ ဟိုတယ်ခရီးဝန်ကြီးဌာန ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၉၉၇ စီး၊ စစ်သံအမှုထမ်းပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာ ဝယ်ယူသူ ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၇၇၅၀၀ စီးတို့ဖြစ်ကြောင်း သိရှိရသည်။ **သိန်းငွေး**

# ဖူရှင်းဘရားသား(စ်) ကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ချိသော စီးကရက်ဘူးပုံစံပေါ်တွင် ရွှေတိဂုံစေတီတော်ပုံ Logo အမှတ်တံဆိပ်ပါရှိမှု သာသနာရေးဝန်ကြီးဌာနက ခေါ်ယူကန့်ကွက်

**ရန်ကုန် ဩဂုတ် ၂၇**

ရန်ကုန်မြို့ တာမွေမြို့နယ် ဦးချစ်မောင်လမ်း ဦးချစ်မောင် အိမ်ရာရှိ ဖူရှင်းဘရားသား(စ်) ကုမ္ပဏီအုပ်စုမှ ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိသော စီးကရက်ဘူးပုံစံဖြင့် ထုပ်ပိုးထားသော လက်ဖက်ခြောက်ဘူးတွင်လည်းကောင်း၊ ပစ္စည်းထည့် လက်ဆွဲအိတ်တွင် လည်းကောင်း၊ စီးကရက်ဘူးပုံစံ လက်ဖက်ခြောက်ဘူးသေး ကိုးဘူးထည့်သည့် စက္ကူဘူးပေါ်တွင်လည်းကောင်း ရွှေတိဂုံစေတီတော် Logo အမှတ်တံဆိပ်ပုံများ ရိုက်နှိပ်ဖြန့်ချိရောင်းချလျက်ရှိသည်ကို စိစစ်တွေ့ရှိရသဖြင့် သာသနာရေးဝန်ကြီးဌာန(ရုံးခွဲ) ရန်ကုန် အစည်းအဝေးခန်းမ၌ ယနေ့ညနေ ၃ နာရီတွင် သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော တာဝန်ရှိသူများက ဖူရှင်းဘရားသား(စ်) ကုမ္ပဏီအုပ်စုမှ တာဝန်ရှိသူများအား ခေါ်ယူတွေ့ဆုံခဲ့ကြောင်း သိရှိရသည်။

ထိုသို့တွေ့ဆုံစဉ် သာသနာရေးဝန်ကြီးဌာနကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်းက ပြောကြားရာတွင် ဖူရှင်းဘရားသား(စ်) ကုမ္ပဏီအုပ်စုမှ လက်ဆောင်ပေးရန် ထုတ်လုပ်သော စီးကရက်ဘူးပုံစံ လက်ဖက်ခြောက်ဘူး၊ ပစ္စည်းထည့် လက်ဆွဲအိတ်နှင့် စီးကရက်ဘူးပုံစံ လက်ဖက်ခြောက်ဘူးများထည့်သော စက္ကူဘူးပေါ်တို့တွင် ရွှေတိဂုံစေတီတော်ပုံ Logo အမှတ်တံဆိပ်အား ရိုက်နှိပ်ထားသည်ကို စိစစ်တွေ့ရှိရကြောင်း၊ ပစ္စည်းဘူးခွံများပေါ်တွင် ကမ္ဘာလုံး စီးကရက်စက်ရုံစာသားနှင့် တွဲဖက်၍ ထေရဝါဒဗုဒ္ဓဘာသာဝင်များ၏ အထွတ်အမြတ်ထားရာလေးဆူဓာတ်ပုံရွှေတိဂုံပုံတော်အား ရောင်းကုန်အမှတ်တံဆိပ်အဖြစ် အသုံးပြုခြင်းကြောင့် ရဟန်းသံဃာတော်များနှင့် ထေရဝါဒ ဗုဒ္ဓဘာသာဝင်များ စိတ်နှလုံးမချမ်းမြေ့ဖြစ်ရကြောင်း၊ လက်ဆောင်ပေးသည့် ပစ္စည်းပေါ်တွင် ရွှေတိဂုံစေတီတော် အမှတ်တံဆိပ်ရိုက်နှိပ်ခြင်းအား သာသနာရေးဝန်ကြီးဌာန အနေဖြင့် ကန့်ကွက်ကြောင်းနှင့် အခြားအမှတ်တံဆိပ်ဖြင့် အစားထိုးပြောင်းလဲအသုံးပြုခြင်း၊ ဈေးကွက်အတွင်းရောင်းချပြီးသော ပစ္စည်းများအား အမြန်ဆုံးပြန်လည်သိမ်းဆည်းခြင်းတို့ကို(အမြန်ဆုံး) ဆောင်ရွက်ရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ အမှုဖွင့်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ကျန် ၃၄ ခုနှင့် လက်ဆောင်ပေးပြီးသော ပစ္စည်းတို့ကို တာမွေမြို့နယ် ရဲတပ်ဖွဲ့မှလက်ခံပုံစံဖြင့် သိမ်းဆည်းသွားရန်နှင့် နောင်တွင် ဘုရားစေတီပုံတော်များဖြင့် Logo မပြုလုပ်ရန် တားမြစ်အသိပေးပြောကြားခဲ့သည်။

ဖူရှင်းဘရားသား(စ်) ကုမ္ပဏီအုပ်စု၏ ဥပဒေအကြံပေး ဦးဇင်ဦးက ရှင်းလင်းတင်ပြရာတွင် ဖူရှင်းဘရားသား(စ်)ကုမ္ပဏီအုပ်စု၏ ပိုင်ရှင်သည် နိုင်ငံခြားဧည့်သည်များ၊ ပြည်တွင်း မိတ်ဆွေများကို လက်ဖက်ခြောက်များ လက်ဆောင်ပေးရန် လွန်ခဲ့သော ငါးလပိုင်းခန့်က မှာယူခဲ့ရာ မိမိတို့ကုမ္ပဏီအမည်၊ လိပ်စာကိုသာ ပေးပို့ခဲ့ပြီး စေတီတော်ပုံထည့်သွင်း ရိုက်နှိပ်ထားသည်ကို ရောက်ရှိလာမှသာ သိရှိရပါကြောင်း၊ တစ်ဘူးလျှင် ၈၀၀၀၀ ကျပ်နှုန်းဖြင့် ဘူးသေးကိုးဘူး ပါဝင်သော စုစုပေါင်း လက်ဖက်ခြောက်ဘူးကြီး ၅၀ ဘူး မှာယူခဲ့ရာ ၈ လပိုင်းတွင် ရောက်ရှိလာပါကြောင်း၊ လက်ဆောင်အဖြစ် ၁၆ ဘူးပေးအပ်ခဲ့ပြီး ကုမ္ပဏီတွင် ၃၄ဘူးကျန်ရှိပါကြောင်း၊ ၎င်းတို့ ကုမ္ပဏီသည်ပို့ကုန်အနေဖြင့် ရော်ဘာလုပ်ငန်း လုပ်ကိုင်ပါကြောင်း၊ သွင်းကုန်အနေဖြင့် ဆောက်လုပ်ရေးသုံးသံချောင်းများ၊ နို့မှုန့်နှင့်နို့ထွက် ပစ္စည်းများ၊ စားသောက်ကုန်များတွင် အသုံးပြုသည့် ဓာတုပစ္စည်းများ တင်သွင်းပါကြောင်း၊ ယခုဖြစ်စဉ်တွင် လက်ဖက်ခြောက်များကို လက်ဆောင်ပေးရန် အတွက်သာ မှာယူခြင်းဖြစ်ပြီး ဈေးကွက်သို့ ရောင်းချရန်မဟုတ်ပါကြောင်း၊ မိမိတို့သည်လည်း ဗုဒ္ဓဘာသာဝင်များဖြစ်သဖြင့် သာသနာတော် ညှိုးနွမ်းစေရန် ရည်ရွယ်၍ လုပ်ဆောင်ခြင်း မဟုတ်ပါကြောင်း၊ နောင်တွင်လည်း အလားတူဖြစ်စဉ်မျိုး မဖြစ်ပေါ်စေရန် ဝန်ခံကတိပြုပြောကြားခဲ့ပါကြောင်း သာသနာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

## ဝေဟင်ပစ်ရဟတ်ယာဉ် တရုတ်ထုတ်ဖော်ပြသ

**ပေကျင်း ဩဂုတ် ၂၇**

တရုတ်နိုင်ငံ၏ ပထမဆုံး ကိုယ်တိုင်လုပ် စစ်တပ်သုံး တိုက်ခိုက်ရေး ရဟတ်ယာဉ် WZ-10 ကို ပြသခဲ့ရာ ပထမဆုံး ဝေဟင်ပစ် ဒုံးကျည်ပစ်ခတ်မှု စတင်ခဲ့ကြောင်း၊ မြေပြင်အထက် အနိမ့်ပိုင်းပစ်မှတ်များ အောင်မြင်စွာ ပစ်ခတ်နိုင်ကြောင်း ဩဂုတ် ၂၆ ရက်က ဆင်ဟွာ သတင်းတွင် ဖော်ပြထားသည်။ တိုက်ခိုက်ရေးအသင့်ရှိ ရဟတ်ယာဉ်ဟု အမိပ္ပာယ်ရ WZ-10 ရဟတ်ယာဉ်ကို ပြီးခဲ့သည့် ရက်သတ္တပတ်က တရုတ် တောင်ပိုင်းကွမ်တုံပြည်နယ် အရှေ့ဘက် ကမ်းရိုးတန်း၌ ပြည်သူ့လွတ်မြောက်ရေးတပ် စစ်သုံး ရဟတ်ယာဉ်များ ထုတ်လုပ်ရေးတပ်၏ စစ်ရေးပြချိန်တွင် စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။ ယင်းကဲ့သို့ စစ်ရေးပြ လေ့ကျင့်ခြင်းသည် ထိုးစစ်ဆင် တိုက်ခိုက်မှု နည်းလမ်းများအား လေ့လာနိုင်ရန်အကြီးဆုံးသော စံပြလှုပ်ရှား စစ်ရေး လေ့ကျင့်မှု တစ်ခုပင်ဖြစ်သည်။ ယင်းစစ်ရေးပြ လေ့ကျင့်ခြင်းတွင် ဆောင်ရွက်မှု ခြောက်ခုပါရှိပြီး ရန်သူကို ကာပစ်ပေးခြင်း၊ အနီးကပ်ပစ်ကူခြင်း၊ အထူးတိုက်ခိုက်ခြင်း၊ ဘေးဘက် တောင်ပံများသုံး တိုက်ခိုက်ခြင်း၊ အလစ်ဝင် ကြားဖြတ်တိုက်ခိုက်ခြင်းနှင့် ဖားခုန်ခုန် ရွေ့လျားတိုက်ခိုက်ခြင်းတို့ ဖြစ်သည်။ WZ-10 ရဟတ်ယာဉ်သည် ဆီကန်များကို ပစ်မှတ်ထား တိုက်ခိုက်ရန် ဦးစားပေးဒီဇိုင်းဆွဲထားပြီး ၎င်းကို ၂၀၁၂ ခုနှစ်က ကွမ်တုံပြည်နယ်၌ ပြုလုပ်ခဲ့သော ကိုးကြိမ်မြောက် တရုတ်နိုင်ငံတကာသုံး ရဟတ်ယာဉ် ထုတ်လုပ်မှုနှင့် ယာဉ်တည်ဆောက်မှု နည်းပညာပြပွဲ၌ ပထမအကြိမ် ပြည်သူများနှင့်မိတ်ဆက်ပေးခဲ့ပြီးဖြစ်သည်။ **(ဆင်ဟွာ)**

## အမေရိကန်က အင်ဒိုနီးရှားနိုင်ငံအား ပထမဆုံးအကြိမ်အဖြစ် ဒေါ်လာသန်း ၅၀၀ ဖိုးရှိ တိုက်ခိုက်ရေးရဟတ်ယာဉ်များရောင်း

**ဝါရှင်တန် ဩဂုတ် ၂၇**

အမေရိကန်က အင်ဒိုနီးရှားနိုင်ငံသို့ AH-64E Apache တိုက်ခိုက်ရေးရဟတ်ယာဉ်များ **(အပေါ်ပုံ)** ပထမဆုံး အကြိမ်ရောင်းချရန် သဘောတူလိုက်ပြီဖြစ်ကြောင်း အမေရိကန် တာဝန်ရှိသူများက ပြောသည်။

ယင်းသဘောတူစာချုပ်သည် အမေရိကန်ဒေါ်လာ သန်း ၅၀၀တန်ဖိုးရှိပြီး ရေဒါ၊ သင်တန်းပေးခြင်းနှင့် ထိန်းသိမ်းခြင်းတို့ပါဝင်သည်။ အင်ဒိုနီးရှားနိုင်ငံက ဘိုးအင်းကုမ္ပဏီထုတ် Apache ရဟတ်ယာဉ်ရှစ်စင်း ဝယ်ယူမည်ဖြစ်သည်။ အမေရိကန်ကာကွယ်ရေးဝန်ကြီး ချပ်က်ဟာဂယ်လ် အရှေ့တောင်အာရှ အလည်အပတ်ခရီးစဉ်အဖြစ် ဂျကာတာသို့ ရောက်ရှိစဉ်အတွင်း ၎င်းစာချုပ်ကို ကြေညာလိုက်ခြင်းဖြစ်သည်။

ကမ္ဘာ့အဆင့်မြင့်တိုက်ခိုက်ရေး ရဟတ်ယာဉ်များ အင်ဒိုနီးရှားကို ထောက်ပံ့ပေးခြင်းဖြင့် အင်ဒိုနီးရှား စစ်စွမ်းရည်ကို မြှင့်တင်ပေးရာ ရောက်ကြောင်း ၎င်းကပြောကြားသည်။ ထို့အပြင် ပင်လယ်ဓားပြ နှိမ်နင်းရေးနှင့်အကြမ်းဖက်ဝါဒီရေပိုင်နက် သတိပေးမှုများ ပြုလုပ်ရာတွင် အထောက်အကူဖြစ်စေလိမ့်မည်ဖြစ်ကြောင်းလည်း ၎င်းကပြောကြားသည်။

အမေရိကန်က မကြာသေးမီက အရှေ့တောင်အာရှတွင် သံတမန် ဆက်ဆံမှုအရှိန်မြှင့်ရန်ကြိုးစားလာသည်။ အကြောင်းမှာ တရုတ်၏ အင်အားကြီးထွားလာမှုကို ရင်ဆိုင်ရန်ဖြစ်သည်။ **(ဘီဘီစီ)**

## သံလမ်းသုံးသံမှိုများ အခိုးခံရခြင်းကြောင့် မက္ကဆီကို ကုန်တွဲရထား မှောက်ခဲ့ရဟုဆို

**မက္ကဆီကိုစီးတီး ဩဂုတ် ၂၇**

မက္ကဆီကိုနိုင်ငံ တောင်ပိုင်း တာဘက်စကိုပြည်နယ် တာဝန်ရှိသူများက လူအနည်းဆုံးခြောက်ဦးသေဆုံးခဲ့ရသည့် ယမန်နေ့က ရထားလမ်းချော်မှုမှာ ရထားလမ်းအတွင်း ရထားလမ်းသံလမ်းသုံးသံမှိုများ ပျောက်ဆုံးနေခြင်းကြောင့်ဖြစ်ကြောင်း အပြစ်ဖို့ပြောကြားလိုက်သည်။

သူခိုးများက ရထားလမ်းအတွင်းမှ သံလမ်းသုံးသံမှိုများ ခိုးယူသွားခြင်းကြောင့်ဖြစ်ကြောင်း တာဘက်စကိုပြည်နယ် ပြည်သူ့လုံခြုံရေးဝန်ကြီး အော်ဒိုမာရိုမာတီနက်ဇ် ဇာပတားက ပြောကြားသည်။ ဩဂုတ် ၂၅ ရက်ကဖြစ်ပွားသော အဆိုပါကုန်တွဲရထားလမ်းချော်မှုတွင် ရထားတွဲ ၁၂ တွဲရှိရာ ရှစ်တွဲ လမ်းချော်တိမ်းမှောက်ခဲ့သည်။ ဟွိုင်မန်ဂွီလိုမြို့အနီး ဖြစ်ပွားခဲ့သော ယင်းမတော်တဆမှုကြောင့် လူပေါင်း ၂၂ ဦးဒဏ်ရာရခဲ့သည်။ **(ဘီဘီစီ)**

## လူ ၂၅ သန်းသေဆုံးခဲ့ဖူးသည့်ပလိပ်ရောဂါ ကာဂျစ္စတန်၌ နှစ် ၃၀ အကြာ ပထမဆုံးဖြစ်ပွား

**ကာဂျစ္စတန် ဩဂုတ် ၂၇**

ကာဂျစ္စတန်နိုင်ငံ၌ အသက် ၁၅ နှစ်အရွယ်သိုးကျောင်းသားလေး တစ်ဦးသည် ရှေးပလိပ်ရောဂါဖြင့် သေဆုံးသွားကြောင်း၊ ယင်းမှာ ကာဂျစ္စတန်နိုင်ငံ၌ နှစ်ပေါင်း ၃၀ အတွင်း ပထမဆုံးဖြစ်ပွားခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အဆိုပါဆယ်ကျော်သက်ကလေးသည် ကူးစက်တတ်သော သန်းအကိုက်ခံခဲ့ရပုံပေါ်သည်ဟုဆိုသည်။ အာဏာပိုင်များက ရောဂါပျံ့နှံ့လာမည်ကို စိုးရိမ်နေကြပြီး ၎င်းနှင့်နီးစပ်သည့် လူပေါင်း ၁၀၀ ကျော်ကို ရောဂါထိန်းချုပ်နိုင်ရန် ခွဲခြားထားပြီး စောင့်ကြည့်လျက်ရှိသည်။

ယင်းပလိပ်ရောဂါကြောင့် အလယ်ခေတ်က ဥရောပတစ်ဝန်း လူပေါင်း ၂၅ သန်းခန့်သေဆုံးခဲ့သည်ဟုဆိုသည်။ ယခုအခါ ယင်းပလိပ်ရောဂါသည် အလွန်ရှားပါးနေပြီဖြစ်သည်။ တေယာမီယာအစ်ဆာကူနော့ အမည်ရှိ အဆိုပါဆယ်ကျော်သက်သည် ကာဇက်စတန်နယ်စပ် ကာဂျစ္စတန်နိုင်ငံ အရှေ့မြောက်ပိုင်းတောင်ပေါ် ရွာတစ်ရွာမှဖြစ်သည်။ ၎င်းလူငယ်သည် ပလိပ်ရောဂါဖြစ်စေသည့် သန်း အကိုက်ခံရခြင်းဖြစ်နိုင်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနတာဝန်ရှိသူ တိုလိုအစ်ဆာကော့က ပြောသည်။ အဆိုပါဒေသသို့ သေစေနိုင်သောဗက်တီးရီးယားများကို သယ်ဆောင်နိုင်သည့် ကိုက်ဖြတ်စားသောက်သတ္တဝါများ ရှင်းထုတ်ရန်အဖွဲ့များ စေလွှတ်ခဲ့ကြောင်း ၎င်းကပြောသည်။

ယင်းဆယ်ကျော်သက်သည် လွန်ခဲ့သော သီတင်းပတ်က သေဆုံးခဲ့သည်။ သို့သော်လည်း ဆရာဝန်များက ယခုမှသာလျှင် ယင်းရောဂါဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်။ အစ်ဆက်ကူးလ်ဒေသ၌ လူပေါင်း ၂၀၀၀ ကျော်ကို ပလိပ်ရောဂါရှိမရှိ စမ်းသပ်ခဲ့သည်။ ယင်းပလိပ်ရောဂါသည် ၂၀၁၀ ခုနှစ်က ပီရူးနိုင်ငံတွင် ဖြစ်ပွားခဲ့ပြီး လူ ၁၂ ဦး ရောဂါကူးစက်ခံရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။ **(ဘီဘီစီ)**

## ကုလစစ်ဆေးရေးအဖွဲ့အား ချောင်းမြောင်းပစ်ခတ်

**ဒမတ်စကတ် ဩဂုတ် ၂၇**

ဒမတ်စကတ်မြို့အနီး၌ ကုလသမဂ္ဂ လက်နက်စုံ စမ်းရေးအဖွဲ့အား ဩဂုတ် ၂၆ ရက်က အမည်မသိအုပ်စုတစ်စုက စနိုက်ပါဖြင့် ချောင်းမြောင်းပစ်ခတ်ခဲ့ကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ရုပ်သံအစီအစဉ် တစ်ခု၌ ပြောကြားခဲ့သည်။ ၎င်းပြောရေးဆိုခွင့်ရှိသူအဆိုအရ ကုလသမဂ္ဂ အဖွဲ့ဝင်များအား ရည်ရွယ်ကာ တမင်သက်သက်ပစ်ခတ်ခဲ့သဖြင့် ကားတစ်စီး ပျက်စီးခဲ့ရကြောင်း၏ အဖွဲ့ဝင်များ အခြေအနေကိုမူ အသေးစိတ်ပြောပြခြင်း မရှိကြောင်း သတင်းတွင် ဖော်ပြသည်။ ဆီးရီးယားရောက် ကုလသမဂ္ဂစစ်ဆေးရေး အရာရှိများသည် ဒမတ်စကတ်မြို့တော်အနီး စွပ်စွဲထားသော ဓာတုလက်နက်သုံး တိုက်ခိုက်မှု ဟုတ် မဟုတ် စစ်ဆေးမှုကို ဩဂုတ် ၂၆ ရက်က စတင်ခဲ့ကြခြင်းဖြစ်သည်။ ဩဂုတ် ၂၁ ရက်က ဖြစ်ပွားခဲ့သော ဆီးရီးယားတပ်၏ ဓာတုလက်နက်သုံးတိုက်ခိုက်မှုကြောင့် လူဦးရေ ၁၃၀၀ ခန့် သေဆုံးခဲ့ရကြောင်း စွပ်စွဲပြောဆိုနေမှုကို ဆီးရီးယားအစိုးရဘက်က ပြင်းပြင်းထန်ထန် ငြင်းဆိုထားကြောင်း သိရသည်။ **(ရိုက်တာ)**

# နောင်တရသွားတဲ့ မိုက်တိုင်စန်

မောင်နွေသစ်

မိုက်တိုင်စန်လို့ပြောလိုက်တာနဲ့ ကမ္ဘာကျော်ဟဲဗီးဝိတ်လက်ဝှေ့သမားဆိုတာ ကလေး၊ လူကြီးအားလုံး သိကြပါတယ်။ လက်ဝှေ့လူဆိုးကြီးလို့လည်း သူ့ကိုခေါ်ကြပါတယ်။ ဘာဖြစ်လို့ လက်ဝှေ့လူဆိုးကြီးလို့ ပြောကြတာလဲဆိုတော့ မူးယစ်ဆေးဝါးသုံးစွဲတယ်၊ အရက်ကို အလွန်အကျွံသောက်တယ်၊ မုဒိမ်းမှုတွေလည်း ဖြစ်ခဲ့သေးတယ်။ ဒါကြောင့် သူ့ကိုလက်ဝှေ့လောကသားတွေက လက်ဝှေ့လူဆိုးကြီးလို့ ဆိုကြတာပေါ့။ သူကလက်ဝှေ့ထိုးရာမှာ နိုင်ရင်နိုင် မနိုင်ရင် နားရွက်ကိုက်တတ်တဲ့လူ။ တကယ့်လူဆိုး။

အခုသူဘာဖြစ်နေပြီလို့ထင်သလဲ။ ကမ္ဘာမှာပြိုင်စံရှားတဲ့ ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံဟောင်း မိုက်တိုင်စန်က မူးယစ်ဆေးဝါးနဲ့ အရက်ရဲ့ဒဏ်တွေကြောင့် သူသေဖို့နီးလာပြီတဲ့။ သူဆိုးခဲ့သမျှ၊ မိုက်ခဲ့သမျှတွေကို လိပ်ခံနေရပြီတဲ့။ အရက်ဆိုတာ မကောင်းမှန်းသိလိုက်ရတဲ့အချိန်မှာ သူနောက်ကျသွားပြီတဲ့။ သူမကောင်းတာတွေကို ဆက်တိုက်လုပ်ခဲ့မိတဲ့အကြောင်း သူက ဝန်ခံပြောကြားလိုက်ပါတယ်။ အသက် ၄၇ နှစ်အရွယ်ရှိပြီဖြစ်တဲ့ မိုက်တိုင်စန်က နောက်ဆုံးမှာ မကောင်းတဲ့အလုပ်တွေကို ကင်းကင်းရှင်းရှင်းဖြစ်သွားဖို့ မျှော်လင့်တယ်လို့လည်း သူကဆိုပါတယ်။ "ကျွန်တော်တစ်သက်လုံး အရက်ပြတ်တဲ့သူတစ်ယောက်အဖြစ်နေသွားချင်တယ်။ ကျွန်တော်မသေချင်သေးပါဘူး။ ဒါပေမယ့် ကျွန်တော်သေလုမြောပါးဖြစ်နေပါပြီ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ကကြောက်စရာကောင်းလောက်အောင် သောက်တဲ့အရက်သမား"လို့ သူက ESPN ရဲ့ Friday Night Fights ကို ပြောကြားလိုက်ပါတယ်။

"ကျွန်တော်ဟာ တစ်ခါတလေမှာ အတော်ဆိုးတဲ့လူဆိုးတစ်ယောက်ပါ။ မကောင်းတဲ့အရာတွေ အများကြီးလုပ်ခဲ့မိပါတယ်။ ဒါပေမယ့် ကျွန်တော့်ကို ခွင့်လွှတ်ပေးကြစေချင်ပါတယ်"လို့လည်း သူက ပြောပါတယ်။

မိုက်တိုင်စန်ဟာ ၁၉၈၇ ခုနှစ် အသက် ၂၀ အရွယ်တုန်းကဆိုရင် WBC, WBA, IBF ဟဲဗီးဝိတ်ချန်ပီယံ ခါးပတ်တွေကို ရယူနိုင်ခဲ့တဲ့ အသက်အငယ်ဆုံးလက်ဝှေ့သမား ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ငါးနှစ်အကြာမှာတော့ အမေရိကန်နိုင်ငံ ဘရွတ်ကလင်းမြို့သား မိုက်တိုင်စန်ဟာ မုဒိမ်းမှုနဲ့ထောင်ခြောက်နှစ်ကျခဲ့ပါတယ်။ ထောင်ကထွက်တာနဲ့ သူလက်ဝှေ့ကြိုးဝိုင်းထဲ ရောက်လာပါသေးတယ်။ ဒါပေမယ့် ၂၀၀၆ ခုနှစ်မှာ လက်ဝှေ့အားကစားလောကမှ အနားယူခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်မှာတော့ မူးယစ်ဆေးဝါးလက်ဝယ်ပိုင်ဆိုင်မှု၊ မူးယစ်ရမ်းကား ယာဉ်မောင်းမှုတို့နဲ့ ရက်ပိုင်းအကြာအချုပ်ခံခဲ့ရပါသေးတယ်။

"သူတို့အနေနဲ့ ကျွန်တော့်ကို ခွင့်လွှတ်ကြစေလိုပါတယ်ဗျာ။ ကျွန်တော့်ဘဝကို ပြောင်းလဲပစ်ချင်ပါပြီ။ ကျွန်တော့်လက်ရှိဘဝနဲ့ မတူတဲ့ဘဝနဲ့ နေထိုင်သွားချင်ပါတယ်။ ကျွန်တော်အရက်နဲ့ မူးယစ်ဆေးဝါးမသုံးစွဲတာ ခြောက်ရက် ရှိသွားပါပြီ။ ဒါဟာကျွန်တော့်အတွက်တော့ အံ့ဖွယ်ပါပဲ။ ကျွန်တော်ဟာ အရက်ပြတ်တဲ့လူတစ်ယောက်လို့ လိမ်ပြောနေတယ်လို့ လူတိုင်းကထင်ကြမှာပါပဲ။ တကယ်ပါ။ ကျွန်တော်လုံးဝအရက်ပြန်မသောက်တော့ပါဘူး။ ခြောက်ရက်မြောက်ရှိသွားပါပြီ။ ဘယ်တော့မှ အရက်နဲ့မူးယစ်ဆေးဝါးကို သုံးစွဲတော့မှာမဟုတ်ပါဘူး" လို့ သူကပြောပါတယ်။

## ကမ္ဘာ့ဝင်ငွေအကောင်းဆုံး အဆိုတော် မက်ဒေါနား

ကမ္ဘာကျော် ပေါ့ပ်အဆိုတော်ကြီး မက်ဒေါနားသည် အိုဖရာဝင်းဖရေးနှင့် စတီဗင်စပီးလ်ဘတ်တို့ကဲ့သို့ ပြီးခဲ့သည့်နှစ်က ကမ္ဘာ့ဝင်ငွေ အကောင်းဆုံး အဆိုတော်ဖြစ်ခဲ့သည်။

အသက် ၅၅ နှစ်ရှိပြီဖြစ်သော အဆိုတော် မက်ဒေါနားသည် သူမ၏ MDNA လှည့်လည်ဖြေဖျော်ပွဲ၊ အဝတ်အစားနှင့် ရေမွှေးများရောင်းချခြင်းအပါအဝင် ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၂၅ သန်း(ပေါင်သန်း ၈၀) ဝင်ငွေရရှိခဲ့ကြောင်း ဖောဘတ်မဂ္ဂဇင်းက ဖော်ပြခဲ့သည်။

ဝင်ငွေအကောင်းဆုံး မက်ဒေါနားသည် ၁၉၉၉ ခုနှစ်တွင် ဝင်ငွေအကောင်းဆုံး အဆိုတော်များလမ်းကြောင်းပေါ် ရောက်ရှိလာကတည်းက တစ်နှစ်တာအတွင်း ဝင်ငွေအကောင်းဆုံး အဆိုတော် ဖြစ်လာခဲ့သည်။

ဒါရိုက်တာ စတီဗင်စပီးလ်ဘတ်သည် ဒေါ်လာသန်း ၁၀၀ ဖြင့် ဒုတိယမြောက် ဝင်ငွေအကောင်းဆုံး ဖြစ်ခဲ့သည်။ ၎င်းသည် ET နှင့် Jurassic Park ကဲ့သို့သော ရုပ်ရှင်ကားများစံချိန်တင်ဝင်ငွေရရှိခဲ့သဖြင့် ဝင်ငွေအကောင်းဆုံးဒါရိုက်တာဖြစ်ခဲ့သည်။

တတိယဝင်ငွေအကောင်းဆုံးမှာ သုံးဦးရှိသည်။ ၎င်းတို့မှာ 50 Shades of Grey စာအုပ် စာရေးဆရာ EL James၊ စီမွန်ကိုဝဲလ်နှင့်ဂျေ့ဟောဝပ်စတင်းတို့ဖြစ်ကြပြီး ၎င်းတို့သည် ဒေါ်လာ ၉၅ သန်း(ပေါင် ၆၁ သန်း) စီ ဝင်ငွေရရှိခဲ့ကြသည်။ သို့ရာတွင် နာမည်ကြီး ပေါ့ပ်အဆိုတော်လေဒီဂါဂါသည် ဒေါ်လာ သန်း ၈၀ ဖြင့် နံပါတ် ၁၀ သာချိတ်နိုင်ခဲ့သည်။

နေခြည်-ရေးသားသည်



'ကံကောင်း'
အိမ်၊ ခြံ၊ မြေ အကျိုးဆောင်
သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ(၃)၊ (၂)၊ (၁)
အောင်ချမ်းသာတိုးချဲ့၊ V.I.P အကွက်များ၊ လုံးချင်းတိုက်များ
သန်လျင်၊ ကျောက်တန်းမြေကွက်များရောင်းဝယ်ရန်ရှိသည်။
(သန်လျင်၊ ကျောက်တန်း၊ သီလဝါသီးသန့်)
ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉၊ ၀၉-၄၂၀၁၈၅၅၇၇
၀၉-၄၄၀၀၀၅၀၁၈၊ ၀၉-၇၃၂၂၇၅၅၆

နိုင်ငံတကာသတင်း

## ဆီးရီးယားအကျပ်အတည်း ရုရှားနှင့်ဆွေးနွေးရန် အမေရိကန်ပယ်ဖျက်

ဆီးရီးယားအကျပ်အတည်း ရုရှားတာဝန်ရှိသူများနှင့် ဆွေးနွေးရန်ကြိုတင်အစည်းအဝေးကို အမေရိကန်က ဖျက်သိမ်းလိုက်ပြီဖြစ်သည်။ ဆီးရီးယားဆိုင်ရာ အမေရိကန်သံအမတ်ကြီး ရောဘတ်ဖို့ဒ်နှင့် ရုရှားတာဝန်ရှိသူများ ဆီးရီးယားကိစ္စဆွေးနွေးရန် စီစဉ်ထားခြင်းကို ပယ်ဖျက်လိုက်ခြင်းဖြစ်သည်။

အမေရိကန်နှင့် ရုရှားတာဝန်ရှိသူများသည် ဆီးရီးယားအကျပ်အတည်းနှင့် ပတ်သက်၍ နိုင်ငံရေးအရ အဖြေရှာရန် နိုင်ငံတကာဆွေးနွေးပွဲတစ်ရပ်ကျင်းပသွားရေး စီစဉ်ထားခဲ့သည်။ သို့သော်လည်း ဆီးရီးယားအစိုးရက ဓာတုလက်နက်သုံးတိုက်ခိုက်လာမှုကြောင့် ဆွေးနွေးပွဲကို ဖျက်သိမ်းရခြင်းဖြစ်ကြောင်း အမေရိကန်က ပြောကြားသည်။

## အမေရိကန်က ဆီးရီးယားကို တိုက်လျှင် အစ္စရေးသည် ပထမဆုံး ပစ်မှတ်ဖြစ်လာနိုင်

အမေရိကန်က ဆီးရီးယားကိုတိုက်လျှင် အစ္စရေးသည်ပထမဆုံးပစ်မှတ်ဖြစ်လာနိုင်ကြောင်း၊ အီရန်မက်ဂျလစ်ထိပ်တန်းအဖွဲ့ဝင်တစ်ဦးက ပြောကြားလိုက်သည်။ အမေရိကန်က ဆီးရီးယားကို တိုက်ခိုက်လျှင် ဆီးရီးယားအစိုးရက အမေရိကန်၏ မဟာမိတ် အစ္စရေးကို ပစ်မှတ်ထားတိုက်ခိုက်လာနိုင်ကြောင်း အီရန်မက်ဂျလစ်ညွှန်ကြားရေးမှူးချုပ် ဟော့စိန်ရှိတ်ဟိုးဆလမ်းက ဩဂုတ် ၂၆ ရက်တွင် အလေးအနက်ပြောကြားလိုက်သည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီး ချွတ်ဟာချဲကလည်း သမ္မတ အိုဘားမားခွင့်ပြုလျှင် ဆီးရီးယားကို တိုက်ခိုက်ရန် အသင့်ရှိကြောင်း ပြောကြားလိုက်သည်။ ဆီးရီးယားအစိုးရက ၎င်း၏ အတိုက်အခံများကို ဓာတုလက်နက်သုံးတိုက်ခိုက်ခဲ့ပြီးနောက် လူပေါင်း ၁၃၀၀ ခန့် သေဆုံးခဲ့ရသည်။

## ဓားကိုင် တိုက်ခိုက်မှု လေးဦးသေဆုံး

တရုတ်နိုင်ငံ ချန်ဒူးမြို့၌ လူတစ်ဦးက ဓားကိုင်တိုက်ခိုက်ခဲ့ရာ လေးဦးသေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ယင်းတိုက်ခိုက်မှုသည် ဩဂုတ် ၂၅ ရက် ညပိုင်းက ဘတ်စ်ကား တစ်စီးပေါ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယာဉ်မောင်းက ဘတ်စ်ကားကိုရပ်ပြီး တံခါးများဖွင့်ပေးခဲ့သော်လည်း အဆိုပါ ဓားကိုင် လူသတ်သမားက ကားပေါ်မှ ဆင်းသွားသော ခရီးသွားသည့်သည်များကို ဓားနှင့်လိုက်ထိုးသတ်ခဲ့ကြောင်း၊ အများအပြားဓားဒဏ်ရာများ ရရှိသွားကြောင်း၊ ဒဏ်ရာရသူများတွင် အသက် ၁၀ နှစ် ကလေးတစ်ဦးပါဝင်ပြီး သေမည်၊ ရှင်မည်ကို မသိရသေးကြောင်း ရဲအဖွဲ့က ပြောကြားသည်။ ဓားကိုင်တိုက်ခိုက်သူမှာ အသက် ၄၁ နှစ်အရွယ်ရှိ လီမျိုးနွယ်မှဖြစ်ပြီး ချန်ဒူးမြို့အနီး၌ နေထိုင်သူ ဖြစ်သည်။

## အီတလီတပ်ဖွဲ့ဝင်များ အာဖဂန်၌ ဆက်လက်ထားရှိမည်

အာဖဂန်နစ္စတန်နိုင်ငံမှ ၂၀၁၄ ခုနှစ်တွင် ပြည်ပတပ်များ ထွက်ခွာသွားချိန် အီတလီနိုင်ငံက ၎င်း၏တပ်ဖွဲ့ဝင်များ ဆက်လက်ထားရှိလိုကြောင်း အီတလီဝန်ကြီးချုပ် အင်ရီကိုလက်တာကပြောကြားလိုက်သည်။ အီတလီတပ်ဖွဲ့ဝင်များကို ၂၀၁၄ ခုနှစ်အလွန်တွင် အာဖဂန်၌ အပြန်အလှန်မူဘောင်အတွင်းက ဆက်လက်ထားရှိသွားရန် ကဘူးလ်မြို့၌ ဩဂုတ် ၂၅ ရက်က အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းနှင့်တွေ့ဆုံစဉ် ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ အီတလီဝန်ကြီးချုပ်က ပြောကြားလိုက်ခြင်းဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးမစ်ရှင်သည် ၂၀၁၄ ခုနှစ်တွင် ပြီးဆုံးမည်ဖြစ်သော်လည်း အီတလီတပ်ဖွဲ့ဝင်များအနေဖြင့် လေ့ကျင့်ပေးရေးနှင့် အာဖဂန်လုံခြုံရေးတပ်များကို ကူညီပေးရန်လိုအပ်ကြောင်း လက်တာက ပြောကြားသည်။ ၂၀၁၄ ခုနှစ်အလွန် အီတလီတပ်များ အာဖဂန်၌ ဆက်လက်ထားရှိခြင်းကို အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းကလည်း ကြိုဆိုလိုက်သည်။ အာဖဂန်တွင် အီတလီတပ်ဖွဲ့ဝင် ၄၀၀၀ ခန့် ဟေရတ်ပြည်နယ်၌ လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည်။

မြင့်မောင်စိုး-စုစည်းသည်



ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ဉာဏ်ကောင်းဆေးလေး လှူကြမယ်

“ဟာ၊ မောင်အောင်ပါလား၊ လာကွာ။ ငါ့တူကြီးလည်း ရွာကို အလည်မလာတာ အတော့်ကိုကြာနေပြီ။ အေး၊ ဒါပေမယ့် မင်းဘာတွေလုပ်နေတယ်ဆိုတာတော့ တီဗွီထဲမှာ တွေ့နေရပါတယ်”

အမေ့ရွာသို့မရောက်တာ ကြာပြီဖြစ်သောကျွန်တော့်ကို တွေ့တွေ့ချင်း ဦးကြီးက ပဋိသန္ထာရ ပြုလိုက်ခြင်းဖြစ်ပါသည်။ “ဟုတ်ပါတယ် ဦးကြီး။ ဒီရက်တွေမှာ ကျွန်တော်တို့ အခြေခံပညာကျောင်းတွေမှာ နို့တိုက်ကျွေးရေးကိစ္စတွေ လုပ်နေတာကြောင့် ဦးကြီးတို့ဘက် မလှည့်ဖြစ်တာပါ”

“အေး ဒါနဲ့နေပါဦး၊ မင်းတို့တိုက်တဲ့နို့က နိုင်ငံခြားကနေဘူးလေးတွေနဲ့လာတာဆို နို့ရောစစ်ရဲ့လား။ အာဟာရရောဖြစ်ရဲ့လား။ တို့ကလေးတွေအတွက် အကျိုးရောရှိရဲ့လား”

ဦးကြီး၏ မေးခွန်းများက ဆက်တိုက်ဝင်လာသည်။ တကယ်တော့ ဒီမေးခွန်းတွေကို ဦးကြီးမေးချင်နေတာ ကြာနေပြီဖြစ်ပုံရသည်။ အလောတကြီးမေးအပြီး ဦးကြီး၏မျက်နှာက ကျွန်တော်၏အဖြေကို ငံ့လင့်နေပုံရသည်။

“နို့စစ်တာပေါ့ ဦးကြီးရဲ့။ ကျွန်တော်တို့ဝန်ကြီးဌာန တာဝန်ရှိသူတွေက ကိုယ့်နိုင်ငံကကလေးတွေ ကျန်းမာဖို့၊ ကြံ့ခိုင်ဖို့၊ ဉာဏ်ရည်ဖွံ့ဖြိုးဖို့ဆိုပြီး သူများလှူတဲ့နို့ကို မစစ်ဆေးဘဲ ဘယ်လိုလုပ်ပြီးတိုက်ရဲပါ့မလဲ။ လှူတဲ့နို့ကို ကျွန်တော်တို့နိုင်ငံက အစာနဲ့ဆေးဝါး စစ်ဆေးကွပ်ကဲမှုအဖွဲ့ကနေပြီး စနစ်တကျစစ်ဆေးတယ်။ နွားနို့မှာပါဝင်တဲ့ အာဟာရဓာတ်တွေ၊ ဗီတာမင်ဓာတ်တွေ ပြည့်ပြည့်စုံစုံ ပါ မပါစစ်တယ်။ ပြီးတော့ ကလေးတွေသောက် သုံးဖို့သင့်တယ်ဆိုတဲ့ မှတ်ချက်ရမှ ကျွန်တော်တို့ကလေးတွေကို တိုက်တာပါ”

“အေးပါ၊ ငါလည်း ဒီလိုပဲယုံကြည်ပါတယ်။ အများအတွက် ငါ့တူတို့လုပ်နေတာ မသေချာရင်ဘယ်လုပ်ပါ့မလဲလို့။ အဲ၊ ဒါပေမယ့် တချို့လူတွေက ပြောချင်တာပေါ့ကွာ။ ဒီနို့တွေ ဟုတ်ရောဟုတ်ရဲ့လား၊ စစ်ရောစစ်ရဲ့လားလို့။ အဲ၊ နောက်ပြီး မင်းတို့တိုက်တဲ့နို့က ယူအိပ်ချ်တီဆိုလား၊ ဘာလား။ အဲဒါ ဘာအဓိပ္ပာယ်လဲ”

ဦးကြီးက ထင်တာထက် အသေးစိတ်သည်။ နေ့စဉ် တီဗွီကြည့်နေသူဖြစ်၍လည်း ရှိသင့်သည့်ဗဟုသုတရှိနေသည်။ ဒီ့ထက်ပို၍ ပြောရလျှင် ကျွန်တော့်ဦးကြီးဖြစ်၍လည်း စေ့စပ်သည်၊ သေချာသည်။

“**ယူအိပ်ချ်တီ** Ultra Heat Treated ဆိုတာကို ခေါ်တာပါ။ မြန်မာလိုပြောလျှင်တော့ **အပူလွန်ပေးထားတဲ့နို့**ပေါ့”

“မင်းဟာက အပူလွန်ဆိုတော့ ဘယ်လောက်ဒီဂရီအပူပေးလို့ အပူလွန်လို့ပြောရတာလဲ။ သာမန်အားဖြင့် ပွက်ပွက်ဆူအောင်အပူပေးလျှင် ၁၀၀ ဒီဂရီစင်တီဂရိတ် မဟုတ်ဘူးလား”

ကျွန်တော်ပြောပြီးသည့်အတိုင်း ကျွန်တော့်ဦးကြီး၏ စေ့စပ်သေချာပုံက အံ့သြရလောက်အောင်ပင်။

“ဟုတ်ပါတယ် ဦးကြီး၊ နို့ကို ကျွန်တော်တို့ သောက်သုံးဖို့ပြင်ဆင်တဲ့အခါမှာ သုံးမျိုးသုံးစားထုတ်လို့ ရပါတယ်။ ပေါင်းထားတဲ့နို့ Pasteurized Milk(နို့ပေါင်း) ဆိုရင် ၇၀ ဒီဂရီစင်တီဂရိတ်မှာ နာရီဝက် အပူပေးပြီး လေးဒီဂရီစင်တီဂရိတ်မှာ အအေးခံထားတဲ့နို့ပါ။ ဒီနို့က ပွက်ပွက်ဆူအောင် အပူပေးမထားတဲ့အတွက် နို့မှာပါဝင်တဲ့ ဗီတာမင်ဓာတ်တွေ မပျက်စီးတာကြောင့် အရသာကောင်းပြီး နို့နံ့မွှေးတယ်။ အာဟာရလည်း ပြည့်ပြည့်စုံစုံပါဝင်ပါတယ်။ အဲ ဒါပေမယ့် ကြာရှည်ခံအောင် ရေခဲဘူးနဲ့ သိမ်းထားဖို့လိုပြီး ရေခဲနဲ့ထားရင် တစ်ပတ်ဆယ်ရက်လောက်အထိ အထားခံပါတယ်။ အခု ကျွန်တော်တို့ နေပြည်တော် **မြစိမ်းရောင်နို့ပေါင်းစက်ရုံ**က ထုတ်လုပ်နေတဲ့နို့ပါ”

“ဒုတိယတစ်မျိုးကတော့ ဦးကြီးတို့ ကျွန်တော်တို့အိမ်မှာ ပွက်ပွက်ဆူအောင်ကျိုချက်သောက်တဲ့နို့ ပိုးသတ်ပြီးနို့ (Sterilized Milk)ဖြစ်ပါတယ်။ ၁၀၀ ဒီဂရီစင်တီဂရိတ်အထိ ပွက်ပွက်ဆူအောင် ကျိုချက်ထားတဲ့အတွက် နို့မှာပါဝင်တဲ့ အကျိုးပြုတဲ့ဗက်တီးရီးယားရော၊ အကျိုးမပြုတဲ့ဗက်တီးရီးယားတွေပါ သေဆုံးကုန်တဲ့အတွက်ကြောင့် ပိုးသတ်ပြီး နို့လို့ခေါ်တာပါ။ အရသာကတော့ နို့ပေါင်းလောက်သောက်မကောင်းပေမယ့် နို့ပေါင်းထက်ပိုပြီး အထားခံတယ်၊ အာဟာရလည်းဖြစ်ပါတယ်”

**မောင်အောင်(မွေး/ကု)**

“တတိယတစ်မျိုးကတော့ ဦးကြီးအခုမေးတဲ့ အပူလွန်ပေးထားတဲ့နို့ (ယူအိပ်ချ်တီနို့)ပါ။ ဒီနို့ကိုတော့ ၁၃၇ ဒီဂရီစင်တီဂရိတ်မှာ ငါးစက္ကန့်လောက်ဖြတ်ပြီးတော့ နို့ထဲမှာပါတဲ့ ဗက်တီးရီးယားပိုးတွေအားလုံး သတ်ထားတဲ့နို့ဖြစ်ပါတယ်။ အပူလွန်ပေးထားတာကြောင့် တချို့ဗီတာမင်ဓာတ်တွေ ဆုံးရှုံးပေမယ့် လေလုံတဲ့ဘူးထဲမှာ စနစ်တကျသိမ်းထားရင် ခြောက်လလောက် အထားခံတာရယ်၊ ရေခဲသေတ္တာထဲ ထားစရာမလိုတာရယ်ကြောင့် ကျောင်းသား ကလေးငယ်တွေ တိုက်ဖို့ရော၊ စူပါမားကတ်ကြီးတွေမှာ တင်ရောင်းဖို့ရော အသုံးအများဆုံးနို့တစ်မျိုးပါ။ တစ်ကမ္ဘာလုံးကလည်း ဒီနို့ကို တိုက်ဖို့တိုက်တွန်း အားပေးနေပါတယ်”

“အေးပါကွာ၊ မင်းအခုလို ရှင်းပြတော့မှပဲ ဒီနို့အကြောင်းကို ငါတို့ သိရတော့တယ်။ ဒါနဲ့ နေစမ်းပါဦးကွ၊ မင်းတို့ဝန်ကြီးဌာနက ဒီနို့ကို နေပြည်တော်မှာရှိတဲ့ ကျောင်းတွေမှာပဲ တိုက်တာလား၊ ကျန်တဲ့တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရော မတိုက်ဘူးလား။ အဲဒါဘာကြောင့်လဲ”

ဦးကြီး၏အမေးက ကျွန်တော်တို့ကိုပင် ကျေနပ်ပုံမပေါ်။

“ဒါက ဦးကြီးရဲ့၊ ဒီနှစ်ကစပြီး တိုက်တဲ့နှစ်ဆိုတော့ ပညာရေးဝန်ကြီးဌာနက ကျွန်တော်တို့နဲ့ လက်လှမ်းမီတဲ့နေရာ၊ အနီးကပ်ကြီးကြပ်နိုင်မယ့်နေရာမှာ စပြီးအကောင်အထည်ဖော်တာပါ။ ဒီအခြေခံပညာကျောင်းတွေမှာ နို့တိုက်ကျွေးရေးစီမံကိန်းနဲ့ပတ်သက်ပြီး ကျွန်တော်တို့ဝန်ကြီးဌာနလေးခု ပေါင်းစပ်ပြီး အကောင်အထည်ဖော်တာပါ။ အမျိုးသားစီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက အလှူရှင်ရှာတယ်။ ပြည်ပက လှူဒါန်းချင်တဲ့သူတွေကို ကျွန်တော်တို့ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနနဲ့ဆက်စပ်ပေးတယ်။ ပညာရေးဝန်ကြီးဌာနက နို့တိုက်ကျွေးဖို့သင့်တဲ့ကျောင်းရွေးချယ်ပေးတယ်။ ဒီလိုရွေးချယ်ရာမှာ လမ်းပန်းဆက်သွယ်ရေးကောင်းပြီး နို့ဘူးတွေ၊ သေတ္တာတွေထားနိုင်တဲ့ကျောင်းဖြစ်ရမယ်။ ဆရာ၊ ဆရာမနဲ့ ကျောင်းသားမိဘတွေက နို့တိုက်ကျွေးတဲ့လုပ်ငန်းကိုစိတ်ဝင်စားတဲ့ကျောင်းဖြစ်ဖို့လိုတယ်။ ပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနက နို့မတိုက်ခင်ကလေးတွေကို ကိုယ်အလေးချိန်ချိန်တယ်။ အရပ်တိုင်းတယ်။ ကျောင်းတက်ရက်တိုင်း ကလေးတွေ နို့တိုက်ပြီး သုံးလအကြာ၊ ခြောက်လအကြာမှာ တိုးတက်မှုကို ဆန်းစစ်တယ်”

“အေး ဟုတ်ပါပြီ။ သူများဝန်ကြီးဌာနတွေက လုပ်တာတော့ဟုတ်ပါပြီ။ မင်းတို့ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကရော ဘာလုပ်ရတာလဲ၊ မင်းကရော ဘာတာဝန်လဲ”

ဦးကြီး၏အားတက်သရော မေးလိုက်သံက ကျွန်တော့်ကို တစ်အားတက်စေပါသည်။

“ကျွန်တော်တို့ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့တာဝန်က နို့တိုက်ကျွေးရေးစီမံကိန်းတစ်ခုလုံးအောင်မြင်ဖို့ လှူဒါန်းတဲ့ အလှူရှင်ကုမ္ပဏီနဲ့ သဘောတူစာချုပ်ချုပ်ဆိုတယ်။ နိုင်ငံတော်က လှူဒါန်းတဲ့နို့တွေ ကလေးတွေသောက်ဖို့ သင့် မသင့် FDA (အစာနှင့် ဆေးဝါးကွပ်ကဲမှုအဖွဲ့)ကို ပို့ပေးတယ်။ FDAက ခွင့်ပြုချက်ရမှ အဲဒီနို့တွေကို ပြည်ပက တင်သွင်းခွင့်ရအောင် ဆောင်ရွက်ပေးတယ်။ အဲဒီ ယူအိပ်ချ်တီနို့တွေ ရန်ကုန်ဆိပ်ကမ်းကို ရောက်တဲ့အခါမှာ ကျွန်တော်တို့ဝန်ကြီးဌာန သိုလှောင်ရုံ၊ အဲဒီကမှတစ်ဆင့် နို့တိုက်ကျွေးမယ့်ကျောင်းတွေကို အချိန်မီနို့ရောက်အောင် ပို့ပေးတယ်”

“ဝန်ကြီးဌာနရဲ့တာဝန်ကတော့ ဟုတ်ပါပြီ။ မင်းတာဝန်ကရောဘာလဲ” ဦးကြီးက သိလိုဇောဖြင့် မေးလာသည်။

“အခုလို ဝန်ကြီးဌာနကြီးလေးခုပေါင်းစပ်ပြီး လုပ်ရတဲ့လုပ်ငန်းမှာ ကျွန်တော်တို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးက ဦးဆောင်ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးက ဒုတိယဥက္ကဋ္ဌ၊ ကျွန်တော်တို့ဝန်ကြီးဌာနအောက်မှာရှိတဲ့ ဦးစီးဌာနနဲ့လုပ်ငန်းတွေက ညွှန်ကြားရေးမှူးချုပ်တွေက အဖွဲ့ဝင်၊ ကျွန်တော်က အတွင်းရေးမှူး၊ ကျွန်တော့်တာဝန်က ဒီကျောင်းတွေမှာ နို့တိုက်ကျွေးရေးစီမံကိန်းကြီး အောင်မြင်ဖို့၊ ဝန်ကြီးဌာနတွေကို ညှိနှိုင်းပေါင်းစပ်ပေးရတယ်။ ကျောင်းတွေမှာ လှည့်လည်ဟောပြော စည်းရုံးတယ်။ နို့တိုက်ကျွေးရေးအခမ်းအနားတွေဖြစ်မြောက်အောင် စီစဉ်ပေးတယ်။ နို့တိုက်ကျွေးရေးအလှူရှင်တွေ ပေါ်ပေါက်လာအောင် စည်းရုံးလှုံ့ဆော်ပေးရတယ် ဦးကြီးရေ”

“အေးကွာ၊ မင်းတို့အလုပ်ကတော့ ကုသိုလ်ရတဲ့အပြင် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်တာကြောင့် အတော့်ကို မွန်မြတ်တဲ့အလုပ်ပဲ။ အဲဒါနဲ့ နေစမ်းပါဦး၊ လက်ရှိအလှူရှင် ဘယ်နှဦးရှိပြီး တစ်နေ့ကို ကျောင်းသား ဘယ်လောက် နို့တိုက်ကျွေးနေသလဲ။ ငါ့တူကတော့ အတွင်းရေးမှူးမို့လို့ သိမယ်ထင်ပါတယ်။

“သိတာပေါ့ ဦးကြီးရယ်၊ ဒါကျွန်တော့်အလုပ်ပဲ။ လက်ရှိ တက်ထရာပက် (Tetra Pak) ကုမ္ပဏီက တစ်နေ့ကို ကျောင်းသား ကျောင်းသူ ၄၅၀၀၀ကို နို့တိုက်ကျွေးနေပါတယ်။ နေပြည်တော်ကောင်စီနယ်မြေ ခရိုင် လေးခရိုင်၊ မြို့နယ်ရှစ်မြို့နယ်က ကျောင်း ၃၀မှ ကျောင်းသား ကျောင်းသူ ၁၀၀၀၀၊ ရန်ကုန်တိုင်းဒေသကြီးမှ ခရိုင် လေးခရိုင်၊ မြို့နယ် ၄၃ မြို့နယ်မှာရှိတဲ့ ကျောင်း ၁၁၂ ကျောင်းက ကျောင်းသား ကျောင်းသူ ၁၇၅၀၀ နဲ့ မန္တလေးတိုင်းဒေသကြီးမှ ခရိုင် ခုနစ်ခရိုင်၊ မြို့နယ် ၂၈ မြို့နယ်မှာရှိတဲ့ ကျောင်း ၇၉ ကျောင်းက ကျောင်းသား ကျောင်းသူ ၁၇၅၀၀ ကို နို့တိုက်ကျွေးနေပါတယ်”

“အဲဒီလိုပါပဲ၊ စီပီမေရီကုမ္ပဏီက ချင်းပြည်နယ် ခရိုင် နှစ်ခရိုင်၊ မြို့နယ်လေးမြို့နယ်မှာရှိတဲ့ ကျောင်းခုနစ်ကျောင်းက ကျောင်းသား ကျောင်းသူ ၁၀၀၀ နဲ့ ကယားပြည်နယ်၊ ခရိုင် နှစ်ခရိုင်၊ မြို့နယ်လေးမြို့နယ်က ကျောင်းခြောက်ကျောင်းမှာရှိတဲ့ ကျောင်းသား ကျောင်းသူ ၁၀၀၀ ကို ကျောင်းတက်ရက်တွေမှာ နေ့စဉ် နို့တိုက်ကျွေးနေပါတယ်”

“အဲဒီကုမ္ပဏီတွေက အချိန်ဘယ်လောက်ကြာကြာ နို့တိုက်မှာလဲ” ဦးကြီး၏ မေးခွန်းများက ပြန်လည်ဝင်လာပြန်သည်။

“တက်ထရာပက်ကုမ္ပဏီကတော့ အခု ၂၀၁၃-၂၀၁၄ ပညာသင်နှစ်ကစပြီး သုံးနှစ်ဆက်တိုက် နို့တိုက်ကျွေးသွားမှာပါ။ စီပီမေရီကုမ္ပဏီကတော့ အခုပညာသင်နှစ်စကနေ ခြောက်လအထိ နို့တိုက်ကျွေးလှူဒါန်းသွားမယ်လို့ သိရပါတယ်”

“ဒီလောက်မွန်မြတ်ပြီး အကျိုးရှိတဲ့ကိစ္စကို ပြည်ပက လှူဒါန်းတာတော့ ဟုတ်ပါပြီ။ တို့ပြည်တွင်းက အလှူရှင်တွေကရော မလှူဒါန်းကြဘူးလား”

“လှူဒါန်းပါတယ် ဦးကြီးရယ်။ မန္တလေးတိုင်းဒေသကြီးမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ကြီးကြပ်လမ်းညွှန်မှုကြောင့် ယူနီစန်တို့၊ ဒီဇင်ဘာတို့၊ နန်းအေးချမ်းတို့၊ ရွှေအိုးတို့ နွားမွေးမြူရေးလုပ်ငန်းရှင်တွေက လှူဒါန်းကြသလို မန္တလေးတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်အစီအစဉ်နဲ့ လှူဒါန်းတာလည်း ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာလည်း ငွေစင်ပုလဲတို့၊ စူပါကောင်းတို့က လှူဒါန်းတာတွေလည်း ရှိပါတယ်။ တိုင်းဒေသကြီးမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့တွေရဲ့ ကြီးကြပ်လမ်းညွှန်မှု၊ ကျွန်တော်တို့ မွေးမြူရေးနဲ့ကုသရေးဦးစီးဌာနရဲ့ စည်းရုံးဆော်ဩမှုတွေကြောင့် နွားနို့တိုက်ကျွေးတဲ့ အလှူရှင်တွေက နေ့တိုင်းရှိနေကြပါတယ်”

“အေးကွာ၊ နွားနို့ဟာ တို့မိခင်နို့ရည်နဲ့မခြား အာဟာရဓာတ်တွေ ပြည့်ဝတယ်။ တို့လူသားတွေ အရိုးအဆစ်သန်မာထွားကျိုင်းစေတယ်။ တို့လူငယ်တွေ ကျန်းမာဖွံ့ဖြိုးဉာဏ်ရည်တိုးစေတယ်။ ဒါ့ကြောင့် တို့နိုင်ငံတော် ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့၊ နိုင်ငံတော်ကာကွယ်ရေးအတွက် အနာဂတ်မျိုးဆက်သစ်တွေ ကြံ့ခိုင်ဖွံ့ဖြိုး ဉာဏ်ရည်တိုးစေဖို့ **ဉာဏ်ကောင်းဆေးလေး လှူကြဖို့** မင်းဆောင်းပါးလေး ရေးစမ်းပါဦးကွာ”

ဦးကြီး၏ တွေးတွေးဆဆဖြင့် အလေးအနက်ပြောခဲ့သည့် သည်စကားကြောင့် သည်ဆောင်းပါးကို ကျွန်တော် ရေးဖြစ်ပါသည်။ ။

## လဝကရုံးသစ် နောင်တရား၌ ဖွင့်လှစ်

**နောင်တရား ဩဂုတ် ၂၇**

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန နောင်တရားမြို့နယ်ခွဲ ဦးစီးဌာနမှူးရုံး အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၃ ရက် နံနက် ၉ နာရီခွဲက အဆိုပါရုံးသစ်ရှေ့၌ ကျင်းပရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင် ဦးခွန်အောင်နိုင်ဦး၊ နောင်တရားမြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး ဦးစောမောင်ဗွေနှင့် တောင်ကြီးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနေဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါရုံးသစ်သည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ခွင့်ပြုရန်ပုံငွေကျပ် ၂၇၂ ဒသမ ၀၄ သိန်းဖြင့် ဆောက်လုပ်ခဲ့ပြီး အလျားပေ ၆၀၊ အနံ ၂၄ ပေ၊ ရုံးခန်းပေါင်းအပါအဝင် မှတ်တမ်းထိန်းခန်း အလျားပေ ၃၀၊ အနံ ၂၃ ပေရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စာပေမြင့်မှ လူမျိုးတင့်မည်

# အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားကျင်းပရေးညှိနှိုင်းစည်းဝေး ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းများညှိနှိုင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၇**

၂၀၁၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် ကော်မတီအစည်းအဝေးခန်း၌ ကျင်းပရာ**(အပေါ်ပုံ)** ၂၀၁၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အထိမ်းအမှတ်ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးဌေးဦးက အဖွင့်အမှာစကား ပြောကြားရာတွင်၂၀၁၃ခုနှစ် စက်တင်ဘာလ ၁၅ ရက်တွင် ကျရောက်မည့် ၂၀၁၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အထိမ်းအမှတ်အခမ်းအနားကို အောင်အောင်မြင်မြင်ကျင်းပ ပြီးစီးနိုင်ရေးအတွက် လုပ်ငန်းကော်မတီများမှ မိမိတို့ကဏ္ဍအလိုက်ကြိုတင် ပြင်ဆင် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကြည်သိန်းက အခမ်းအနားကျင်းပရေးအတွက် ကြိုတင်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ လုပ်ငန်းကော်မတီခြောက်ခုမှ ဥက္ကဋ္ဌများက မိမိတို့လုပ်ငန်းကော်မတီအလိုက် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဦးဌေးဦးက နိဂုံးချုပ်အမှာစကားပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

၂၀၁၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားကို ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ ဒီမိုကရေစီနေ့ဆိုင်ရာစာတမ်းဖတ်ပွဲများဖြင့် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ-ဂျပန် နှစ်နိုင်ငံ ပညာရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၇**

အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမြဦးသည် ဂျပန်နိုင်ငံ KYOTO မြို့၊ Ritsiumeikan University ၏ Ritsiumeikan Asia Pacific University ဒုတိယပါမောက္ခချုပ် Mr. Idgal Polter နှင့် အဖွဲ့အား နံနက် ၁၁ နာရီခွဲတွင် အမျိုးသားလွှတ်တော်ရေးရာဆောင်အမှတ် (I-20) ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ဂျပန် နှစ်နိုင်ငံပညာရေးဆိုင်ရာ ကိစ္စရပ်များနှင့် Ritsiumeikan Asia Pacific University သို့ ဆက်သွယ်တက်ရောက်လိုသော မြန်မာကျောင်းသားများ ဝင်ခွင့်လျှောက်ထားရေးကိစ္စနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

✻ ရှေ့ဖုံးမှ

Pact က သိရှိရပါသည်။

"'စွမ်းရည်'မှာပါဝင်ပြီး ကိုယ်တိုင်နဲ့ မိသားစုရဲ့ အသက်မွေးဝမ်းကျောင်း တိုးတက်ဖို့အတွက် ဆောင်ရွက်နေတာတွေ့ရတော့ ဝမ်းသာမိပါတယ်။ နောက်နှစ်တွေမှာ ဒီအမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်တွေက ကျေးရွာလူထုနဲ့ မိသားစုအဖွဲ့ဝင်တွေကို ကူညီပေးနိုင်တဲ့ အရည်အချင်းအပေါ် ယုံကြည်မှုရှိလာတာနဲ့အမျှ ပိုမိုအောင်မြင်လာမှာ ဖြစ်ပါတယ်" ဟု Pact 'စွမ်းရည်' စီမံကိန်း၏စီမံကိန်း ညှိနှိုင်းရေးမှူး ဒေါက်တာ အိသဉ္ဇာမင်းမင်းဦးက ပြောကြားသည်။

၎င်းအစီအစဉ်အရ မြန်မာအမျိုးသမီးများအား စုငွေများကို အရင်းအနှီးတစ်ခုအဖြစ်သတ်မှတ်ကာ အဖွဲ့ဝင်များ၏ အသေးစားလုပ်ငန်းငယ်များအတွက် ချေးငွေထုတ်ချေးပေးပြီး မိမိတို့၏တစ်ဦးချင်းစီလုပ်ငန်းနှင့် အဖွဲ့လိုက်လုပ်ဆောင်သော လုပ်ငန်းများမှတစ်ဆင့် ဝင်ငွေရရှိခြင်းနှင့် ဘဏ္ဍာကာလအဆုံးတွင် အဖွဲ့မှရရှိထားသောအတိုးများကို အဖွဲ့ဝင်များသို့ အမြတ်ဝေစုများအဖြစ် ခွဲဝေပေးခြင်းမှ ဝင်ငွေရရှိခြင်း စသည်ဖြင့် ဝင်ငွေရရှိမှုနည်းလမ်းနှစ်သွယ်ရရှိကြောင်းသိရှိရသည်။

'စွမ်းရည်' အနေနှင့် မြန်မာနိုင်ငံတွင် အဖွဲ့ဝင် ၁၂၀၀၀ခန့် ရှိလာပြီဖြစ်ပြီး ထပ်မံတိုးချဲ့ထားသောအစီအစဉ်များအရ စွမ်းရည်သည် ၂၀၁၅ ဇွန်လအတွင်း အဖွဲ့ဝင် စုစုပေါင်း ၂၄၅၀၀ ရှိစေရန် ငွေစု၊ ငွေချေး အဖွဲ့ ၅၀၀ ကိုထပ်မံ၍ ဖွဲ့စည်းသွားရန်ရှိကြောင်း အဆိုပါလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"Coca-Cola ကုမ္ပဏီရဲ့ 5 BY 20 (၂၀ ခုနှစ်တွင် ၅ သန်း) ဆိုတဲ့ အစီအစဉ်က ၂၀၂၀ ခုနှစ်မှာ ကမ္ဘာပေါ်ရှိ အမျိုးသမီးပေါင်း ၅ သန်းကို စီးပွားရေး စွမ်းရည်မြှင့်တင်ပေးနိုင်ဖို့ ထားရှိတဲ့ ကတိဖြစ်ပါတယ်။ ဒီ့အပြင် မြန်မာ နိုင်ငံရဲ့အမျိုးသမီးတွေအတွက် ထိထိရောက်ရောက် အကျိုးရှိစေမယ့် အခြေခံအုတ်မြစ်ဖြစ်ပါတယ်" ဟု Coca-Cola Myanmar ၏ အထွေထွေမန်နေဂျာဖြစ်သော Mr. Rehan Khan က ရှင်းပြသည်။

ဇူလိုင်လကုန်တွင် 'စွမ်းရည်' စီမံကိန်းရှိ အမျိုးသမီးအဖွဲ့များ၏ စုငွေပမာဏ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၁၂၄၂၆၀ ရှိပြီး အတိုးငွေ အမေရိကန်ဒေါ်လာ ၁၇၃၆၆ ရှိသည်။ အမေရိကန်ဒေါ်လာ စုစုပေါင်းငွေ ၂၂၀၁၀၅ ကို အဖွဲ့ဝင်များ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်စေရန်နှင့် အပိုဝင်ငွေရရှိသော လုပ်ငန်းသစ်များ ဆောင်ရွက်နိုင်ရန် အဖွဲ့ဝင်များသို့ ၇၉၂၃ ကြိမ် ချေးငွေထုတ်ချေးခဲ့ပြီး ဖြစ်သည်။

Pact သည် ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်း၊ ပတ်ဝန်းကျင်လူထုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှု၊ အသေးစားငွေချေးလုပ်ငန်းနှင့် စားနပ်ရိက္ခာဖူလုံရေး အစီအစဉ်များကို ၁၉၉၇ က စတင်ခဲ့ပြီး USAID, DNIDA, Chevron, Coca-Cola အပါအဝင် အခြားသော ပြည်တွင်းအဖွဲ့အစည်းနှင့် ကျေးရွာလူထုအဖွဲ့အစည်း ၁၃၀၀၀ ကျော်ဖြင့် ပူးပေါင်းလုပ်ဆောင်နေပြီး ကျေးရွာအခြေပြုဘဏ်စနစ်ဖြင့် အမျိုးသမီးများအား အသေးစားလုပ်ငန်းငယ်များစတင်နိုင်ရန် လိုအပ်သော ကျွမ်းကျင်မှုများဖြစ်သည့် စာရင်းမှတ်တမ်းဆိုင်ရာ ဗဟုသုတများနှင့် ပွင့်လင်းမြင်သာသော ငွေစု၊ ငွေချေး အဖွဲ့အစည်းများကို တည်ဆောက်နိုင်ရန် ဆောင်ရွက်ပေးပါသည်။ ယနေ့အထိ ငွေစုအဖွဲ့ ၉၀၄ ဖွဲ့ရှိပြီး အဖွဲ့ဝင်ပေါင်း ၂၂၃၁၈ ခန့် ရှိပါသည်။ စီးပွားရေး၊ လူမှုရေးအရ လိုအပ်ချက်ရှိသော ကျေးရွာလူထုအဖွဲ့အစည်းများအတွက် ကြံ့ကြံ့ခံရေရှည်ရပ်တည်နိုင်စွမ်းရှိရန်နှင့် အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံမှု အစီအစဉ်များမှတစ်ဆင့် တည်ဆောက်ပေးလျက်ရှိသည်။

ကိုကာကိုလာ ကုမ္ပဏီသည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ စတင်ခဲ့ပြီးနောက်ပိုင်း ယခုကဲ့သို့ ပရဟိတလုပ်ငန်းများပါ လုပ်ကိုင်နိုင်ခြင်းသည် မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားလုပ်ငန်းရှင်များအတွင်း ပထမဆုံးဖြစ်ပြီး Pact အနေနှင့် ဆင်းရဲနွမ်းပါးသူများနှင့် ပစ်ပယ်ခံရသူများအတွက် ကိုယ့်အားကိုယ်ကိုး ဝင်ငွေရရှိစေရန်နှင့် လိုအပ်သည့် အရည်အသွေးပိုင်းဆိုင်ရာ ဝန်ဆောင်မှု၊ ကျန်းမာရေးဝန်ဆောင်မှုများ ပေးလျက်ရှိသည့် အင်န်ဂျီအိုတစ်ခု ဖြစ်သည်။

## လွှတ်တော်ရေးရာကဏ္ဍ

✻ ပြည်ထောင်စုလွှတ်တော်မှ

ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ပူးပေါင်းကော်မတီဝင် ဦးအောင်မြင့်သိန်းက ဖတ်ကြားရှင်းလင်းပြီး ယင်းဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခဲ့သည်။

အစီရင်ခံစာ၌ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းအပေါ်တွင် အကြံပြုလာသည့် ပုဒ်မ ၅၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၃)၊ ပုဒ်မ ၂၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ(က)တို့ကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များအတိုင်း အတည်ပြုသင့်ပါကြောင်းနှင့် ပုဒ်မ ၄၁၊ ပုဒ်မခွဲ(က)ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့်အတိုင်းနှင့် ပုဒ်မ ၃၅ကို ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုပြဌာန်းသင့်ပါကြောင်း ထည့်သွင်းဖော်ပြထားသည်။

လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် **ဆက်သွယ်ရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ပူးပေါင်းကော်မတီဝင် ဦးခင်မောင်ရွှေက ဖတ်ကြားရှင်းလင်းပြီး ယင်းဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခဲ့သည်။

### ဖတ်ကြားတင်ပြ

"ဒီနေ့ ပြည်ထောင်စုလွှတ်တော်က ဆက်သွယ်ရေးဥပဒေကြမ်းကို အတည်ပြုနိုင်ခဲ့ပြီဆိုတော့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက်ရော၊ နိုင်ငံတကာအော်ပရေတာတွေအတွက်ရော စပြီးတော့ လုပ်ငန်းတွေဆောင်ရွက်လို့ရပါပြီ။ သူတို့ကလည်း ဒီဥပဒေကိုပဲစောင့်နေတာပါ။ မြန်မာနိုင်ငံအတွက်လည်း ဆက်သွယ်ရေးကဏ္ဍတစ်ခုဖွင့်လိုက်တာပါပဲ။ ယခင်က အားနည်းချက်တွေရှိခဲ့ပေမယ့် အလားတူအားနည်းချက်တွေ မဖြစ်ရအောင် ယနေ့ နိုင်ငံတကာအဆင့်မီတဲ့ ဥပဒေကိုပြဋ္ဌာန်းနိုင်ပါပြီ။ ဝန်ကြီးဌာနကလည်း ဆက်သွယ်ရေးလုပ်ငန်းတွေကို ကြီးကြပ်ဆောင်ရွက်သွားဖို့ ကော်မရှင်တစ်ခုဖွဲ့သွားမယ်လို့ ပြောပါတယ်။ နောင်ဆိုရင် မြန်မာနိုင်ငံရဲ့ဆက်သွယ်ရေးလုပ်ငန်းကို ယခုဥပဒေကြမ်းနဲ့ နောင်ဖွဲ့မယ့်ကော်မရှင်ကပဲ ဥပဒေနဲ့အညီ ကိုင်တွယ်ရမှာဖြစ်ပါတယ်။ ဆက်သွယ်ရေးနဲ့ပတ်သက်ပြီး ၁၉၇၀ ခုနှစ်လောက်မှာ နည်းပညာတွေ မြင့်မားလာပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးစနစ်ကြောင့် အဆင့်မီတဲ့ ဥပဒေတစ်ခု မပြဋ္ဌာန်းနိုင်ခဲ့ပါဘူး။ ဆက်သွယ်ရေးကို နိုင်ငံတော်လုံခြုံရေးမှာ ထားခဲ့လို့ပဲဖြစ်ပါတယ်။ ဒီနေ့တော့ ပြည်သူအားလုံးအကျိုးရှိပြီး နိုင်ငံတကာ လုပ်ငန်းရှင်တွေက စိတ်ဝင်စားတဲ့ဥပဒေတစ်ခုကို ပြဋ္ဌာန်းနိုင်ခဲ့ပါပြီ"ဟု ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်က ၎င်း၏အမြင်ကို ပြောပြခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီ အစည်းအဝေး(၁/၂၀၁၃)က အတည်ပြုခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီ၏ ဦးတည်ချက်၊ သက်တမ်း၊ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ရပိုင်ခွင့်များကို ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးအေးမောက်က ဖတ်ကြားတင်ပြရာ လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

တင်ပြရာတွင် ပူးပေါင်းကော်မတီ၏ အခြေခံဆောင်ရွက်ရမည့် ဦးတည်ချက်များ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်တံ့ခိုင်မြဲမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ခေတ်စနစ်နှင့် လျော်ညီစွာ ပိုမိုတည်ဆောက်နိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်လာစေရေး၊ တိုင်းရင်းသားမျိုးနွယ်စုများအကြား ယုံကြည်မှုခိုင်မာသော အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရေး၊ နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ ဒီမိုကရေစီစနစ်သို့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရေးတို့ ပါဝင်သည်။

ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့က အတည်ပြုခဲ့သည့် မျက်စိလျှုဒါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် မြစ်ကျဉ်းသွားလာရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို ပြည်ထောင်စု လွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူ၍ မှတ်တမ်းတင်ဆောင်ရွက်ခဲ့သည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း ရှင်းလင်းစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁) မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးစဉ်။ (သတင်းစဉ်)

### မှတ်တမ်းတင်ဆောင်ရွက်

ထို့အပြင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်တွင် ပြည်သာယာရပ်ကွက် တစ်ရပ်ကွက်တိုးချဲ့ဖွဲ့စည်းခြင်း၊ ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်အတွင်းရှိ ကျောက်ဖြူမြို့နယ်၊မာန်အောင်မြို့နယ်၊ ရမ်းဗြဲမြို့နယ်နှင့်အမ်းမြို့နယ်များတွင် ကျေးရွာ(၈၉)ရွာ တိုးချဲ့ဖွဲ့စည်းခြင်းနှင့် ကျေးရွာ(၇၈)ရွာပယ်ဖျက်ခြင်း၊ ရခိုင်ပြည်နယ် သံတွဲခရိုင် သံတွဲမြို့နယ်၊ တောင်ကုတ်မြို့နယ်နှင့် ဂွမြို့နယ်များအတွင်း ကျေးရွာ(၂၂)ရွာ တိုးချဲ့ဖွဲ့စည်းခြင်းနှင့် ကျေးရွာ(၉၁)ရွာ ပယ်ဖျက်ခြင်းတို့ကို မှတ်တမ်းတင် ဆောင်ရွက်ခဲ့သည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး(၁၈) ရက်မြောက်နေ့ကို ဩဂုတ် ၂၉ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

✻ ကျောဖုံးမှ

မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ပွဲကို မိနစ် ၃၀ နောက်ကျပြီးမှ စတင်ခဲ့သည်။ နှစ်သင်းစလုံး အုပ်စုမတက်နိုင်တော့သော်လည်း အနိုင်ရရှိရေးကြိုးစားကြသဖြင့် ပွဲမှာကြည့်ကောင်းခဲ့သည်။ အပြန်အလှန် တိုက်စစ်ဆင်ခဲ့ကြပြီး ရရှိသောအခွင့်အရေးများကို ဖြုန်းတီးခဲ့ကြသည်။ လာအိုအသင်းမှာ အနည်းငယ်အသာရခဲ့သော်လည်း ဒုတိယပိုင်းတစ်ဝက်လောက်တွင် ဖိလစ်ပိုင်အသင်းက ပြန်လည်ဖိအားပေးနိုင်ခဲ့ပြီး ပွဲပြီးခါနီး နှစ်မိနစ်ခန့်အလိုတွင် ဘော်လွှန်ဂန်က အနိုင်ဂိုးသွင်းယူခဲ့သည်။ ၎င်းဂိုးမှာ ဖိလစ်ပိုင်နိုင်ငံအသင်းအတွက် ယခုပြိုင်ပွဲ၏ ပထမဆုံးဂိုးနှင့် နောက်ဆုံးဂိုးလည်းဖြစ်သည်။ ဖိလစ်ပိုင်အသင်းသည် ပွဲကုန်သွားပြီဖြစ်ပြီး လေးပွဲကစား တစ်ပွဲနိုင်၊ သုံးပွဲရှုံး သုံးမှတ်ရရှိခဲ့ပြီး လာအိုအသင်းမှာ တစ်ပွဲကျန်နေကာ သုံးပွဲကစား၊ သုံးပွဲရှုံး အမှတ်မရသေးပေ။

ဒုတိယပွဲတွင် အင်ဒိုနီးရှားနှင့် စင်ကာပူတို့ပွဲတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

**(၂၈-၈-၂၀၁၃)**

**ပထမပွဲ**

**ဗီယက်နမ်နှင့် ဘရူနိုင်း**

**ဒုတိယပွဲ**

**ကမ္ဘောဒီးယားနှင့် မြန်မာ**

# လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဩဂုတ် ၂၇**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအဆင့်ဆင့်မှ ပါတီဝင် ၁၀၈ ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီအဆင့်ဆင့်မှ ပါတီဝင် ၂၉ ဦး၊ မြို့မိမြို့ဖ ၁၅ ဦး စုစုပေါင်း ၁၅၂ ဦးတို့သည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကျင်းပနေပုံများကို လာရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အားကစား မြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

## ပြည်တွင်းသတင်း

❊ ***ကျောဖုံးမှ***

၂။ အဆိုပါ မူကြမ်းကို ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့တွင် လွှတ်တော်သို့တင်သွင်းခဲ့ရာ ပြည်ထောင်စုလွှတ်တော်က သဘောတူအတည်ပြုခဲ့ပြီး ဖြစ်ပါသဖြင့် ကော်မတီ၏ ဦးတည်ချက်၊ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ လုပ်ထုံးလုပ်နည်းနှင့် ရပိုင်ခွင့်များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်လိုက်သည်။

**ဦးတည်ချက်**

၃။ ပူးပေါင်းကော်မတီသည် အောက်ပါဦးတည်ချက်များကို အခြေခံ၍ ဆောင်ရွက်ရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်တံ့ခိုင်မြဲမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ခေတ်စနစ်နှင့် လျော်ညီစွာ ပိုမိုတည်ဆောက်နိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်လာစေရေး။

(ခ) တိုင်းရင်းသားမျိုးနွယ်စုများအကြား ယုံကြည်မှုခိုင်မာသော အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ဒီမိုကရေစီစနစ်သို့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရေး။

**ပူးပေါင်းကော်မတီ၏ သက်တမ်း**

၄။ ပူးပေါင်းကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်အချိန်မှ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံစာတင်သွင်းပြီးသည့်အချိန်အထိ ဖြစ်သည်။

**ပူးပေါင်းကော်မတီ၏ တာဝန်များ**

၅။ ပူးပေါင်းကော်မတီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပူးပေါင်းကော်မတီသည် နိုင်ငံတော်၏ သမိုင်းကြောင်း၊ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံတော်၏ နိုင်ငံရေး၊စီးပွားရေး၊ လူမှုရေးအခြေအနေ၊ ပြည်သူတို့၏ နိုင်ငံရေးအသိရင့်ကျက်မှု အခြေအနေ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အခြေအနေ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး အခြေအနေတို့အပေါ် မူတည်၍ လေ့လာသုံးသပ်သွားရမည်။

(ခ) အကျိုးမဖြစ်ထွန်းနိုင်သော အငြင်းပွားဖွယ်ရာဖြစ်နိုင်သည့် ပြဋ္ဌာန်းချက်များထက် နိုင်ငံတော်အတွက် အကျိုးရှိပြီး ပြည်သူအများလိုလားသည့် ပြဋ္ဌာန်းချက်များကို ဦးစားပေးလေ့လာသုံးသပ်ရမည်။

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၌ ပါရှိသော်လည်း အမှန်တကယ်လက်တွေ့ဆောင်ရွက်နိုင်ခြင်းမရှိသည့်ကိစ္စရပ်များကို လေ့လာဆန်းစစ်ဖော်ထုတ်၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရမည်။

(ဃ) အုပ်ချုပ်ရေးယန္တရားအဆင့်ဆင့်သည် ဒီမိုကရေစီစနစ်နှင့် ပိုမိုကိုက်ညီလာစေရေးအတွက် လေ့လာသုံးသပ်တင်ပြရမည်။

(င) ပြည်သူတို့၏ ယုံကြည်အားထားမှုကို ရရှိသော တရားစီရင်ရေးစနစ်ဖြစ်ပေါ်လာစေရေးအတွက် လေ့လာသုံးသပ်တင်ပြရမည်။

(စ) ပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို လေ့လာသုံးသပ်ရရှိချက်များအပေါ် မူတည်၍ အပိုင်းလိုက်ခွဲခြားပြုစုပြီး ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းရမည်။

(ဆ) ပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကျင်းပချိန် မဟုတ်လျှင် ပြည်ထောင်စုလွှတ်တော် နာယကထံသို့ တင်သွင်းရမည်။

(ဇ) ပူးပေါင်းကော်မတီ၏ လေ့လာသုံးသပ်ချက်များ၊ တင်ပြချက်များကို ပြည်ထောင်စုလွှတ်တော်သို့ မတင်ပြမီအချိန်ထိ ပေါက်ကြားခြင်းမရှိစေရန် လျှို့ဝှက်အဆင့် သတ်မှတ်ထိန်းသိမ်းရမည်။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်၊ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။

(ဈ) ပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့မတိုင်မီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

(ည) ပူးပေါင်းကော်မတီသက်တမ်းကုန်ဆုံးပါက ဆွေးနွေးချက်၊ သုံးသပ်ချက်၊ တင်ပြချက်၊ ဆုံးဖြတ်ချက်နှင့် အစီရင်ခံစာများ၊ စာရွက်စာတမ်းအထောက်အထား၊ မှတ်တမ်းများအားလုံးကို ပြည်ထောင်စုလွှတ်တော်သို့ စနစ်တကျ လွှဲပြောင်းအပ်နှံရမည်။

**ပူးပေါင်းကော်မတီ၏ လုပ်ပိုင်ခွင့်များ**

၆။ ပူးပေါင်းကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပူးပေါင်းကော်မတီဥက္ကဋ္ဌသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာသုံးသပ်နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းကော်မတီနှင့် အစုအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ပိုင်ခွင့်ရှိသည်။

(ခ) ပူးပေါင်းကော်မတီဥက္ကဋ္ဌသည် ကော်မတီအစည်းအဝေးများကို သင့်လျော်သလို ခေါ်ပိုင်ခွင့်ရှိသည်။

(ဂ) အခြားပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို မထိခိုက်စေဘဲ မိမိတို့၏ သဘောထားကို လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်ရှိပြီး ယင်းသို့ ပြောဆိုဆွေးနွေးခြင်းများနှင့် စပ်လျဉ်း၍ လွှတ်တော်ဆိုင်ရာ ဥပဒေများမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဃ) ပူးပေါင်းကော်မတီအစည်းအဝေးများတွင် ပူးပေါင်းကော်မတီအဖွဲ့ဝင်ဦးရေ ထက်ဝက်ကျော် တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

(င) ပူးပေါင်းကော်မတီ အစည်းအဝေးများတွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ ယင်းအစည်း အဝေးသို့ တက်ရောက်သည့် ကော်မတီဝင်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရသည်။

(စ) ပူးပေါင်းကော်မတီအတွက် လိုအပ်သည့် အထောက်အထား၊ စာရွက်စာတမ်းများကို သက်ဆိုင်ရာဌာနအသီးသီးသို့ တောင်းခံပိုင်ခွင့်၊ မိတ္တူကူးယူခွင့်ရှိသည်။

(ဆ) ပူးပေါင်းကော်မတီသည် ပြည်ထောင်စုလွှတ်တော်၏ အမိန့်ကြော်ငြာစာအမှတ်၊ ၄၁/၂၀၁၃၊ အပိုဒ် ၆ ပါပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနအသီးသီးတို့မှ အကြံဉာဏ်များ ရယူနိုင်သည်။

**လုပ်ထုံးလုပ်နည်းများ**

၇။ ပူးပေါင်းကော်မတီ၏လုပ်ထုံးလုပ်နည်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပူးပေါင်းကော်မတီအတွင်း အစုအဖွဲ့များဖွဲ့စည်းကာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ပြဋ္ဌာန်းချက်များကို အပိုင်းအလိုက်ခွဲ၍ လေ့လာသုံးသပ်ချက် ရေးသားပြုစုရမည်။

(ခ) အစုအဖွဲ့အလိုက် လေ့လာသုံးသပ်ချက်များကို ပူးပေါင်းကော်မတီတွင် ပြန်လည်စုပေါင်း ဆွေးနွေးသုံးသပ်မှု ပြုလုပ်ရမည်။

(ဂ) ပူးပေါင်းကော်မတီတွင် စုပေါင်းဆွေးနွေးသုံးသပ်ပြီးနောက် အများသဘောတူညီသည့် အစီရင်ခံစာကို အပိုင်းလိုက်ခွဲ၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရမည်။

**ပူးပေါင်းကော်မတီ၏ရပိုင်ခွင့်များ**

၈။ ပူးပေါင်းကော်မတီ၏ ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လွှတ်တော်ကိုယ်စားလှယ်များ၏ ရပိုင်ခွင့်များအတိုင်း ခံစားခွင့်ရှိသည်။

(ခ) ပူးပေါင်းကော်မတီအတွက် လိုအပ်သောရုံးခန်း၊ အစည်းအဝေးခန်း၊ ရုံးဝန်ထမ်း၊ ရုံးသုံး အထောက်အကူပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေးနှင့် ငွေကြေးသုံးစွဲခွင့်ကိစ္စရပ်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ရယူဆောင်ရွက်ခွင့်ရှိသည်။

(ဂ) ပူးပေါင်းကော်မတီ၏ လိုအပ်ချက်များကို ပြည်ထောင်စုလွှတ်တော်နာယကထံသို့ တင်ပြတောင်းခံပိုင်ခွင့်ရှိသည်။

**(ပုံ) သူရရွှေမန်း**
**နာယက**

# တရားမဝင်ကုန်သွယ်မှုကြောင့် နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်ဘဏ္ဍာများဆုံးရှုံးနေ

**နေပြည်တော် ဩဂုတ် ၂၇**

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ စတုတ္ထအကြိမ် အစည်းအဝေးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖြေလျှော့မှုများ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ ဆက်တိုက်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အတွက်လည်း တရားမဝင်ကုန်သွယ်မှု အတိုင်းအတာတစ်ခုအထိ တိုးတက်ခဲ့သော်လည်း ဖြေလျှော့မှုများ ပြုပြင်ပြောင်းလဲမှုများကို အခွင့်ကောင်းယူ၍ တရားမဝင်ကုန်သွယ်မှုများ လုပ်ဆောင်နေသည်ကို တွေ့ရပါကြောင်း။

တရားမဝင်ကုန်သွယ်မှုကြောင့် တရားဝင်ကုန်သွယ်မှု ပြုလုပ်နေသည့် ကုန်သည်လုပ်ငန်းရှင်များ အနေဖြင့် ၎င်းတို့နှင့်မယှဉ်ပြိုင်နိုင်ပါကြောင်း၊ ပြည်တွင်းလုပ်ငန်းရှင်များကိုလည်း ထိခိုက်ပါကြောင်း၊ တရားမဝင် ဝင်ရောက်ခြင်းဖြစ်သည့်အတွက် အရည်အသွေး၊ လုံခြုံမှု၊ သက်တမ်း Expired Date တို့ကို မစစ်ဆေးနိုင်သည့်အတွက် စားသုံးသူ အကာအကွယ်ပေးရေး မဆောင်ရွက်နိုင်ပါကြောင်း၊ ထို့အပြင် နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်ဘဏ္ဍာများဆုံးရှုံးနေပါကြောင်း။

**လျှော့ချနိုင်ခဲ့**

သို့ဖြစ်ပါ၍ တရားမဝင် ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးကို ပြီးခဲ့သည့် နိုဝင်ဘာလမှစတင်ပြီး မူဆယ်လမ်းကြောင်းနှင့် မြဝတီလမ်းကြောင်းများတွင် ဌာနစုံပါဝင်ပြီး ပုဂ္ဂလိကအသင်းအဖွဲ့များ၊ မီဒီယာများ ပါဝင်ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ခြင်းကြောင့် နယ်စပ်များမှတစ်ဆင့် စတင်ဆောင်ရွက်ခဲ့သည့်အတွက် တရားမဝင်ကုန်သွယ်မှုကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်ခဲ့ပါကြောင်း။

**သတ်မှတ်ထား**

သို့သော်လည်း ကုန်သွယ်မှု၏ ၈၀ ရာခိုင်နှုန်းသည် ပင်လယ်ရေကြောင်းမှတစ်ဆင့် လုပ်ဆောင်ခြင်းဖြစ်၍ ပင်လယ်ရေကြောင်းမှ တရားမဝင်ကုန်သွယ်မှု လျော့နည်းစေရန် ယခုလဆန်းမှစပြီး ပင်လယ်ရေကြောင်းမှ ရန်ကုန်ဝင်ပေါက်ခုနစ်နေရာကို Mobile Team ဖြင့်စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ပညာပေးကာလကို ယခုလကုန်အထိ သတ်မှတ်ထားပါကြောင်း။

မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ ရှည်လျားလှသည့် ကမ်းရိုးတန်း နှင့်နယ်စပ်ဧရိယာ (Border Line) များ ရှိနေခြင်းကြောင့် တရားမဝင်ကုန်သွယ်မှု ပပျောက်ရန် ခက်ခဲပါကြောင်း၊ အတတ်နိုင်ဆုံး လျော့နည်းစေရန် လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ယခုနှစ်၏ ကုန်သွယ်မှုရည်မှန်းချက် ၂၅ ဘီလီယံဖြစ်ပြီး ယခင်နှစ်ထက် ၇ ဘီလီယံပိုမိုများလာပါကြောင်း၊ ထို့အတွက် တရားဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ် ရောက်ရှိရေးအတွက် ဌာနဆိုင်ရာများ၊ ဒေသအာဏာပိုင်များ၊ အသင်းအဖွဲ့များအပြင် ကုန်သွယ်လုပ်ငန်းရှင်များအားလုံး အသိစိတ်ဓာတ်နှင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် ဒီတရားမဝင်ကုန်သွယ်မှုလျှော့ချရေးအတွက် နည်းလမ်းများ ထိရောက်သည့် အကြံဉာဏ်ကောင်းများ ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားခဲ့သည်။

**(ဝဲပုံ) (သတင်းစဉ်)**

## ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် တရားလွှတ်တော်ရှေ့နေများနှင့်တွေ့ဆုံ

**လွိုင်ကော် ဩဂုတ် ၂၇**

ကယားပြည်နယ်အတွင်းတရားစီရင်ရေးလုပ်ငန်းများ ဥပဒေနှင့်အညီပြည့်ဝမှန်ကန်စွာ ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ပြည်နယ်အတွင်းရှိ တရားလွှတ်တော် ရှေ့နေများ၊ အထက်တန်းရှေ့နေများနှင့် တွေ့ဆုံပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၁၀ နာရီက လွိုင်ကော်မြို့ လွိုင်ကော်ခရိုင်တရားရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ကယားပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးကျော်လင်းမောင်၊ ကယားပြည်နယ်ဥပဒေချုပ် ဦးဌေးအောင်တို့က တက်ရောက် အမှာစကားပြောကြားသည်။ ယင်းနောက် အစည်းအဝေးတက်ရောက်လာသူများက တရားစီရင်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## နိုင်ငံတကာဘောလုံးပွဲများ အနိုင်အရှုံး

| ပရီမီယာလိဂ် | လာလီဂါ | စီးရီးအေ |
|---|---|---|
| ပွဲစဉ်(၂) | ပွဲစဉ်(၂) | ပွဲစဉ်(၁) |
| မန်ယူ ၀-၀ ချယ်လ်ဆီး | ဂရင်နာဒါ ၀-၁ ရီးရဲမက်ဒရစ် | ဖီအို ၂-၁ ကာတာနီးယား |

## ကချင်ပြည်နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၇**

ဩဂုတ် ၂၅ ရက် ည ၉ နာရီက ကချင်ပြည်နယ် မြစ်ကြီးနားမူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဟိုပင်မြို့ မြသီတာရပ်ကွက်နေ ဒေါ်ချိုချိုဝင်း၏နေအိမ်၌ ရှာဖွေနေစဉ် ဆိုင်ကယ်ဖြင့် ရောက်ရှိလာသည့် ဟိုပင်မြို့နယ် မြေနုကျေးရွာနေ မောင်ဦး (၃၈ နှစ်)နှင့်သိန်းစိုး (၃၀ နှစ်)တို့အား ရှာဖွေရာသိန်းစိုး၏ အင်္ကျီအိတ်ကပ်အတွင်းမှ စီးကရက်ဘူးခွံဖြင့်ထည့်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား၂၀၀ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ စစ်ဆေးချက်အရ အဆိုပါ ဆေးပြားများကို မြေနုကျေးရွာ နန့်ရင်းချောင်းဘေးနေ မောင်ခဲက ၎င်းတို့အား ဟိုပင်မြို့အတွင်းလှည့်လည်ရောင်းချခိုင်းသဖြင့် တစ်ဆင့်ပြန်လည်ရောင်းချရန် သယ်ဆောင်လာခြင်းဖြစ်ကြောင်း သိရှိရသဖြင့် မောင်ဦး၊ သိန်းစိုးနှင့် မောင်ခဲတို့ သုံးဦးအား ဟိုပင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

**(အောက်ပုံ) (သတင်းစဉ်)**

# လားရှိုးမြို့၌ အိမ်တွင်းမှုသင်တန်းများဖွင့်ပွဲအခမ်းအနားကျင်းပ သင်တန်းကျောင်းအတွက် ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် ဩဂုတ် ၂၇**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းသည် ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ လားရှိုးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ ကျင်းပသည့် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၆၄)၊ အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ် (၃၆)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနက ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မူဝါဒများနှင့် လုပ်ငန်းစဉ်များ၊ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးရသည့် ရည်ရွယ်ချက်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းများ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ၊ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်များ ဖွင့်လှစ်သင်ကြားပေးနေမှုအခြေအနေများကို ရှင်းလင်းမှာကြားကာ သင်တန်းသူများအနေဖြင့် သင်တန်းရည်ရွယ်ချက်များနှင့်အညီ ပြီးမြောက်အောင်မြင်အောင် အသက်မွေးဝမ်းကျောင်းပညာရပ်များကို ကြိုးစားသင်ယူကြရေး၊ သင်တန်းနည်းပြများကလည်း ကိုယ်စွမ်း ဉာဏ်စွမ်းရှိသလောက် စေတနာထားကာ သင်ကြားပို့ချပေးရေး မှာကြားသည်။

ဆက်လက်၍ သင်တန်းကျောင်းအတွက် ထောက်ပံ့ငွေများ၊ သင်တန်းနည်းပြများ၊ ဝန်ထမ်းများနှင့် သင်တန်းသူများအတွက် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့သည်။ ယင်းနောက် သင်တန်းကျောင်းအတွက် ကောင်းခါး ပြည်သူ့စစ်(ဌာနေ)အဖွဲ့နှင့် စိန်ကျော့ပြည်သူ့စစ်(ဌာနေ)အဖွဲ့များက အလှူငွေကျပ် ငါးသောင်းစီ ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းသူအိပ်ဆောင်များ၊ စားရိပ်သာနှင့်သင်တန်းခန်းမတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ သင်တန်းသူများအနေဖြင့် အိပ်ဆောင်သုံး ပစ္စည်းများကို သန့်ရှင်းသပ်ရပ်စွာ အသုံးပြုနိုင်ရေး၊ နေ့စဉ်ချက်ပြုတ်ကျွေးမွေးမည့် ဟင်းလျာစာရင်း ရေးဆွဲထားရှိရေး၊ သင်တန်းကျောင်း ပတ်ဝန်းကျင်၌ ရာသီသီးနှံပင်နှင့် နှစ်ရှည်ပင်များ ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးထားရှိရေးတို့ကို မှာကြားခဲ့သည်။

ယနေ့ ဖွင့်လှစ်ခဲ့သည့် အိမ်တွင်းမှုသင်တန်းများသို့ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ နောင်ချို၊ နမ့်လန်၊ သိန္နီ၊ ဟိုပန်၊ ကွမ်းလုံမြို့နယ်များမှ ဒေသခံတိုင်းရင်းသူလေးများ တက်ရောက်သင်ယူလျက်ရှိရာ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၆၄)တွင် သင်တန်းသူ ၆၂ ဦး၊ အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ် (၃၆)တွင် သင်တန်းသူ ၂၀ စုစုပေါင်း ၈၂ ဦးတက်ရောက်လျက်ရှိပြီး သင်တန်းကာလရက်သတ္တ ၁၄ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အထကကျောင်းများ၌ ပျိုရွယ်သူမျိုးဆက်ပွားကျန်းမာရေးအသိပညာပေးဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၇**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းက နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ပျိုရွယ်သူမျိုးဆက်ပွားကျန်းမာရေး အသိပညာပေးဆွေးနွေးခြင်းကို ၂၀၁၃ ခုနှစ် ဩဂုတ်လမှ ဒီဇင်ဘာလအတွင်းတွင် ပြုလုပ်ဆောင်ရွက်ရန် ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၉ နာရီတွင် ဥတ္တရသီရိမြို့နယ် အထက (၁၂)တွင် ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာလှမြသွေးကြွန်နှင့် ဒေါက်တာစုစုထိုက်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဆရာဝန်များ၊ ဥတ္တရသီရိမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ကျောင်းဆရာ ဆရာမများ၊ ပဥ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား ကျောင်းသူများ၊ မိဘများ တက်ရောက်ခဲ့ကြသည်။

**အသိပညာပေး**

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်က အဖွင့်အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် ဒေါက်တာ လှမြသွေးကြွန်တို့က ကျောင်းသား မိဘများကို အပြုသဘောဆောင်သော သားသမီး၊ မိဘ၊ ဆရာဆက်ဆံရေးနှင့် မိဘများ၏ တာဝန်ဝတ္တရားများအကြောင်းနှင့် ဆက်ကျော်သက် အရွယ်ကလေးများ၏ ကျန်းမာရေး မူးယစ်ဆေးဝါး အန္တရာယ်နှင့် အာဟာရအကြောင်းကို အသိပညာပေး ပြောကြားသည်။

ဆက်လက်၍ ဆရာဝန်များက အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများကို အဖွဲ့နှစ်ဖွဲ့ခွဲ၍ ပျိုရွယ်သူ မျိုးဆက်ပွားကျန်းမာရေး၊ HIV/AIDS၊ မူးယစ်ဆေးဝါး အန္တရာယ်များအကြောင်း၊ အာဟာရနှင့် မတော်တဆကြုံရသော အန္တရာယ်များ အကြောင်းကို အုပ်စုဖွဲ့ ဆွေးနွေးခြင်းများ အပြန်အလှန်ဆွေးနွေးခြင်းများ ပြုလုပ်ပြီး သိသင့်သည်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေနစ်မြုပ်သည့်နေရာများတွင် ရဲတပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၇**

ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီခွဲမှစ၍ ရန်ကုန်တိုင်းဒေသကြီးတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး လူနေရပ်ကွက်များအတွင်း ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ ရွှေပြည်သာမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ရွှေပြည်သာမြို့နယ် အတွင်းရှိ ဇီးကုန်းကျေးရွာ၊ အင်းပေါက်စုရပ်ကွက်၊ (၁/၅၈)ရပ်ကွက်၊ (ဒ/၁၇)ရပ်ကွက်နှင့် (တ/၁၅)ရပ်ကွက်များမှ ရေဘေးသင့် အိမ်ထောင်စု ၁၀၆၉ စု၊ လူဦးရေ ၃၄၄၀ တို့အား ရေဘေးကင်းလွတ်ရာ ရပ်ကွက်ဓမ္မာရုံများနှင့် စာသင်ကျောင်းများသို့ ကူညီရွှေ့ပြောင်းပေးခဲ့သည်။

**ရှင်းလင်းဖယ်ရှား**

ထို့ပြင် ဩဂုတ် ၂၃ ရက်တွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် မရမ်းကုန်းမြို့နယ် (၄)ရပ်ကွက် အောင်မင်္ဂလာလမ်း အမှတ် (၁၈) အခြေခံပညာမူလတန်းကျောင်းဝင်း ကျောင်းနောက်ဖေးရှိ ညောင်ပင်ကြီးလဲကျခဲ့ပြီး အမြင့် ခုနစ်ပေ၊ အကျယ် ကိုးပေခန့်ရှိ ကျောင်းဝင်းအုတ်တံတိုင်း၊ တန်ဖိုးငွေကျပ် ၅၀၀၀၀ ခန့်နှင့် အနီးရှိ လူနေအိမ် သုံးလုံးမှ ထုပ်၊ လျှောက်၊ ဒိုင်းနှင့်အမိုးများ စုစုပေါင်း တန်ဖိုးငွေကျပ် ၉၃၀၀၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ရာ မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများနှင့် ပူးပေါင်း၍ ရှင်းလင်းဖယ်ရှားခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ဝဲပုံ)**

**ကူညီရွှေ့ပြောင်း**

အလားတူ ဩဂုတ် ၂၄ ရက်ကလည်း မှော်ဘီမြို့နယ် အမှတ် (၃) ရပ်ကွက်အတွင်း မိုးသည်းထန်စွာ ရွာသွန်းပြီး ရေနစ်မြုပ်သဖြင့် ချက်ပြုတ်စားသောက်ရန် အခက်အခဲရှိသည့် ရပ်ကွက်နေပြည်သူများအား မှော်ဘီမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များက ထမင်းထုပ်များ ဝေငှပေးခဲ့ကြောင်း သိရှိရသည်။ ၎င်းပြင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ဒီရေတက်မှုကြောင့် ရေနစ်မြုပ်ခဲ့သည့် ရွှေပြည်သာမြို့နယ် (၁၂)ရပ်ကွက်၊ (၁၄)ရပ်ကွက်နှင့် (၁၆)ရပ်ကွက်များမှ အိမ်ထောင်စု ၄၂၇ စု၊ လူဦးရေ ၁၉၉၁ ဦးတို့အား ရွှေပြည်သာမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ရေဘေးကင်းလွတ်ရာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ဓမ္မာရုံများနှင့် ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားသည့် စာသင်ကျောင်းများသို့ ကူညီရွှေ့ပြောင်းပေးခဲ့သည်။

ထို့ပြင် ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေတက်ရောက်ပြီး ဆိပ်ကမ်းမြို့နယ် ကမ်းစပ်နှင့် ကမ်းနားဉပစာတစ်လျှောက်၌ ဒီရေနှင့်အတူ မျောပါလာသော အမှိုက်များ၊ ဒိုက်များတင်ကျန်ခဲ့ခြင်းကိုလည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် အိုးဘိုရပ်ကွက် ရုံးကြီးလမ်းနှင့် ဗိုလ်သူရလမ်းများရှိ လျှပ်စစ်မီးကြိုးခတ်တိုင်များ ကျိုးပဲ့လဲကျရာတွင်လည်းကောင်း၊ ဒလမြို့နယ် ကမာကသွယ်ရပ်ကွက်၊ စက်မြေရပ်ကွက်၊ ဆာဖာချောင်ရပ်ကွက်၊ ကမာကဆစ်ရပ်ကွက်၊ မှော်စက်ရပ်ကွက်နှင့် မြို့မ (၁) ရပ်ကွက်များတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည့် နေရာများတွင်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက အပျက်အစီးများအား ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးသင့်ပြည်သူများအား ရေဘေးကင်းလွတ်ရာ နေရာများသို့ ရွှေ့ပြောင်းရာတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းစသည့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ယနေ့ မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

# ရေဘေးသင့်ပြည်သူများအား ရေဘေးကင်းလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေး

**နေပြည်တော် ဩဂုတ် ၂၇**

ရှမ်းပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဩဂုတ် ၂၆ ရက် နံနက်ပိုင်းတွင် တန့်ယန်းမြို့ရှိ နမ့်ဟောင်းချောင်း ရေလျှံ၍ မြို့အတွင်းရှိရပ်ကွက်(၆)နှင့်(၁၀)တို့တွင် ရေကြီးမှုဖြစ်ပွားခဲ့ရာ ရေဘေးသင့်ပြည်သူ ၄၁၀ အား ရေဘေးကင်းလွတ်ရာ ဝိန်းလောင်းဘုန်းကြီးကျောင်းနှင့် ကိုင်းကျွန်းပရိယတ္တိစာသင်တိုက်တို့သို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်နှင့် ကြက်ခြေနီအဖွဲ့များပူးပေါင်း၍ ကူညီရွှေ့ပြောင်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(ယာပုံ)** **(မြဝတီ)**

ပြည်တွင်းသတင်း

## သတိပေးနှိုးဆော်ချက်

ရွှေဂုံတိုင်လမ်းဆုံ တံတားတည်ဆောက်ရေးစီမံကိန်းတွင် ယာယီငြမ်းစင် (Temporary Support) နှင့် တံတားသံပေါင်တပ်ဆင်ခြင်း လုပ်ငန်းများ လုပ်ဆောင်မည်ဖြစ်သဖြင့် ရွှေဂုံတိုင်လမ်းဆုံရှိ ကမ္ဘာအေးဘုရားလမ်းအရှေ့ဘက်ခြမ်း (Excel Tower ဘက်) ဓမ္မစေတီမီးပွိုင့်မှ ရွှေဂုံတိုင်မီးပွိုင့်အထိလည်းကောင်း၊ ကမ္ဘာအေးဘုရားလမ်းအရှေ့ဘက်ခြမ်း (မြန်မာ့အလင်းသတင်းစာတိုက်ဘက်) ရွှေဂုံတိုင်မီးပွိုင့်မှ သံယာ့ဆေးရုံ အထိလည်းကောင်း စီမံကိန်းဧရိယာအတွင်း ၂၈-၈-၂၀၁၃ ရက်နေ့မှ ၂၆-၁၀-၂၀၁၃ ရက်နေ့အထိ ရက်သတ္တပတ် ရှစ်ပတ်ခေတ္တလမ်းပိတ်မည်ဖြစ်ပါသဖြင့် ခရီးသည်တင်ယာဉ်များ၊ အငှားယာဉ်များ၊ ကိုယ်ပိုင်ယာဉ်များသည် အောက်ဖော်ပြပါလမ်းများအတိုင်း သွားလာကြရမည်ဖြစ်ပါသည်-

(က) ကမ္ဘာအေးဘုရားလမ်းအတိုင်း မြောက်မှတောင်သို့ သွားလာကြမည့်ယာဉ်များသည် ရွှေဂုံတိုင်လမ်းဆုံ၌ မူလယာဉ်ငယ်များသာ ဆက်လက်ဖြတ်သန်းသွားလာရမည်ဖြစ်ပြီး အမြင့် ၁၀ ပေနှင့်အထက် ပိုမိုသောယာဉ်လတ်များ၊ ယာဉ်ကြီးများနှင့်ခရီးသည်တင်ယာဉ်များသည် ရှောင်ကွင်းလမ်းများဖြစ်သော အနောက်ရွှေဂုံတိုင်လမ်း၊ ရေတာရှည်လမ်း၊ နန္ဒဝန်လမ်းဆုံမှ ကမ္ဘာအေးဘုရားလမ်းအတိုင်း ဆက်လက်သွားလာကြရန်။

(ခ) ကမ္ဘာအေးဘုရားလမ်းအတိုင်း တောင်မှမြောက်သို့ သွားလာကြမည့်ယာဉ်များသည် ကြားတောရလမ်းဆုံမှ ဝဲဘက်ကွေ့၍ ကြားတောရလမ်း၊ ရေတာရှည်လမ်း၊ အနောက်ရွှေဂုံတိုင်လမ်း၊ ရွှေဂုံလမ်း၊ လင့်လမ်း၊ ဓမ္မစေတီလမ်းမှတစ်ဆင့် ကမ္ဘာအေးဘုရားလမ်းသို့ ပြန်လည်ဝင်ရောက်၍ သွားလာကြရန်။

(ဂ) ကမ္ဘာအေးဘုရားလမ်းအတိုင်း တောင်မှမြောက်သို့သွားပြီး အရှေ့ရွှေဂုံတိုင်လမ်းသို့ သွားလာမည့်ယာဉ်များသည် ကြားတောရလမ်းဆုံမှ ဝဲဘက်ကွေ့၍ ကြားတောရလမ်း၊ ရေတာရှည်လမ်း၊ အနောက်ရွှေဂုံတိုင်လမ်း၊ ရွှေဂုံတိုင်လမ်းဆုံမှတစ်ဆင့် အရှေ့ရွှေဂုံတိုင်လမ်းအတိုင်း သွားလာကြရန်။

မော်တော်ယာဉ်များအနေဖြင့် အထက်ဖော်ပြပါလမ်းများအတိုင်း ဖြတ်သန်းမောင်းနှင်သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ထို့အပြင် ကမ္ဘာအေးဘုရားလမ်းအနောက်ဘက်ခြမ်း ရွှေဂုံတိုင်လမ်းဆုံမှ သံဃာ့ဆေးရုံအထိ ၁-၁၀-၂၀၁၃ မှ ၂၆-၁၀-၂၀၁၃ ရက်နေ့အထိ ရက်သတ္တပတ်သုံးပတ် ခေတ္တလမ်းပိတ်မည်ဖြစ်ရာ အဆိုပါ လမ်းသို့ သွားလာနေသော ၁၀ ပေအောက်ယာဉ်ငယ်များသည် အနောက်ရွှေဂုံတိုင်လမ်း၊ ရေတာရှည်လမ်း၊ နန္ဒဝန်လမ်း၊ ကြားတောရလမ်းများမှ လမ်းလွှဲအတိုင်း မောင်းနှင်သွားလာရမည်ဖြစ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

# အလုပ်အကိုင်အခွင့်အလမ်းရှာဖွေပွဲ မန္တလေးမြို့ မြို့တော်ခန်းမ၌ကျင်းပ

**မန္တလေး ဩဂုတ် ၂၇**

မန္တလေးမြို့ မြို့တော်ခန်းမ(၁)၌ ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီက ကျင်းပသည့် တတိယအကြိမ်မြောက် အထက်မြန်မာပြည် အလုပ်အကိုင်အခွင့်အလမ်းပြပွဲကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပန်းရာဇဝင်ကုမ္ပဏီလီမိတက်က ကျင်းပရာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် တက်ရောက် ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးထင်အောင်၊ မန္တလေးတိုင်းဒေသကြီး သစ်တောနှင့် သတ္တုရေးရာဝန်ကြီး ဦးသန်းစိုးမြင့်၊ ပန်းရာဇဝင်ကုမ္ပဏီနှင့် လာရောက်ဖွင့်လှစ်ပြသသည့် ကုမ္ပဏီအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အလုပ်သမား၊အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ကွပ်ကဲမှုဖြင့် ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများ ပူးပေါင်းပါဝင်ပြီး ယခုကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းပြပွဲများကို ကျင်းပပေးရခြင်းသည် လူငယ်များအပါအဝင် အလုပ်အကိုင်ရှာဖွေနေသူများနှင့် ဝန်ထမ်းလိုအပ်နေသော ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ တွေ့ဆုံ၍ ရွေးချယ်ခန့်ထားနိုင်ရေးအတွက် တစ်နေရာတည်း၌ အလုပ်ရရှိအောင် ဝန်ဆောင်မှုပေးသည့် One Stop Service အဖြစ် ရည်ရွယ်ကျင်းပရခြင်း ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ရည်မှန်းချက်တာဝန်များထားရှိ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လူငယ်များအပါအဝင် အလုပ်လုပ်နိုင်သော အသက်အပိုင်းအခြားအတွင်းရှိသူများကို အလုပ်အကိုင်ရရှိရန်၊ ကျွမ်းကျင်မှုလေ့ကျင့်ပေးရန်၊ အလုပ်သမားအခွင့်အရေးများကို ဥပဒေနှင့်အညီ ရရှိခံစားနိုင်ရန်တို့ကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် လုပ်သားဈေးကွက်ဆိုင်ရာ အချက်အလက်များကို အလုပ်ရှာဖွေသူများအနေဖြင့် Online မှတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းများ ဝင်ရောက်ကြည့်ရှုပြီး လွယ်ကူအဆင်ပြေစွာ အလုပ်ရှာဖွေနိုင်ရန် Online Labour Exchange Management System တစ်ရပ်ကို တည်ထောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ဖြစ်မြောက်အောင် မိမိတို့ဝန်ကြီးဌာန အနေဖြင့်လည်း အလုပ်ရှင်များနှင့် အလုပ်သမားများအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလုပ်သမားတစ်ဦးချင်း၏ လိုအပ်ချက်များ၊ အလုပ်ဌာနများ၏ လိုအပ်ချက်များကိုလည်း ပူးပေါင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းပြပွဲများကို ရန်ကုန်မြို့တွင် ငါးကြိမ်၊ မန္တလေးမြို့တွင် နှစ်ကြိမ် ကျင်းပခဲ့ပြီး အလုပ်ရှာဖွေသူများကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက One Stop Service အနေဖြင့် ဆောင်ရွက်ပေးခဲ့ရာ အလုပ်လျှောက်ထားသူများ ၇၅ ရာခိုင်နှုန်းခန့် အလုပ်ရရှိခဲ့ပါကြောင်း ပြောကြားခဲ့သည်။

**ဆောင်ရွက်**

အခမ်းအနားသို့ မန္တလေးမြို့ပေါ်နှင့် အခြားဒေသများရှိ ပြည်သူများ လာရောက်လေ့လာကြပြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် အလုပ်နေရာအတွက် မှတ်ပုံတင်သူပေါင်း ၁၈၁၄ ဦးရှိသည့်အနက် ၉၀၀ ကို နေ့ချင်းပြီးအလုပ်ခန့်ထားဆောင်ရွက်ပေးနိုင်ခဲ့သည်။ ကျန်ရှိသူများကို ဆက်လက်အလုပ်ခန့်ထားနိုင်ရေးစိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# အသက် ၂၀ အောက် ဘောလုံးပြိုင်ပွဲကျင်းပရေးညှိနှိုင်း

**မန္တလေး ဩဂုတ် ၂၇**

၂၀၁၃ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဒိုင်း အသက် ၂၀ အောက် အမျိုးသားလူငယ်ဘောလုံးပြိုင်ပွဲ ကျင်းပရေးညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၆ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ ဗထူးအားကစားကွင်းရှိ မန္တလေးတိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ **(အောက်ပုံ)** မန္တလေးတိုင်းဒေသကြီး ဘောလုံးအားကစား တိုးတက်မြင့်မားလာရေးအတွက် တိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်နှင့် အထက်မြန်မာပြည် လက်ရွေးစင် ဘောလုံးသမားဟောင်းများအသင်းတို့ ပူးပေါင်းစီစဉ်၍တိုင်းဒေသကြီးအတွင်း ဘောလုံးအားကစားပြိုင်ပွဲများကို စဉ်ဆက်မပြတ်ကျင်းပပေးနိုင်ရေးတို့ကို မန္တလေးတိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်ကိုက တိုက်တွန်းမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးအောင်အောင်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အကယ်ဒမီကျောင်းအုပ်ကြီး ဦးစိုးညွှန့်၊ လက်ရွေးစင်ဘောလုံးသမားဟောင်းများအသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် တာဝန်ရှိသူတို့က ဘောလုံးပြိုင်ပွဲစည်းမျဉ်းစည်းကမ်းဥပဒေများ၊ ပြိုင်ပွဲဝင်ကော်မတီအဆင့်ဆင့်ဖွဲ့စည်းရေး၊ ပြိုင်ပွဲဝင်အသင်းများ စည်းကမ်းနှင့်အညီ လိုက်နာပါဝင်ယှဉ်ပြိုင်ရေး၊ စည်းကမ်းဖောက်ဖျက်သော အသင်းများ၊ အုပ်ချုပ်သူနည်းပြများ၊ ဘောလုံးအားကစားသမားများကို ထိရောက်စွာ အရေးယူဆောင်ရွက်ပေးရေးစသည့် စည်းကမ်းများနှင့်အညီ ဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၁၅ ရက်တွင် ဗထူးအားကစားကွင်း၌ စနစ်တကျကျင်းပနိုင်ရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်းနှင့် အဆိုပါပြိုင်ပွဲဝင်အသင်းများသည် စက်တင်ဘာ ၂၀ ရက်မှ ၃၀ ရက်အတွင်း တိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်ရုံးခန်းသို့ ပြိုင်ပွဲစည်းကမ်းပါအသင်းဝင်လျှောက်လွှာပုံစံများ ယူဆောင်ဖြည့်စွက်၍ အသင်းဝင်ပုံစံများကို အသင်းဝင်ကြေးငွေကျပ်တစ်သိန်း၊ စပေါ်ငွေကျပ်တစ်သိန်း စုစုပေါင်းငွေကျပ်နှစ်သိန်းနှင့်အတူပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ စွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်

**မကွေး ဩဂုတ် ၂၇**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၇/၂၀၁၃) ဖွင့်ပွဲအခမ်းအနားကို မကွေးမြို့ နန်းထိုက်သူဟိုတယ်တွင် ဩဂုတ် ၂၆ ရက်နံနက် ၉ နာရီက ကျင်းပသည်။ အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီး ဦးအောင်ကျော်မင်းက ယင်းသင်တန်းကိုသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများတွင် တာဝန်ယူဆောင်ရွက်နေသော အစိုးရဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့မှ ပုဂ္ဂိုလ်များ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန်၊ ၎င်းတို့က မြို့နယ်များအထိ အဆင့်ဆင့်သင်တန်းများ ပြန်လည်ပို့ချနိုင်ရန်နှင့် ပြည်သူလူထုအတွင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာဗဟုသုတများ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေနိုင်ရန်ရည်ရွယ်ပြီး ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

**ခင်မာလာ(မကွေး)**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရှာကောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ GSM , CDMA မိုဘိုင်းဆင်းကတ်များကို ဩဂုတ် ၂၄ ရက်က ရပ်ကွက်အုပ်ချုပ်မှုအထောက်အကူပြုကော်မတီ ဦးကျော်ထင်အောင်၊ ဦးညီညီလွင်နှင့် မြို့နယ်သတင်းထောက် ဦးဇော်မျိုးနိုင်တို့ရှေ့တွင် ပြည်သူများ ပွင့်လင်းမြင်သာစွာ မဲစနစ်ဖြင့် နှိုက်ယူကြစဉ်။ (၁၄၅)

# သန်းခေါင်စာရင်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ကလေးမြို့၌ ဟောပြောပွဲကျင်းပ

**ကလေး ဩဂုတ် ၂၇**

ကလေးမြို့နယ် ပျဉ်းခုံကြီးအုပ်စု ယောက်ချိုကွင်းကျေးရွာ နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းတွင် ဩဂုတ် ၂၅ ရက် မွန်းလွဲ ၁ နာရီက ကလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲ၊ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ ဟောပြောပွဲနှင့် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါဟောပြောပွဲတွင် ခရိုင်ဦးစီးအရာရှိ ဦးဒိုင်ကျင့်ပါအိုက လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ သိမှတ်စရာများအကြောင်း ဟောပြောပြီးနောက် မြို့နယ်ဦးစီးမှူးဦးညီညီဇော်က ပြည်သူများအသိပညာဗဟုသုတတိုးပွားရေးအတွက် စာပေလေ့လာဖတ်ရှုခြင်းအလေ့အထ ရရှိကြရန် စာဖတ်ရှိန် မြှင့်တင်ရေးအကြောင်း ဟောပြောခဲ့သည်။

ထို့နောက် ပြည်သူများဖတ်ရှုလေ့လာရန်အတွက် မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ခံသို့ ဂျာနယ်မျိုးစုံအစောင် ၅၀ ကို ပေးအပ်လှူဒါန်းပြီး တက်ရောက်လာကြသော ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက ပြသထားသော နံရံကပ်စာစောင်များနှင့် ဓာတ်ပုံများကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ဂျူနိုင်း**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

## မြို့နယ်သတင်းတိုများ

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းသင်တန်းဖွင့်

**ယင်းမာပင် ဩဂုတ် ၂၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၂၀)၊ အိမ်တွင်းမှုသင်တန်းအမှတ်စဉ် (၂၄)သင်တန်းဖွင့်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်၌ ဩဂုတ် ၂၆ ရက်က အဆိုပါသင်တန်းကျောင်းခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသာအေးက တက်ရောက်အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထွေးရီက သင်တန်းနှင့်ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားမှုများကို တင်ပြရာ တိုင်းဒေကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် ဇနီးဒေါ်ဝေဝေခိုင်(အေးရိပ်ဝေ)မိသားစုက စက်ကြီးပန်းထိုးစက်တစ်လုံးနှင့် သင်တန်းသူများအတွက် စားစရိတ်အဖြစ် ငွေကျပ်နှစ်သိန်းထောက်ပံ့သည်။

**ဦးငယ်(ဆားလင်းကြီး)**

# ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် လျှပ်စစ်မီးစတင်ရရှိ

**နေပြည်တော် ဩဂုတ် ၂၇**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရွာတော်(တောင်ရွာ)၌ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ကျေးရွာမီးလင်းရေးကော်မတီ၏ ဦးဆောင်မှုနှင့်အတူ ဩဂုတ်လမှစတင်၍ အိမ်ခြေ ၃၀၀ ခန့်အနက် အိမ်ခြေ ၂၀၀ နီးပါးခန့်ကို လျှပ်စစ်မီးများစတင်ထွန်းညှိပေးနိုင်ပြီဖြစ်ကြောင်း ရွာတော်(တောင်ရွာ) မီးလင်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာထူးလားထံမှ သိရှိရသည်။ ရွာတော်(တောင်ရွာ)လျှပ်စစ်မီးကို နေပြည်တော်ဘူတာကြီးမှ သုံးမိုင်ခန့်အကွာ မီးကြိုးသွယ်တန်း၍ လျှပ်စစ်မီးရယူထားခြင်းဖြစ်ကြောင်း၊ အိမ်ခြေ ၂၀၀ ခန့်သည် လျှပ်စစ်မီးရရှိနေပြီဖြစ်ကြောင်း မီးလင်းရေးကော်မတီဥက္ကဋ္ဌက ပြောကြားသည်။

**ကာရန်ခ**

# သန်းခေါင်စာရင်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြော

**နေပြည်တော် ဩဂုတ် ၂၇**

ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဩဂုတ် ၂၆ မွန်းလွဲ ၂ နာရီက ပျဉ်းမနားမြို့နယ် ငကောင်းကံအုပ်စု ဇီးကုန်းကျေးရွာ ပညာ့အလင်းသစ်စာကြည့်တိုက်၌ သန်းခေါင်စာရင်းကောက်ယူရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးအောင်နိုင်ဦးက သန်းခေါင်စာရင်းကောက်ယူရေးနှင့် လူမှောင်ခိုကူးမှုပပျောက်ရေး အသိပညာပေးမှုကို ရှင်းလင်းပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးခိုင်က စာဖတ်ရှိန်မြှင့်တင်ရေးတို့ကို အသိပညာပေးဟောပြောသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတရသနှင့် ဂျာနယ်မျိုးစုံ ၁၀၀ ကိုပေးအပ်ရာ ဇီးကုန်းကျေးရွာ ပညာ့အလင်းသစ်စာကြည့်တိုက်မှူး ဦးလှမြင့်ကလက်ခံရယူပြီး တက်ရောက်လာကြသူများကို နံရံကပ်ပြဘုတ်များပြသခဲ့ကြောင်း သိရသည်။

**(၄၀၆)**

# အရန်သားဖွားဆရာမသင်တန်းဖွင့်

**ပခုက္ကူ ဩဂုတ် ၂၇**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ပံ့ပိုးမှုဖြင့် လေ့ကျင့်ဖွင့်လှစ်ပို့ချပေးမည့် အရန်သားဖွားဆရာမ (စတုတ္ထအကြိမ်)သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၆ ရက်နံနက် ၉ နာရီက ပခုက္ကူမြို့ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးက အမှာစကားပြောကြားသည်။ အခမ်းအနားသို့ မြို့နယ် အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ခရိုင် မိခင်/ကလေး အသင်းဥက္ကဋ္ဌ ဒေါ်စိုးစိုးသိန်းနှင့် အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးနှင့်ကျန်းမာရေးဝန်ထမ်းများ၊ သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်(မန်းတက္ကသိုလ်)**

# ဒေသဆိုင်ရာဧည့်လမ်းညွှန်အခြေခံသင်တန်း ဝင်ခွင့်စာမေးပွဲကျင်းပ

**မိုးကုတ် ဩဂုတ် ၂၇**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ကျင်းပသောအမှတ်စဉ် (၅/၂၀၁၃) ဒေသဆိုင်ရာဧည့်လမ်းညွှန်အခြေခံသင်တန်းဝင်ခွင့်စာမေးပွဲကို ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ မိုးကုတ်မြို့ ရှမ်းတောရပ်ရှိ အလက(၁)၌ကျင်းပရာ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတနှစ်ဘာသာဖြေဆိုခဲ့ကြသည်။ သင်တန်းကို ရက်သတ္တလေးပတ် သင်တန်းပို့ချသွားမည်ဖြစ်ပြီး ဒေသဆိုင်ရာ ဧည့်လမ်းညွှန်လိုင်စင်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်၌ အရန်သားဖွားဆရာမသင်တန်းဖွင့်

**ပွင့်ဖြူ ဩဂုတ် ၂၇**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ဦးဆောင်ပံ့ပိုးမှု၊ GAVI. HSS စီမံချက်၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် သွားလာရခက်ခဲသောကျေးရွာများမှ သင်တန်းသူများခေါ်ယူ၍ အရန်သားဖွားဆရာမသင်တန်း (၂/၂၀၁၃)ကို ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီက ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်က အမှာစကားပြောကြားပြီး မြို့နယ် ကျန်းမာရေးမှူး ဒေါက်တာသက်အောင်က သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားကြောင်း သိရသည်။ **တင်ထွန်းဦး**

# တရားမဝင်လာရောက်နေထိုင်သူများထံမှ လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**တမူး သြဂုတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့မှ ဒုရဲအုပ်ထွန်းလွင်နှင့်အဖွဲ့၊ ခမ်းပါတ်မြို့နယ်ခွဲ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဒုလဝကမှူး ဦးဖေမောင်ကျော်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် သြဂုတ် ၂၄ ရက် ညနေ ၅ နာရီခွဲခန့်တွင် သတင်းအရ သက်သေများနှင့်အတူ တမူးခရိုင် ခမ်းပါတ်မြို့နယ်ခွဲ အမှတ်(၃)ရပ်ကွက်နေ ဦးလွန်ဇကပ်(ခ)ပန်ကျားနေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်း၏နေအိမ်အတွင်း၌ တရားမဝင်ဝင်ရောက်နေထိုင်ကြသော အိန္ဒိယနိုင်ငံသားလမ်လ်ခန့်ခွာ၊ ပေါင်လင်းထန်နှင့် ရန်ရန်းတို့သုံးဦးကိုတွေ့ရှိ ဖမ်းဆီးရမိသဖြင့် လွန်ဇကပ်(၄၆ နှစ်) ခမ်းပါတ်မြို့၊ လမ်လ်ခန့်ခွာ (၂၅ နှစ်) ခင်ရန်ရွာ အိန္ဒိယနိုင်ငံ ဆာနားပတီးမြို့နယ်၊ ပေါင်လင်းထန် (၂၄ နှစ်) အိန္ဒိယနိုင်ငံ မိုရေးမြို့၊ ရန်ရန်း(၃၁ နှစ်)ဖိုလ်ငိုတ်ရွာ အိန္ဒိယနိုင်ငံ ချန်ဒယ်လ်ခရိုင် နေထိုင်သူလေးဦးတို့အား နိုင်ငံခြားသားများ တရားမဝင်ဝင်ရောက်နေထိုင်မှု လဝကအက်ဥပဒေဖြင့် ခမ်းပါတ်ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားသည်။

အသေးစိတ် စစ်ဆေးချက်အရ ၎င်းတို့လေးဦးသည် တစ်ဖက်အိန္ဒိယနိုင်ငံအခြေစိုက် Kuki National Army (KNA) ကူးကီးအမျိုးသားတပ်မတော်မှ ခွဲထွက်လာသူများဖြစ်ပြီး ၎င်းတို့နှင့်အတူပါလာသော ပစ္စတိုသေနတ်တစ်လက်၊ AK-47 သေနတ်တစ်လက်တို့ကို တမူးမြို့ မြို့မ(၁၄) ရပ်ကွက် ချောက်နက်ကြီးရွာတောစပ်ရှိ လူမနေသော တဲတစ်လုံးတွင် ဝှက်ထားခဲ့ကြောင်း သိရ၍ တာဝန်ရှိသူများက သက်သေများနှင့်အတူ သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာအမေရိကန်နိုင်ငံလုပ် RUGER ၉ ဒသမ မမ ပစ္စတိုတစ်လက် (နံပါတ်မထင်မရှား)၊ ကျည်ကတ်တစ်ခု၊ ၉ ဒသမ မမ ပစ္စတိုကျည် ၁၀ တောင့်၊ နံပါတ် ၂၈၆၃၉ ပါ AK-47 သေနတ်တစ်လက်၊ ကျည်အိတ်တစ်ခု၊ ၇. ၆၂×၃၉ ကျည် ၁၀ တောင့်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့လေးဦးအား တမူးမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဝင်းနိုင်(တမူး)**

မှုခင်းသတင်းနှင့်ကြော်ငြာ

# သိန်းထောင်ချီတန် ဆူဒိုအက်ဖီဒရင်းဆေးပြားဖမ်းမိ

**ကလေး သြဂုတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် သြဂုတ် ၂၄ ရက်က တမူးမြို့မှ ကလေးမြို့သို့ စိတ်ကြွဆေးပြားများထုတ်လုပ်ရာတွင် အသုံးပြုသောဆူဒိုအက်ဖီဒရင်းဆေးပြားများကို ကားဖြင့်သယ်ဆောင်လာမည်ဖြစ်ကြောင်း သတင်းအရ ကလေးခရိုင်ရဲတပ်ဖွဲ့မှူး၏စီစဉ်ညွှန်ကြားမှုဖြင့် အင်ဒိုင်းကြီးကျေးရွာတန်ပိုဂိတ်တွင် စောင့်ဆိုင်းဖမ်းဆီးစစ်ဆေးရာ တမူးမြို့မှ ကလေးမြို့သို့ ယာဉ်မောင်း ကျော်နိုင်ဝင်း၊ ယာဉ်နောက်လိုက် ထက်နိုင်လင်းတို့ မောင်းနှင်လာသော ဆီဘောက်ဆာယာဉ် အမှတ် ၈ည/----ကို ရပ်တန့်ရှာဖွေရာ ငွေကျပ်သိန်း ၁၅၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွဆေးဝါးများချက်လုပ်ရာတွင် အသုံးပြုသောဆူဒိုအက်ဖီဒရင်းဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဆီဘောက်ဆာပေါ်တွင် တင်ဆောင်ထားသည့် အစိမ်းနုရောင်ပီပါအတွင်းမှ တစ်ပြားလျှင် အလေးချိန် ၀ ဒသမ ၁ ဂရမ်ခန့်စီရှိ အဖြူရောင်ဆူဒိုအက်ဖီဒရင်းဆေးပြား ၂၂၀၀၀ စီပါ အထုပ်ခုနစ်ထုပ်၊ ဆေးပြားပေါင်း ၁၅၄၀၀၀၀ စုစုပေါင်းအလေးချိန် ၁၅၄ ကီလိုဂရမ်၊ ကာလတန်ဖိုး ငွေကျပ်သိန်း ၁၅၄၀၊ ကားခေါင်းအတွင်းရှိ Step တံဆိပ်ပါ အဝါရောင်အိတ်အတွင်းမှ HUAWEI တံဆိပ်ပါ အနက်ရောင် ဖုန်းတစ်လုံး၊ NOKIA တံဆိပ်ပါ အဖြူရောင်ဖုန်းတစ်လုံး၊ ငွေစက္ကူရောရာ ငွေကျပ် ၁၃၁၀၀၀ တို့ကို တွေ့ရှိသိမ်းဆည်းခဲ့ပြီး**(အောက်ပုံ)** ယာဉ်မောင်း ဦးကျော်နိုင်ဝင်းကို စစ်ဆေးဖော်ထုတ်ချက်အရ ကလေးမြို့နေဦးမင်းလွင်နှင့် တမူးမြို့နေ ဦးညီညီအောင်တို့ကသယ်ဆောင်ခိုင်းသည့်ပစ္စည်းများဖြစ်ကြောင်း သိရသည့်အတွက် တမူးခရိုင်ရဲတပ်ဖွဲ့သို့ ဆက်သွယ်ဆောင်ရွက်စဉ် ဦးညီညီအောင်ကို ချက်ချင်းဖမ်းဆီးရမိခဲ့ပြီး ဦးမင်းလွင်မှာတိမ်းရှောင်နေသဖြင့် အမြန်ဆုံးဖမ်းဆီးရမိရေးဆောင်ရွက်နေကြောင်း သိရသည်။ **သျှင်နေမင်း**

# ကျပ်သိန်းနှစ်ထောင်ကျော်တန်ဖိုးရှိစိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် သြဂုတ် ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ခမ်းမြို့နယ် ရွှေလီကြိုးတံတား၌ သြဂုတ် ၂၄ ရက်က ငွေကျပ်သိန်းနှစ်ထောင်ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မူဆယ် မူးယစ်အထူးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နံနက် ၉ နာရီခန့်တွင် နမ့်ခမ်းမြို့နယ် ရွှေလီကြိုးတံတားအနီး နမ့်ခမ်းမှ မန်ဝိန်းကြီးသို့ မအားလျှန်မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရာ ဆိုင်ကယ်နောက်ရှိ ဆီပုံးခွံအတွင်းမှ ကျပ်သိန်းနှစ်ထောင့်နှစ်ရာတန်ဖိုးရှိ WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀၀၀၊ အလေးချိန် ၁၁ ကီလိုကို ရှာဖွေတွေ့ရှိဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အလားတူ သြဂုတ် ၂၄ ရက်က မန္တလေးတိုင်းဒေသကြီး မြစ်ငယ်မြို့နှင့် မန္တလေးမြို့တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ မန္တလေးတောင်ပိုင်း မူးယစ်အထူးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီခန့်တွင် ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေး ရွှေ့င်ရယ်လက်ဖက်ရည်ဆိုင်အနီးတွင် သက်မျိုးဝင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကိုစစ်ဆေးရာ ဆိုင်ကယ်နောက်ရှိ လက်ဆွဲအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၇၇ ပြားကို ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်များအရ ညနေ ၄ နာရီတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မခင်ချိုလှိုင်(ခ)မချို၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၇၇ ပြား ထပ်မံဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မောင်ဖိုးဇော်**

# ဆိုင်ကယ်ခိုးမှုများ ဖော်ထုတ်

**ရန်ကုန် သြဂုတ် ၂၇**

သြဂုတ် ၂၂ ရက် နံနက် ၁ နာရီ ၄၅ မိနစ်က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးအကူတပ်ဖွဲ့ခွဲ အုပ်ချုပ်မှုတပ်ခွဲ မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များသည် ခိုးမှုများနှင့်ပတ်သက်၍ သတင်းအရဖုန်းမြင့်ဟိန်း(ခ)မင်းသိန်း ဝေဘာဂီမြို့သစ် မြောက်ဥက္ကလာပမြို့နယ်နေသူကို ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ စားသောက်ဆိုင်တွင် ဆိုင်ကယ်တစ်စီးဖြင့် မသင်္ကာ၍ ဖမ်းဆီးစစ်ဆေးခဲ့ရာ သြဂုတ် ၁၇ ရက် မွန်းတည့် ၁၂ နာရီက အင်းစိန်မြို့နယ် အင်းစိန်ဈေးအနီးတွင် သော့တန်းလန်းဖြင့် ရပ်တန့်ထားသည့်ဆိုင်ကယ်ကို ခိုးယူလာခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သိမ်းဆည်းပြီး အင်းစိန်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၎င်းအား ဆက်လက်စစ်ဆေးရာ ဇူလိုင်လအတွင်းက မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ်(၄)ရပ်ကွက် ပုဂံ(၁)လမ်းအတွင်းမှ သော့တန်းလန်းဖြင့် ရပ်ထားသည့် ဆိုင်ကယ်တစ်စီးကို ခိုးယူပေါင်နှံထားကြောင်း၊ မင်္ဂလာဒုံမြို့နယ် ဇေကမ္ဘာဘုရားရှေ့ အမှတ်(၃)လမ်းမပေါ်မှ သော့တန်းလန်းဖြင့်ရပ်ထားသည့် ဆိုင်ကယ်တစ်စီးကို ခိုးယူရောင်းချထားကြောင်း၊ သြဂုတ် ၉ ရက် နံနက် ၁၀ နာရီခန့်က မြောက်ဥက္ကလာပမြို့နယ် (ဂ)ရပ်ကွက် ဥက္ကာလမ်းအတွင်း သော့တန်းလန်းဖြင့် ရပ်ထားသည့် ဆိုင်ကယ်တစ်စီးကို ခိုးယူရောင်းချထားကြောင်း ပေါ်ပေါက်သဖြင့် သိမ်းဆည်းပြီး သက်ဆိုင်ရာရဲစခန်းများကအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **စိုးဝင်း(SP)**



ဖခင်အမည်မှန်

ညောင်မြို့နယ်၊ကန်ပေါက်ရွာနေ မိတ္ထီလာစီးပွားရေးတက္ကသိုလ် နောက်ဆုံးနှစ်မှ မကေဇင်အောင်၏ ဖခင်အမည်မှန်မှာ ဦးကျင်မောင် ၉/ညဥန(နိုင်)၀၂၉၉၆၁ ဖြစ်ပါကြောင်း။

**ဦးကျင်မောင်**

## ONE NINE မိသားစုအား တောင်းပန်ခြင်း

လားရှိုးမြို့၊ မန်ဆူပလာဇာ(B)ရုံ၊ အမှတ် (17,18)တွင် ဖွင့်လှစ်ထားသော ONE NINE အိမ်တွင်းမှုလုပ်ငန်းနှင့် စားသုံးကုန်မျိုးစုံဖြန့်ချိရေးအား ကျွန်တော်တို့ 555 ကုန်မျိုးစုံရောင်းဝယ်ရေးမှ ၂၃-၈-၂၀၁၃ရက်တွင် ONE NINE မိသားစုအား ဂုဏ်သိက္ခာထိခိုက်စေမည့် အပြုအမူများကို မရည်ရွယ်ဘဲ ကျူးလွန်မိပါသည်။ ထိုကိစ္စများအတွက် 555 မိသားစုမှ တာဝန်ရှိသူ ဦးရန်တီးလျံ ၁၃/လရန(နိုင်)၀၆၀၄၇၂သည် ကျူးလွန်မိသည့်အမှုကိစ္စအတွက် တောင်းပန်ပါကြောင်းနှင့် ထပ်မံ မဖြစ်ပွားစေရန် တာဝန်ယူပါကြောင်း။

**ဦးရန်တီးလျံ**

**555 ကုန်မျိုးစုံရောင်းဝယ်ရေး**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီးများမှ " Prevention of Reproductive Tract Cancers with a Particular Focus on Cervical Cancer"ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ကျင်းပမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူအထွေထွေရောဂါကုဆရာဝန်များအား အောက်ပါအစီအစဉ်ဖြင့် ဖိတ်ကြားအပ်ပါသည်။

**ဟောပြောပွဲကျင်းပမည့်နေ့ရက်၊** - ၃၁-၈-၂၀၁၃ (စနေနေ့)

**အချိန်** နံနက် ၉း၀၀နာရီမှ မွန်းလွဲ ၁း၀၀နာရီအထိ

**ဟောပြောပွဲကျင်းပမည့်နေရာ** - Micasa Hotel, Yangon

**အမည်စာရင်းပေးသွင်းရန် ဖုန်း-၀၉-၄၂၀၀၃၄၉၆၃၊ ၀၉-၅၀၃၅၆၉၅**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ပိတောက်ရိပ်သာလမ်း၊ အိမ်အမှတ် ၂၄၈ ဟု ခေါ်တွင်သော အလျားပေ ၂၀×အနံပေ ၆၀ရှိ အိမ်၊ ခြံ၊ မြေနှင့်ပတ်သက်ဆက်နွယ်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ ဒေါ်တင်မေ ၁၂/အစန(နိုင်)၀၇၇၁၇၄ က ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုပြီး ၎င်း၏သမီး ဒေါ်ခင်ပပလင်း (ဘ)ဦးရွှေသိန်း ၁၂/အစန(နိုင်)၀၇၆၆၈၉ က မောင်နှမအားလုံး၏ သဘောတူညီချက်ဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသောကြောင့် အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ အကျိုးသက်ဆိုင် ကန့်ကွက်လိုသူများအနေနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ လာရောက်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်သွယ်သွယ်ထွေး LL.B** | **ဒေါ်တင်တင်ညို LL.B** | **စည်သူအံ့ဘွယ် LL.B** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ (Advocate)** |

**(စုပေါင်းရုံးဝင်း၊ ရှေ့နေများနားနေခန်း၊ အင်းစိန်၊ ဖုန်း-၀၉-၇၃၀၂၁၁၂၃)**

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ရုံးလုပ်ငန်းသုံးစက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁ | External USB HDD 2TB | ၇ |
| ၂ | Air Conditioner Split Type (1.5) H.P | ၃ |
| ၃ | Desktop Computer with UPS | ၇ |
| ၄ | Digital Multifunction Copier | ၁ |
| ၅ | Fax Machine | ၁ |
| ၆ | Binding Machine | ၂ |
| ၇ | Colour Printer | ၃ |
| ၈ | Duplo Copy Printer | ၁ |
| ၉ | Calculator (12 Digits) | ၁၀ |
| ၁၀ | Paper Cutter | ၁ |

၂။ အိတ်ဖွင့်တင်ဒါများကို ၁၃-၉-၂၀၁၃ရက် (သောကြာနေ့) ညနေ ၁၅း၀၀ နာရီ နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၂-၉-၂၀၁၃ရက်မှစ၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန၊ စီမံရေးရာဌာနခွဲ ဖုန်း-၀၆၇-၄၀၈၂၂၄ (နေပြည်တော် ရုံးအမှတ် ၃၆)တွင် ရုံးချိန်အတွင်း စုံစမ်းတင်သွင်းနိုင်ပါသည်။

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး (၃)လ သရုပ်ဆောင်သင်တန်း

သင်တန်းတက်ရောက်လိုသူများ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် ပုံစံယူ၍ စက်တင်ဘာ ၃၀ရက် နောက်ဆုံးထားပြီး ဖြည့်စွက်လျှောက်ထားနိုင်သည်။

**အမှတ် ၁၆၊ ဝင်္ကပါလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၄၂၇၀၊ ၅၄၄၂၇၁**

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

## ပြည်တွင်းသတင်း

# ဘားအံမြို့နယ်ရှိ ရေကြီးနစ်မြုပ်လယ်မြေများ အချိန်မီပြန်လည်စိုက်ပျိုးရန် မျိုးစပါးပေးအပ်

**ဘားအံ ဩဂုတ် ၂၇**

ကရင်ပြည်နယ်အတွင်း ၂၀၁၃-၂၀၁၄ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မြစ်ရေများ ထူးကဲစွာမြင့်တက်ခဲ့မှုကြောင့် မိုးစပါးစိုက်လယ်မြေ ၇၉၅၉ ဧက ပျက်စီးခဲ့သည်။ အဆိုပါ ရေကြီးနစ်မြုပ်လယ်မြေများ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် တောင်သူများ လိုအပ်နေသည့် မျိုးစပါးများထောက်ပံ့ရန် ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်စိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့ဝင်များသည် ဩဂုတ် ၁၈ ရက်တွင် ဘားအံမြို့နယ် ကျုံဖဲကျေးရွာ ရွာလယ်ဇရပ်တွင် ဆင်းသုခမျိုးစပါး ၁၀၇ တင်းနှင့် ဇာသပြင်ကျေးရွာ ဆင်းသုခမျိုးစပါး ၁၃၅ တင်းတို့ကို ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် တောင်သူများသို့ ထောက်ပံ့ပေးအပ်ခဲ့ပြီး **(အပေါ်ပုံ)** ရေကြီးနစ်မြုပ်ပျက်စီးဧကများ အချိန်မီပျိုးထောင်စိုက်ပျိုးရေး၊ ရေကြီးနစ်မြုပ်ထိခိုက်လယ်မြေများ အထွက်နှုန်း မထိခိုက်စေရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ဇာသပြင်ကျေးရွာရှိ တောင်သူ ၆၈ ဦး၊ ကျုံဖဲကျေးရွာရှိ တောင်သူ ၇၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ပြည်နယ် စိုက်ပျိုးရေး**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

**၂၇-၈-၂၀၁၃** **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

| | | |
|---|---|---|
| ရန်ကုန်ရွှေဈေး | တစ်ကျပ်သား | ၇၂၁၂၀၀-၆၇၈၈၀၀ |
| မန္တလေးရွှေဈေး | တစ်ကျပ်သား | ၇၂၁၀၀၀-၆၇၈၆၀၀ |

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး** (ပြင်ပငွေလဲပေါက်ဈေး)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၆၅ - ၉၇၅ | ကျပ် |
| ဥရောပ | တစ်ယူရို | ၁၂၉၅ - ၁၃၀၅ | ကျပ် |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၅၈ - ၇၇၀ | ကျပ် |
| ထိုင်း | တစ်ဘတ် | ၃၁.၃ - ၃၂ | ကျပ် |
| အိန္ဒိယ | တစ်ရူပီး | ၁၅ - ၁၅.၉ | ကျပ် |
| တရုတ် | တစ်ယွမ် | ၁၅၇ - ၁၆၂ | ကျပ် |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၀ - ၂၉၅ | ကျပ် |

**စက်သုံးဆီဈေးနှုန်းများ** (Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ၈၁၄ | ကျပ် |
| ဒီဇယ် | တစ်လီတာ | ၉၃၀ | ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၉၃၀ | ကျပ် |
| အောက်တိန်း ၉၅ | တစ်လီတာ | ၁၀၉၀ | ကျပ် |
| ပရီမီယံဒီဇယ် | တစ်လီတာ | ၉၄၀ | ကျပ် |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း** (သား/ငါးဒိုင်များ)

| | | | | |
|---|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၀၀၀-၄၂၀၀ | ကျပ် |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၀၀၀-၃၂၀၀ | ကျပ် |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၃၇၀၀-၅၂၀၀ | ကျပ် |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ | ကျပ် |
| ၅။ | ပုစွန်(ကျော့) | တစ်ပိဿာ | ၄၀၀၀-၆၀၀၀ | ကျပ် |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၂၀၀၀ | ကျပ် |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၈၀၀-၂၀၀၀၀ | ကျပ် |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၂၀၀၀ | ကျပ် |
| ၉။ | ဝက် | တစ်ပိဿာ | ၄၅၀၀-၈၀၀၀ | ကျပ် |
| ၁၀။ | အမဲ | တစ်ပိဿာ | ၃၅၀၀-၇၀၀၀ | ကျပ် |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၁၀၀၀-၁၅၀၀၀ | ကျပ် |

**ခင်ရတနာ-စုစည်းသည်။**

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | | |
|---|---|---|---|
| ၁။ | နွေဆန် | တစ်အိတ် | ၁၈၄၀၀ |
| ၂။ | ပေါ်ကွဲ | တစ်အိတ် | ၂၃၀၀၀ |
| ၃။ | ပေါ်ဆန်း | တစ်အိတ် | ၂၅၀၀၀-၃၀၀၀၀ |
| ၄။ | မြေပဲဆီ | တစ်ပိဿာ | ၃၇၀၀ |
| ၅။ | စားအုန်းဆီ | တစ်ပိဿာ | ၁၅၂၂ |
| ၆။ | ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၆၈၀-၈၀၀ |
| ၇။ | ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၁၅၀-၁၇၇၅ |
| ၈။ | ကြူကုတ်ကြက်သွန်ဖြူ | တစ်ပိဿာ | ၁၀၂၅-၁၀၅၀ |
| ၉။ | အာလူး(အောင်ပန်း) | တစ်ပိဿာ | ၄၀၀-၄၇၀ |
| ၁၀။ | ဝါးခယ်မငရုတ်ရှည် | တစ်ပိဿာ | ၂၄၀၀ |
| ၁၁။ | ဆင်ဖြူကျွန်းငရုတ်ပွ | တစ်ပိဿာ | ၃၈၀၀ |
| ၁၂။ | သကြား | တစ်ပိဿာ | ၉၇၅-၁၁၆၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

**ခင်ဆိုင်-စေ့ငုတင်ပြသည်။**

# ရခိုင်ပြည်နယ်တွင် ငါး၊ ပုစွန် မွေးမြူရေးသင်တန်းဖွင့်

**စစ်တွေ ဩဂုတ် ၂၇**

ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနကဖွင့်လှစ်သော ရေချို ရေငန်ငါး၊ ပုစွန်မွေးမြူရေး သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၆ ရက် နံနက် ၇ နာရီက စစ်တွေမြို့ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။ ဖွင့်ပွဲတွင် ရခိုင်ပြည်နယ်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ပြည်နယ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဝန်ကြီး ဦးသာလူချေက ရခိုင်ပြည်နယ် လူဦးရေအများစုသည် ရေလုပ်ငန်းဖြင့် အသက်မွေးမြူသူများဖြစ်ကြောင်း၊ သို့ဖြစ်၍ ရေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စာတွေ့ လက်တွေ့အတွေ့အကြုံများ ပေါင်းစပ်သင်ကြားပေးမည့်သင်တန်းဖြစ်၍ ဂရုတစိုက်သင်ယူသွားကြရန်လိုကြောင်း အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးမြင့်နှင့် ပြည်နယ်/ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ **လ/၀၀၃**

# ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်း

**တာချီလိတ် ဩဂုတ် ၂၇**

ထိုင်းနိုင်ငံ မယ်ဆိုင်မြို့သို့ အကြောင်းအမျိုးမျိုးဖြင့် သွားရောက်စဉ် အခက်အခဲအချို့နှင့် ကြုံတွေ့ခဲ့ရသော မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးအတွက် ကော်မတီတစ်ရပ်ဖွဲ့စည်းရေး ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၆ ရက် မွန်းလွဲ ၂ နာရီက တာချီလိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးက အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေမျိုးထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့် တာဝန်ရှိသူများ၊ တက်ရောက်လာကြသူများမှ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးနှင့် မြန်မာနိုင်ငံသားများအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့သို့ လုပ်ငန်းကိစ္စ၊ ကျန်းမာရေးကိစ္စ၊ ကုန်သွယ်ရေးကိစ္စ၊ အလည်အပတ်တို့ဖြင့် သွားရောက်စဉ် ထိုင်းနိုင်ငံတာဝန်ရှိသူအချို့မှ ဥပဒေမဲ့ ပြုမူဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်ပြီး ကိုယ်တွေ့ကြုံခဲ့ရသူများက ၎င်းတို့၏ အတွေ့အကြုံများကို ပါဝါဆလိုက်ဖြင့်လည်းကောင်း၊ ကိုယ်တိုင်ပြောကြားချက်ဖြင့်လည်းကောင်း ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးတင်ပြကြသည်။

**ဖွဲ့စည်း**

ထို့နောက် တာချီလိတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲထူးဦးဆောင်ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့အစည်းများ၊ သတင်းမီဒီယာများပါဝင်သည့် ၂၇ ဦးပါ "ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးအဖွဲ့ (တာချီလိတ်)"ကို ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

ပြည်တွင်းသတင်း

# ရွှေဘို၌ စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

**ရွှေဘို ဩဂုတ် ၂၇**

ရွှေဘိုမြို့ W.Com Computer Centre နှောင်းသစ်လူငယ်အဖွဲ့နှင့် မန္တလေးမြို့ အမျိုးသားသွေးလှူဘဏ်တို့ ပူးပေါင်းပြီး ဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီက စုပေါင်းသွေးလှူဒါန်းပွဲကိုW.Com Computer Centre၌ ကျင်းပသည်။

အဆိုပါသွေးလှူဒါန်းပွဲသို့ နှောင်းသစ်လူငယ်အဖွဲ့မှ လူငယ်မောင်မယ်များ၊ မြို့နယ်အတွင်းမှ စေတနာရှင်များ လာရောက်ကြပြီး မန္တလေး အမျိုးသားသွေးလှူဘဏ်မှ နယ်လှည့်သွေးဖောက်ယာဉ်ဖြင့် သွေးဖောက်စစ်ဆေးရယူသည်။သွေးလှူဒါန်းပွဲသို့သွေးလှူရှင် စုစုပေါင်း ၁၃၆ ဦး လာရောက်လှူဒါန်းကြပြီး အမျိုးသားသွေးလှူဘဏ် (မန္တလေး)မှ ဒေါက်တာမျိုးမင်းဟန်၊ ဒေါက်တာဝေဖြိုးမော်၊ သူနာပြုဆရာမကြီး ဒေါ်ကြူကြူအပါအဝင် ဆရာ ဆရာမ ၃၃ဦးတို့ လာရောက်၍ သွေးလက်ခံယူကြောင်း သိရသည်။ (ဝ၅ဝ)

# ကျိုက်ထိုတွင် ဖောက်ထွင်းခဲ့သူ ပဲခူးရဲဖမ်းလိုက်ပြီ

**ပဲခူး ဩဂုတ် ၂၇**

ပဲခူးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်း၏ ညွှန်ကြားချက်အရ မှုခင်းကျဆင်းရေးအတွက် ပဲခူးမြို့ အမှတ်(၃) စခန်းမှ စခန်းမှူး ရဲအုပ်ဇော်လင်း၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် လင်းအောင်နှင့်အဖွဲ့သည် စခန်းပိုင်နယ်မြေအတွင်း လှည့်ကင်းများဆောင် ရွက်နေစဉ် ဩဂုတ် ၂၆ ရက် ည ၁၀ နာရီခွဲခန့်က ပဲခူးဘူတာ

ခုံးထိပ်တွင် မသင်္ကာဖွယ်ရာ လူတစ်ဦးကိုတွေ့ရှိ၍ စစ်ဆေးမေးမြန်းရာ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် တောင်သူစုရပ်ကွက် ဘူတာဝင်းနေ လှဝင်း(ခ)ရခိုင်(ခ)ရဲရင့် အသက် (၃၁ နှစ်)၏ အမည်းရောင် သားရေအိတ်အတွင်းမှ ရွှေထည်ပစ္စည်း ၁၉ မျိုး၊ ရွှေအလေးချိန် ၁၆ ကျပ်သားကျော် ကာလတန်ဖိုးငွေကျပ် သိန်း ၁၀၀ခန့် တွေ့ရှိရသဖြင့် လှဝင်းကခိုးလာကြောင်း ဝန်ခံခဲ့သည်။

အမှုဖြစ်စဉ်မှာ လှဝင်းသည် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက်ပိကျေးရွာနေ ဦးအောင်ကြိုင်နေအိမ်မှ ဩဂုတ် ၂၁ ရက် ည ၁ နာရီခွဲခန့်က အိမ်ရှင်များ အိပ်နေခိုက် အိမ်အတွင်းသို့ဝင်၍ အိပ်ခန်းထဲရှိ ဗီရိုကိုဖွင့်ပြီး ခိုးယူခဲ့ကြောင်း သိရသည်။

**သန့်စင်**

**ရန်ကုန် ဩဂုတ် ၂၇**

ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့အနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးတာဝန်များနှင့် ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေး တာဝန်များကို နေ့စဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အလုံမြို့နယ် အမှတ် (၂၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက အလုံမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် ကျောင်းတက် ကျောင်းဆင်းချိန်များတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးတာဝန်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် မြောက်ဥက္ကလာပမြို့နယ်ရှိ သုဓမ္မာလမ်းမကြီး (င)ရပ်ကွက် သုဓမ္မာလမ်းနှင့် သန္တာလမ်းဆုံအနီးတွင် ယာဉ်ကြောသွားလာမှု လွယ်ကူစေရေးနှင့် ယာဉ်အန္တရာယ်မဖြစ်စေရေးအတွက် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၄၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဦးစီးသည့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ ဝန်ထမ်းများပူးပေါင်း၍ လူကူးမျဉ်းကျားတွင် စည်းကမ်းမဲ့ ရပ်နားသည့် ခရီးသည်တင် ယာဉ်လိုင်းများကို စစ်ဆေးအရေးယူခြင်း၊ ခရီးသွားပြည်သူများကို မှတ်တိုင်တွင် စနစ်တကျ သွားရောက်စီးနင်းစေခြင်း၊ လူကူးမျဉ်းကျားမှ စနစ်တကျ လမ်းဖြတ်ကူးစေရေးအတွက် အသိပညာပေးခြင်းနှင့် လူကူးမျဉ်းကျားတွင် ယာဉ်စည်းကမ်းထိန်းသိမ်းပေးခြင်းများ နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲကိုကို**

# ယာဉ်အန္တရာယ်မဖြစ်စေရေးအတွက် ယာဉ်ကြောရှင်းလင်းဆောင်ရွက်

# နံနံစေ့ နံနံပင်ဆေးဖက်ဝင်



မြန်မာဟင်းတော်တော်များများမှာထည့်တဲ့ ဟင်းခတ်အမွှေးအကြိုင်လည်းဖြစ်၊ ဈေးကလည်းသက်သာ၊ အလွယ်တကူဝယ်လို့ရနိုင်တဲ့အပြင် ကျန်းမာရေးအကျိုးကျေးဇူးကလည်းများတဲ့ အပင်တစ်မျိုးရှိပါတယ်။ အဲဒါကတော့ အိမ်ရှင်မတိုင်းရဲ့ လက်စွဲတော် "နံနံပင်"ပါပဲ။ ယခုလို မိုးဦးကျကာလဖြစ်တဲ့ ဇွန်၊ ဇူလိုင်လမှ အောက်တိုဘာလအတွင်း စိုက်ပျိုးလေ့ရှိကြပါတယ်။

နံနံပင်ဟာတစ်နှစ်ခံအပင်ငယ်မျိုးဖြစ်တဲ့ အမြဲစိမ်းပင်ဖြစ်ပါတယ်။ ပင်စည်လုံးအလွန်သေးငယ်ချောမွတ်ပြီး အမြင့်တစ်ပေခန့်အထိ ရှိတတ်ပါတယ်။ အဖြူရောင်အလွန်သေးငယ်သောအပွင့်ရှိပြီး အသီးမှာ အညိုဝါရောင်အက်ကွဲသီးဖြစ်၍အခန်းလေးများတွင် အစေ့လေးများပါရှိတာတွေ့ရပါတယ်။ နံနံပင်ရဲ့အရွက်ရော အစေ့ပါဆေးဖက်ဝင်လှပါတယ်။ အထူးသဖြင့် ဆီးလမ်းကြောင်း ဆိုင်ရာ ရောဂါတွေနဲ့ ကျောက်ကပ်ကုသရာမှာအစွမ်းထက်တဲ့ဆေးတစ်လက်ပါပဲ။ နံနံပင်၁၀ပင်၁၅ပင်လောက်ကို နုတ်နုတ်စင်းပြီးရေနွေးအိုးထဲမှာ ရေတစ်ခွက်ထည့်ပြီး ၁၀ မိနစ်လောက် ကျိုချက်ပေးပါ။ ရလာတဲ့အရည်မှ နံနံရွက်များကို စစ်ထုတ်ပြီး အအေးခံ၍သောက်သုံးနိုင်ပါတယ်။ ကျောက်ကပ်ရောဂါကြိုတင်ကာကွယ်လိုသူများအနေနဲ့ တစ်ပတ်တစ်ကြိမ်(သို့)၁၀ရက်တစ်ကြိမ်ပုံမှန်စွဲသောက်ပေးခြင်းဖြင့် ကျောက်ကပ်အမြဲသန့်ရှင်းနေမယ်လို့ ဆိုပါတယ်။ ကျောက်ကပ်ရောဂါရှိသူများကတော့ နေ့စဉ်သောက်သုံးသင့်ပါတယ်။ ဒီဆေးနည်းဟာအိန္ဒိယရိုးရာဆေးနည်းဖြစ်ပြီး ယခုနိုင်ငံတကာမှာ အသုံးပြုနေကြပြီဖြစ်ပါတယ်။

နံနံပင်ရဲ့အမြစ်ဟာ ဆီးထွက်အားကောင်းစေတဲ့အတွက် ဆီးအိမ်ရောင်ရမ်းခြင်းနဲ့ ဆီးလမ်းကြောင်းဆိုင်ရာရောဂါတွေမှာ အသုံးပြုနိုင်ကြောင်း သုတေသနပညာရှင်တွေက ထောက်ခံထားပါတယ်။ နံနံပင်နှစ်ဂရမ်စီနဲ့ ပြုလုပ်ထားတဲ့လက်ဖက်ရည်ကို တစ်နေ့သုံးခွက်သောက်ပေးရင် ဆီးလမ်းကြောင်းဆိုင်ရာ ရောဂါတွေအတွက် အကျိုးကျေးဇူးပြုပါတယ်။ နံနံပင်ကိုကြိတ်ခြေပြီးနနွင်းမှုန့်အနည်းငယ်ရော၍ ရေထည့်ပြီး စေးပျစ်အောင်ဖျော်ကာ ထိပ်မည်းဆားဝက်ခြံပေါ်သို့ ပေါင်းတင်သကဲ့သို့ အုံထားပေးပါက ဆားဝက်ခြံများကို လျော့နည်းသက်သာစေပါတယ်။

နံနံစေ့ကို ဝါး၍ အရည်မျိုချပါက လည်ချောင်းနာပျောက်ကင်းပါတယ်။ ဆန်ဆေးရည်တွင် စိမ်၍ သကြားသင့်ရုံရောပြီး တိုက်ပါက ကလေးများ ချောင်းဆိုးပန်းနာ ပျောက်ကင်း၍ ချင်းခြောက်နှင့် ရောပြုတ်ပြီးအစာစားပြီးတိုင်းသောက်သုံးပါက ဝမ်းမီးကောင်းစေပါတယ်။ နံနံစေ့ကို ဆီးဖြူသီးနှင့် ညဦးပိုင်းတွင် စိမ်ထားပြီး နံနက်တွင်စစ်၍သကြားခဲနှင့်ရောသောက်ပါကခေါင်းကိုက်ရောဂါပျောက်ကင်းပါတယ်။ အမျိုးသမီးများ ကိုယ်ဝန်တည်စဖြစ်သော ပျို့ခြင်း၊ အန်ခြင်းများ ပျောက်ကင်းလိုလျှင် နံနံစေ့ကို သကြားနှင့်ပြုတ်၍ အအေးခံပြီး ဆန်ဆေးရည်ရောသောက်ပေးနိုင်ပါတယ်။ နံနံမှုန့်နှင့်သကြားကိုရော၍ စားသုံးပေးပါက အပူကြောင့်ဖြစ်သောအဆစ်အမျက်ကိုက်ခဲခြင်းများ ပျောက်ကင်းစေပါတယ်။ ကင်းပုံရွက်နှင့် နံနံစေ့ဆတူရောပြုတ်၍ အဖျားကျဆေး၊ ဝမ်းပျော့ဆေးအဖြစ် အသုံးပြုနိုင်ကြောင်း မြန်မာဆေးကျမ်းများတွင် ဖော်ပြထားတာတွေ့ရပါတယ်။

နံနံပင်ထဲမှာ သံဓာတ်၊ ကယ်လ်ဆီယမ်ဓာတ်၊ ဗီတာမင်အေနဲ့ ဗီတာမင်စီတို့ ပါဝင်ပါတယ်။ ၎င်းမှာ ပါဝင်တဲ့ ဗိုရွန်ဓာတ်ဟာ လူ့ခန္ဓာကိုယ်အတွက် လိုအပ်တဲ့ သတ္တုအာဟာရဓာတ်တွေစုပ်ယူဖို့နဲ့ အရိုးများခိုင်မာစေဖို့အတွက် အထောက်အကူပေးပါတယ်။ ဒါကြောင့် အသက် ၄၀ ကျော်သူများနဲ့ ဘိုးဘိုးဘွားဘွားတွေဟာ နံနံပင်ကို မကြာမကြာ ရွေးချယ်စားသောက်ပေးသင့်ပါတယ်။ ထို့ပြင် နံနံပင်ဟာ ကိုယ်တွင်းရှိ သွေးအချိုဓာတ်ကိုလည်း ညီမျှအောင်ထိန်းညှိပေးနိုင်ကြောင်း ဖတ်မိသမျှ ဆောင်းပါးများမှထုတ်နုတ်၍ဗဟုသုတအလို့ငှာ တင်ပြလိုက်ပါတယ်။

**ဇင်ဇင်မင်းလွင်**

## သတင်းဆောင်းပါးနှင့်နယ်သတင်း

# လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး ကွန်ကရစ်တိုင်များ အစားထိုးဆောင်ရွက်

**ခရမ်း ဩဂုတ် ၂၇**

ရန်ကုန်တောင်ပိုင်းခရိုင်ခရမ်းမြို့နယ်အတွင်း လျှပ်စစ်အန္တရာယ်ကင်းဝေးပြီး ဓာတ်အားပြည့်ဝစွာရရှိစေရန်အတွက် မြို့နယ်အတွင်း စိုက်ထူအသုံးပြုထားသည့် ဟောင်းနွမ်းနေသောဓာတ်တိုင်များ အစားထိုးလဲလှယ်ရန် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က ပေးပို့သည့် အဆင့်မြင့် ကွန်ကရစ်တိုင်များကို ခရမ်းမြို့အတွင်း အဆင်ပြေစွာ လွယ်လင့်တကူ အချိန်တိုအတွင်း လဲလှယ်တပ်ဆင်နိုင်ရေးအတွက် စက်ယန္တရားများဖြင့် တင်ချနေမှုများကို ခရမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနှင့်မြို့နယ်အင်ဂျင်နီယာ ဦးယဉ်မင်းမောင်တို့က ကြီးကြပ်၍ ဝန်ထမ်းများက အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**ကိုမင်း(ခရမ်း)**

## မြန်ပြည်တစ်လွှား မီးမပွားရေး တားဆီးပေး

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P (Paung Laung) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

**Tender No.17/DHPI/Material/2013-2014**

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | Specification |
|---|---|---|---|---|
| 1. | H-Beam 300 mm × 300 mm × 10 mm × 15mm (L-6m) | Ton | 12 | JIS-G3101. |
| 2. | H-Beam 150 mm × 150mm × 7 mm × 10 mm (L-12 m) | Ton | 290 | Q 235, SS400 |
| 3. | H-Beam 200 mm × 200 mm × 8 mm × 12 mm (L-12m) | Ton | 80 | Equilvalant. |
| 4. | GI Pipe ø 4", L-6m and Socket | Set | 508 | China |

၂။ ပစ္စည်းများ၏ (Specification, Manufacture, Country of Origin)တို့အား ၃-၉-၂၀၁၃ရက် ၁၂:၀၀နာရီတွင် နောက်ဆုံးထား၍ ကြိုတင်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ် စက်တင်ဘာ ၁၀ရက် မွန်းတည့် ၁၂:၀၀နာရီဖြစ်ပြီး ၁၃:၀၀နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ် ၃၈၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ် -၄၁၁၀၈၁**

### စွမ်းအင်ဝန်ကြီးဌာန
### မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
### (၈/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| (၁) | IFB-069(2013-2014) | Plastic Valve Cups and Plastic Seating Cup | (8)Items | US$ |
| (၂) | IFB-070(2013-2014) | Spares for National Drive Group (Bearing & Oil Seal) | (5)Items | US$ |
| (၃) | IFB-071(2013-2014) | Spares for National Drive Group (Air Clutch) | (6)Items | US$ |
| (၄) | IFB-072(2013-2014) | Spares for National Drive Group (Rotor Seal & Valve) | (5)Items | US$ |
| (၅) | DMP/L-031(2013-2014) | Sucker Rod Coupling & Change Over Coupling | (4)Items | Kyat |
| (၆) | DMP/L-032(2013-2014) | Wire Cables for Solar Cell | (3)Items | Kyat |
| (၇) | Container (2/ 2013) | ရန်ကုန်ဆိပ်ကမ်းများမှ သာကေတရေနံအခြေစိုက်စခန်း(အသွား/အပြန်)ကွန်တိန်နာသယ်ယူပို့ဆောင်ခြင်းလုပ်ငန်း (၆-လ အတွက်သာ) | | Kyat |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၅-၉-၂၀၁၃ ရက် ၁၃:၀၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ပြည်ထောင်စုရာထူးဝန်အဖွဲ့
## Union Civil Service Board
### လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်၊ ၁၀ / ၂၀၁၃
၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်
( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် )

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်-

| ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| လက်ထောက်ဆရာဝန် | ၁၀၆၄ နေရာ | ဆေးပညာဘွဲ့ [၂၀၁၃ခုနှစ်မတ်လအထိဘွဲ့ရရှိပြီးသူဖြစ်ရမည်] |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ၁၇ - ၉ -၂၀၁၃ ရက်နေ့တွင် အသက် ၃၅ နှစ် ထက်မကျော်လွန်သူဖြစ်ရမည်၊
(ဂ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာကိုပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ရုံးအမှတ်(၁၇) နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အဖွဲ့ရုံးများ၌ ဝယ်ယူလျှောက်ထားနိုင်ပြီး ၁၇ - ၉ -၂၀၁၃နေ့အရောက် လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် နေပြည်တော်(သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အဖွဲ့ရုံးတို့ထံ ပေးပို့လျှောက်ထားရမည်။ လျှောက်ထားရာတွင် မိမိတို့အမှန်တကယ် ရေးဖြေစာမေးပွဲဖြေဆိုမည့် နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်စာစစ်ဌာနကို တိတိကျကျဖော်ပြ လျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာန၌သာ ရေးဖြေစာမေးပွဲကို ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်၊ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ ဝင်ကြေးငွေ ၅၀၀/- ပေးသွင်းရမည့်နည်းလမ်း ရေးဖြေ ၊ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့၏ ၂၇ - ၆ - ၂၀၁၃ ရက်စွဲပါစာအမှတ် ၃၀၇ / ရွေးချယ်ရေး (အစီက)/ ၂၀၁၃ ဖြင့် ထုတ်ပြန်ထားသော ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ ရေးဖြေစာမေးပွဲကို နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်စာစစ်ဌာနများတွင် ကျင်းပမည်။ ၇ - ၁၂ -၂၀၁၃ ရက်(စနေနေ့)တွင် မြန်မာစာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကိုလည်းကောင်း၊ ၈ - ၁၂ -၂၀၁၃ ရက်(တနင်္ဂနွေနေ့)တွင် အင်္ဂလိပ်စာဘာသာရပ်ကိုလည်းကောင်း ဖြေဆိုရမည်။

၆။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၅-၁၂-၂၀၁၃ ရက်နေ့မှစ၍ နေပြည်တော်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အဖွဲ့ရုံးများတွင် ထုတ်ပေးမည်။

၇။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ရုံးအမှတ်(၁၇) နေပြည်တော် ( တယ်လီဖုန်းအမှတ် ၀၆၇ - ၄၀၉၀၅၂ နှင့် ၀၆၇ - ၄၀၉၄၄၀ ) (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အဖွဲ့ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၈။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website များဖြစ်သော ucsb.imis.com.mm နှင့် www.ucsb.gov.mm တွင်လည်း ဖော်ပြထားပါသည်။

ရာထူးဝင်ခွင့် **အားသစ်** သင်တန်း
**တာရာရေးရေးဝန်ထမ်းအဆင့်(၄)**
**J.O(4)ဝင်ခွင့် တန်းခွဲ(A) ဩဂုတ်လ(၃၁) စမည်**
၁၄၈(၄လွှာ) ဆိပ်ကမ်းသာလမ်း(အောက်)၊ ဝန်းဆိုးတန်းမှတ်တိုင်
09 500 1599, 09 86 32973, 09 4500 17415

09 73199410 , 09 420035882
09 73199257, 09 73248097

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# စလင်းမြို့နယ်၌ ရိုးရာလှေပြိုင်ပွဲကျင်းပ

**စလင်း ဩဂုတ် ၂၇**

စလင်းမြို့နယ် ဖောင်းလင်းကျေးရွာ ရှင်ပင်စောလူးစေတီဘုရား ပွဲခင်းဈေး၊ ကမ်းနားဆိပ်ကမ်းတွင် နှစ်စဉ်နှစ်တိုင်းကျင်းပမြဲဖြစ်သော ရိုးရာလှေပြိုင်ပွဲကို ဝါခေါင်လပြည့်နေ့မှ လပြည့်ကျော် ၁ ရက်ထိ နှစ်ရက်တိုင်တိုင် ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါ လှေပြိုင်ပွဲကို ဝါခေါင်လပြည့်နေ့၌ ကျင်းပသော ရှင်ပင်စောလူးစေတီတော်မြတ်ကြီး၏ဘက်စုံပြုပြင်၊ ရောင်တော်ဖွင့်ရွှေချ၊ ရွှေထီးတော်တင်လှူပွဲနှင့်အတူကျင်းပခဲ့သည်။ **(အောက်ပုံ)** စလင်းမြို့နယ်၏အထင်ကရသမိုင်းဝင်စေတီတစ်ဆူဖြစ်သော ရှင်ပင်စောလူးစေတီတော်မြတ်ကြီး၏ ရွှေထီးတော်ကို မြန်မာ့ဩဘာကုမ္ပဏီမှ လှူဒါန်းခဲ့ပြီး မကွေးမြို့ စကြာသာသနာပြုရွှေထီးတော်တင်အဖွဲ့မှ မင်္ဂလာနတ်ပန်းရထားဖြင့် စည်ကားသိုက်မြိုက်စွာ တင်လှူပူဇော်ခဲ့သည်။ ရိုးရာလှေပြိုင်ပွဲကိုလည်း ဖောင်းလင်းကျေးရွာအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် ရှင်ပင်စောလူးစေတီ ဂေါပကအဖွဲ့က ဦးစီးကျင်းပခဲ့ပြီး စလင်းမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လာရောက်အားပေး၍ ပြိုင်ပွဲဝင်ဆုရ လှေအသင်းများကို ထိုက်တန်စွာ ဆုချီးမြှင့်ခဲ့သည်။

တစ်ဖက်နှင့် တစ်ဖက်ယှဉ်ပြိုင်လှော်ခတ်ရသည့် ရိုးရာလှေပြိုင်ပွဲကို နိုင်ငံတော်က ကျင်းပခဲ့ဖူးသော လှေပြိုင်ပွဲသဘင် ပြိုင်ပွဲဝင်စည်းကမ်းများနှင့်အညီ ကျင်းပ၍ တလင်းကြီးကုန်း၊ ဆင်ပွတ်၊ သပြေရိုး၊ မရွှေးကုန်းကျေးရွာများ အပါအဝင် အနီးဝန်းကျင်ရှိ ရွာပေါင်း ၁၆ ရွာမှ လှေအသင်း ၃၀ ခန့် ယှဉ်ပြိုင်ကြကြောင်း သိရသည်။ လူပရိသတ် ၁၀၀၀ ခန့်ကလည်း ကမ်းလုံးညွတ်မျှ အားပေးကြပြီး ဖောင်းလင်းရွာချောင်း အတွင်း၌လည်း အိုးစည်ဗုံမောင်း၊ အသံချဲ့စက်များဖြင့် ရိုးရာ တေးသီချင်း၊ အလင်္ကာများဖြင့် သီဆိုတီးမှုတ်အားပေးခဲ့ကြသည်။ လှေပြိုင်ပွဲကို အားပေးနေသည့် ဒေသခံတစ်ဦးက "ကျွန်တော်တို့ စလင်းမြို့နယ် အတွင်းက မြစ်ကမ်းကျေးရွာများမှာ ဒီလိုရိုးရာလှေပြိုင်ပွဲတွေ ယခုထက်တိုင်ကျင်းပနေကြပါတယ်။ ကျွန်တော်တို့ဒေသတွေက လယ်ယာစိုက်ပျိုးရေးနဲ့ရေလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး မြေနုကျွန်းများပေါ်မှာ စိုက်ပျိုးရေးလုပ်ပါတယ်။ မြစ်ရေတက်လာရင် ဒီလိုလှေပြိုင်ပွဲလုပ်တာ ဓလေ့တစ်ခုလိုဖြစ်နေတာပါ။ ပြိုင်ပွဲဝင်လှေအမျိုးအစားတွေက "ရိုးရာလောင်းလှေ" အမျိုးအစားတွေဖြစ်ပြီး ယဉ်ကျေးမှုအမွေအနှစ်အနေနဲ့ ယခုထက်တိုင်ထိန်းသိမ်း ပြုလုပ်နေကြဆဲပါ။ နိုင်ငံတော်က မြန်မာ့ရိုးရာလှေပြိုင်ပွဲသဘင်များ ကျင်းပခဲ့ချိန်ကစပြီး ယခုထက်တိုင် လှေပြိုင်ပွဲတွေကို စိတ်ပါတက်ကြွစွာ ကျင်းပမြဲဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့လည်း ဒီလို မြန်မာ့ရိုးရာ လှေပြိုင်ပွဲသဘင်များကို အရင်လို ပြန်လည်ကျင်းပစေဖို့ မျှော်လင့်ပါတယ်" ဟု ပြောပြသည်။

**ပိုင်ဇေ(မကွေး)**

# ရေဘေးသင့်ပြည်သူများ မိမိတို့နေရပ်သို့ပြန်လည်ပို့ဆောင်ပေး

**ကလေး ဩဂုတ် ၂၇**

ကလေးမြို့တွင် ရေကြီးရေလျှံမှုကြောင့် ရေဘေးသင့်ပြည်သူများကို ဩဂုတ် ၂၁ ရက်က ၂၄ ရက်အထိ ကယ်ဆယ်ရေးစခန်းများတွင် နေရာချထားပေးခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများက နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနှင့် လိုအပ်သည်များကို အပြည့်အစုံ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**ဝေငှပေး**

နယ်မြေခံတပ်ရင်းတပ်ဖွဲ့နှင့်ဌာနဆိုင်ရာများမှ ထောက်ပံ့လှူဒါန်းသော ဆန်အိတ် ၁၁၆ အိတ်ကို ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီက ရေဘေးသင့်ပြည်သူအိမ်ထောင်စု ၃၇၂ စုမှ လူဦးရေ ၁၈၁၀ တို့ကို တစ်ဦးလျှင် ဆန်တစ်ပြည်နှုန်းဖြင့် ဝေငှပေးခဲ့သည်။

ယခုအချိန်တွင် ရေများကျဆင်းသွားပြီး ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိပြီဖြစ်၍ ဩဂုတ် ၂၅ ရက် နံနက် ၈ နာရီက နယ်မြေခံတပ်ရင်းတပ်ဖွဲ့၊ ခရိုင်နှင့်မြို့နယ် စီမံခန့်ခွဲမှုကော်မတီများ၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအားလုံးကို ကားကြီးကိုးစီးဖြင့် နယ်မြေခံတပ်ရင်းတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးလက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ ခရိုင်မီးသတ်ဦးစီးအရာရှိနှင့် မီးသတ်တပ်ဖွဲ့ဝင်များလိုက်ပါလျက် မိမိတို့နေရပ်ဒေသနေအိမ်များသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **ဂျူနိုင်း**

# ပန်းတနော်မြို့၌ တန်ဖိုးနည်းဖုန်းများ ရောင်းချ

**ပန်းတနော် ဩဂုတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့တွင် အများပြည်သူ ဆက်သွယ်မှုလွယ်ကူစေရန် ဩဂုတ်လအတွင်း ဒုတိယအကြိမ် တန်ဖိုးနည်းဖုန်းအလုံး ၅၀၀ ကိုချထားပေးမည်ဖြစ်ကြောင်းသိရသည်။ ဇူလိုင်လတွင် ပထမအကြိမ်အဖြစ် ဂျီအက်စ်အမ်တယ်လီဖုန်း အလုံး ၃၀၀ ကို ချထားပေးပြီးဖြစ်သည်။

ပန်းတနော်မြို့နယ်၌ စီဒီအမ်အေတယ်လီဖုန်း သုံးစွဲ၍မရသည့်အတွက် ယခုလို ဂျီအက်စ်အမ်တယ်လီဖုန်း အရေအတွက်သာရရှိကြောင်း သိရသည်။

**မိုးသီး(ပန်းတနော်)**


## ရှမ်းပြည်နယ်အစိုးရအဖွဲ့
## တောင်ကြီးမြို့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်းတည်နေရာ | လုပ်ငန်းအမည် |
|---|---|---|
| ၁ | (က) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (နမ့်ဆန်မြို့)<br>(ခ) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (ပင်လောင်းမြို့)<br>(ဂ) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (ပင်းတယမြို့) | ၁။ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (နမ့်ဆန်၊ ပင်လောင်း၊ ပင်းတယ)<br>(က) အုပ်ချုပ်မှုရုံးဆောက်လုပ်ခြင်း (BN တစ်ထပ် ရေ/မီးအပါအဝင်)<br>(ခ) စားရိပ်သာ (မီးဖိုတွဲလျက်) ဆောက်လုပ်ခြင်း (BN တစ်ထပ် ရေ/မီးအပါအဝင်)<br>(ဂ) တစ်ထပ်အိပ်ဆောင်နှစ်လုံး ဆောက်လုပ်ခြင်း (BN တစ်ထပ် အတွင်း မီးအပါအဝင်)<br>(ဃ) ရေချိုးခန်းနှင့် ခြောက်ခန်းတွဲ အိမ်သာနှစ်လုံး ဆောက်လုပ်ခြင်း (BN တစ်ထပ် ရေ/မီးအပါအဝင်)<br>(င) ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း (BN တစ်ထပ် ရေ/မီးအပါအဝင်)<br>(စ) ဂါလန် ၅၀၀၀ဆံ့ ရေလှောင်ကန်၊ ဂါလန် ၁၆၀၀ ဆံ့ သစ်သား ရေစင်နှင့် ကျောင်းတွင်း ရေသွယ်တန်းခြင်းလုပ်ငန်း<br>(ဆ) ကျောင်းတွင်းလုံခြုံရေး မီးသွယ်တန်းခြင်းလုပ်ငန်း<br>(ဇ) (၄×၄)လက်မ ကွန်ကရစ်တိုင်ဖြင့် သွပ်ဆူးကြိုး ၁၂တန်း ကာရံခြင်း လုပ်ငန်း<br>(ဈ) ကျောင်းတွင်း ကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်း |
| ၂ | ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (လောက်ကိုင်မြို့) | ၂။ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း (လောက်ကိုင်)<br>(က) အုပ်ချုပ်မှုရုံး ဆောက်လုပ်ခြင်း (BN တစ်ထပ် ရေ/မီးအပါအဝင်)<br>(ခ) နည်းပြဆောင် ဆောက်လုပ်ခြင်း (BN တစ်ထပ် ရေ/မီးအပါအဝင်)<br>(ဂ) (၄×၄)လက်မ ကွန်ကရစ်တိုင်၊ Chain Link ဖြင့် ခြံစည်းရိုး ကာရံခြင်းလုပ်ငန်း<br>(ဃ) ကျောင်းတွင်း ကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၂၉-၈-၂၀၁၃ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး ၂၂-၉-၂၀၁၃ရက် ၀၉:၀၀နာရီနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်လိပ်စာမှာ ရှမ်းပြည်နယ်ဒေသ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး အေးသာယာမြို့ ဖြစ်ပါသည်။
၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၈၁-၂၀၈၅၂၃၊ ၀၉-၅၂၁၄၃၅၄၊ ၀၉-၄၂၈၃၂၀၀၁၃တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပွိုင့်-၃၀၆၉ ဟုမ္မလင်း၊ ခန္တီး GbE မိုက္ကရိုဝေ့ဆက်ကြောင်း ဖွင့်လှစ်ရန်လိုအပ်သော (စက်မှုအဆောက်အအုံ၊ ခြံစည်းရိုးကာရံခြင်း၊ ရေကန်၊ ရေလောင်းအိမ်သာ)များကို ဖေါင်းပြင်၊ ဟုမ္မလင်း၊ ခန္တီးမြို့များတွင် တည်ဆောက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါများကို အောက်ပါအတိုင်း တင်သွင်းနိုင်ပါသည်-
၂။ **အိတ်ဖွင့်တင်ဒါလျှောက်လွှာယူရမည့်ရက်** - ၂၈-၈-၂၀၁၃ရက်မှ ၂၇-၉-၂၀၁၃ရက်
၃။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်** - ၂၈-၉-၂၀၁၃ ရက်
၄။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်အချိန်** - ၁၄:၀၀ နာရီ
၅။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ရုံး
၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၁-၂၂၃၉၃၊ ၀၇၁-၂၂၅၃၄တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရေသန့်စက် ၄၅ စုံ
(ခ) ကွန်ပျူတာသုံးဆိုလာ ၄၅ စုံ
(ဂ) အပေါ့စားမီးသတ်စက် ၄၅ လုံး
(ဃ) သင်ပုန်းကွန်ပျူတာ ၁၁၉ စုံ
(င) စွမ်းအားမြှင့်မီးဖို ၇၅၀၀ လုံး

၂။ **အိတ်ဖွင့်တင်ဒါလျှောက်လွှာယူရမည့်ရက်** - ၂၇-၈-၂၀၁၃ရက်မှ ၂၇-၉-၂၀၁၃ရက်
၃။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်** - ၂၈-၉-၂၀၁၃ ရက်
၄။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်အချိန်** - ၁၄:၀၀နာရီ
၅။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ရုံး
၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၁-၂၄၃၁၁၊ ၀၇၁-၂၂၅၃၄တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြစ်ကြီးနားခရိုင်အတွင်းရှိ မြို့နယ်များမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် (ပြည်ထောင်စု/ပြည်နယ်)အဆောက်အအုံ၊ လမ်း၊ တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်မျိုးစုံ၊ မြစ်သဲ၊ ဘိလပ်မြေ (ထိုင်းဆင်)၊ သံချောင်းလုံး/သံပြား/ထောင့်ချိုးသံဆိုဒ်စုံ၊ သစ်ခွဲသားစသည့် လုပ်ငန်းသုံးပစ္စည်းမျိုးစုံအား မြို့နယ်အလိုက်၊ လမ်းအလိုက်၊ လုပ်ငန်းအလိုက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**အိတ်ဖွင့်တင်ဒါအမှတ်** **အမှတ်(၂) (၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်)**
(၁) **တင်ဒါလျှောက်လွှာစတင်ရယူနိုင်သည့်ရက်** - ၃၀-၈-၂၀၁၃ ရက်
(၂) **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၅-၉-၂၀၁၃ ရက် (ရုံးချိန်အတွင်း)
(၃) **တင်ဒါတင်သွင်းရမည့်နေရာ** - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြစ်ကြီးနားဆိုင်၊ မြစ်ကြီးနားမြို့။
(၄) **အသေးစိတ်အချက်အလက်များနှင့် တင်ဒါပုံစံလျှောက်လွှာများကို ရုံးချိန်အတွင်း ခရိုင်အင်ဂျင်နီယာမှူးရုံး၊ မြစ်ကြီးနားခရိုင်တွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။** - မြစ်ကြီးနားခရိုင်ရုံး၊ - ဖုန်း-၀၇၄-၂၂၃၁၁၊ ၀၉-၂၄၀၀၉၅၈

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**



**စက်မှုဝန်ကြီးဌာန အထည်အလိပ်လုပ်ငန်း**
**စက်ရုံ(၂)ရုံနှင့် စက်ရုံခွဲ(၁)ရုံအား ပုဂ္ဂလိကသို့**
**အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း**

## ငှားရမ်းခြင်းအတွက် တင်ဒါဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ အောက်ဖော်ပြပါ စက်ရုံ(၂)နှင့် စက်ရုံခွဲ(၁)ရုံတို့အား အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း/ငှားရမ်းခြင်းအတွက် စိတ်ပါဝင်စားသူ ပုဂ္ဂလိကပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များမှ ၂၅-၉-၂၀၁၃ရက် ၁၆:၀၀ နာရီနောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

(၁) အမှတ်(၅) အထည်စက်ရုံခွဲ(မြင်းခြံ)
(၂) အမှတ်(၉) အထည်စက်ရုံ(ကျောက်ဆည်)
(၃) အမှတ်(၁၀) အထည်စက်ရုံ(တောင်သာ)

**ဆက်သွယ်ရမည့်လိပ်စာ အပြည့်အစုံ** - ညွှန်ကြားရေးမှူး၊ ပစ္စည်းစီမံရေးဌာန၊ အထည်အလိပ်လုပ်ငန်း၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ စက်မှုဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၈၃၃၈၊ ၀၆၇-၄၀၈၁၈၅



**စက်မှုဝန်ကြီးဌာန**
**အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း**
**အမှတ်(၂၇) စက်မှုကုန်ကြမ်းဌာန(ကျိုက်ထို)**

## အကျိုးတူဆောင်ရွက်ရန်အတွက် ဖိတ်ကြားခြင်း

အမှတ်(၂၇)စက်မှုကုန်ကြမ်းဌာန(ကျိုက်ထို)လက်အောက်ရှိ ရော်ဘာခြံလုပ်ငန်းများအား အကျိုးတူပူးပေါင်းဆောင်ရွက်ရန်အတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံရှင်းလင်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားကြောင်း အဆိုပြုလွှာ(EOI)ပေးပို့ထားသူများနှင့် အခြား စိတ်ပါဝင်စားသူများအား တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

(က) **နေ့ရက်** - ၂-၉-၂၀၁၃ရက်(တနင်္လာနေ့)
(ခ) **အချိန်** - နံနက် ၉ နာရီ
(ဂ) **နေရာ** - အမှတ်(၂၂) အကြီးစားစက်ရုံ

**ဘီးလင်းစက်ရုံစုဝေးခန်းမ၊ မွန်ပြည်နယ်**



## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မုံရွာမြို့၊ အောင်ရိပ်သာလမ်း၊ အလယ်ရပ်နေ ဒေါ်ခင်အေး၏သမီး မထက်ထက်အေးလင်းလင်း ၅/မရန(နိုင်)၂၁၈၇၀၉သည် မိဘများခွင့်မလွှတ်နိုင်သည့်ကိစ္စများ ပြုလုပ်ပြီး မိမိသဘောဆန္ဒအတိုင်းပြုမူသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သော ငွေရေးကြေးရေးကိစ္စအဝဝကိုလည်း လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးတော့မည်မဟုတ်ပါ။ ဖြားယောင်းသွေးဆောင်ထားသူ မောင်ခွန်ထူးအောင်၏ တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မိခင်-ဒေါ်ခင်အေး**
**၅/မရန(နိုင်)၁၉၂၃၈၁**

## ငါးမျိုးများ စိုက်ထည့်

**မင်းလှ ဩဂုတ် ၂၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ငါးသယံဇာတများ ရေရှည်တည်တံ့ငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ဩဂုတ် ၁၄ ရက်ကအုတ်ဖိုမြို့နယ် မှုက္ကတန်ကျေးရွာအုပ်စုအတွင်း ငါးမြစ်ချင်း၊ ငါးသန်ကောင်ရေ ၁၅၀၀၀၀ နှင့် ဩဂုတ် ၁၆ ရက်၌မင်းလှမြို့နယ် ဒီလှိုင်းကျေးရွာအုပ်စုတွင် ငါးမြစ်ချင်း၊ ငါးသန်ကောင်ရေ ၁၅၀၀၀၀ တို့ကို မင်းလှမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးဦးဝင်းကိုကိုဦး၊ အုတ်ဖိုမြို့နယ်ငါးလုပ်ငန်း စခန်းတာဝန်ခံဦးသန်းနိုင်၊ မင်းလှမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံးမှ ဝန်ထမ်းများ၊ ဒီလှိုင်းကျေးရွာအုပ်စုနှင့် မှုက္ကတန်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့်အင်းသားကြီးများ စုပေါင်းပြီး ငါးမျိုးများစိုက်ထည့် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ သဘာဝရေလျှံကွင်းများတွင် ငါးမျိုးများစိုက်ထည့်ခြင်းကြောင့် မင်းလှမြို့နယ်၊ အုတ်ဖိုမြို့နယ်၊ မိုးညိုမြို့နယ်နှင့်အခြား ဆက်စပ်နေရာများရှိ အင်းများ၊ ရေချိုငါးလုပ်ငန်းရေပြင်များသို့ သဘာဝ ငါးများအပြင် မျိုးစိုက်ငါးများပါ ပျံ့နှံ့ပြီးရေရှည် ငါးထုတ်လုပ်မှုတိုးတက်စေရန် ရည်ရွယ်ပြီး ငါးမျိုးစိုက်ထည့်ခြင်းဖြစ်ကြောင်း သိရသည်။

**(ငါးလုပ်ငန်းဦးစီးဌာန)**

## တနင်္သာရီတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

**ကော့သောင်း ဩဂုတ် ၂၇**

တနင်္သာရီတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ဩဂုတ်၂၃ရက် နံနက်က ကော့သောင်းမြို့ ခုတင် (၁၀၀) ပြည်သူ့ဆေးရုံသို့ သွားရောက်၍ လိုအပ်သည့်လုပ်ငန်းသုံးပစ္စည်းများနှင့် ကျန်းမာရေးဝန်ထမ်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးသည်။

ထို့နောက် ကော့သောင်းမြို့နယ် အော်ကြီးကျေးရွာအုပ်စု အော်ကြီးကျေးရွာ မူလတန်းလွန်ကျောင်း၌ ကျောင်းအဆောက်အအုံနှင့် ကျောင်းသားဦးရေမျှတမှု၊ ကျောင်းအဆောက်အအုံအခြေအနေ၊ ပညာရေးဝန်ထမ်းများ နေထိုင်ရန် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးရန်၊ ဆရာ/ဆရာမ လိုအပ်ချက်ကို ဖြည့်စွက်ခန့်ထားပေးရန်နှင့်ကျောင်းဆောင် အသစ် ဆောက်လုပ်ပေးရန် ပံ့ပိုးစီစဉ်ပေးခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အော်ကြီးကျေးရွာ ဆေးပေးခန်းနှင့်သားဖွားခန်းကိုကျေးရွာ၏ လူဦးရေနှင့်ပြည့်စုံမျှတ အဆင်ပြေစေရန်၊ အဆောက်အအုံအသစ် ဆောက်လုပ်နိုင်ရန် ပံ့ပိုးဖြည့်ဆည်းပေးခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင်ကျေးလက်ပြည်သူများနှင့်တွေ့ဆုံကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်ပံ့ပိုးဆောင်ရွက်ပေးနိုင်သည့်လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ အသိပေးပြောကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ**

**ပြည်တွင်းသတင်းနှင့်ဆောင်းပါး**

## Town Plan ရေးဆွဲရေး သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်ဆန်းသည် ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီက မန္တလေး ပညာရေးကောလိပ်၊ ပညာတန်ဆောင်ခန်းမ၌ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးဆောင်ကျင်းပသည့် Town Plan နှင့် မြို့ပြစီမံကိန်းရေးဆွဲရေးသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်ချက်ဖြင့် လူဦးရေတစ်သိန်းနှင့်အထက်ရှိသော တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ မြို့ကြီးများ၊ စီးပွားရေးနှင့်အခြားအရေးပါသည့် မြို့များ အပါအဝင် ၅၆ မြို့၌ သင်တန်းများပို့ချ၍ ဆွေးနွေးခြင်းများ တစ်ပြိုင်တည်းဆောင်ရွက်နေကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လူဦးရေတစ်သိန်းအထက်ရှိသော မြင်းခြံ၊ မိတ္ထီလာ၊ ပြင်ဦးလွင်၊ နေပြည်တော်၊ ညောင်ဦးတို့ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်ဖြင့် Town Development Plans နှင့် Sectorial Development Plans များကို ငါးနှစ်စီမံကိန်း၊ အနှစ် ၂၀ စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ရန် စတင်ခြင်းဖြစ်ကြောင်း၊ မိမိတို့၏ မြို့ပြဖွံ့ဖြိုးမှုနှင့်အိမ်ရာဖွံ့ဖြိုးရေးအစီအမံများကို စနစ်တကျအကောင်အထည်ဖော် လုပ်ဆောင်ကြရမှာဖြစ်ကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းနှင့်အလုပ်ရုံဆွေးနွေးပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ပညာရှင်များက သင်တန်းပို့ချခြင်းဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန တိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီး ဦးစောဟန်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်ကျော်လင်းတို့အပြင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ စည်ပင်သာယာ၊ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းစသည့်ဌာနဆိုင်ရာမှ ဝန်ထမ်းများ၊ မြို့မိမြို့ဖများ တက်ရောက်ကြပြီး မြို့ပြစီမံကိန်းရေးဆွဲရေး၊ ဆွေးနွေးရေးအတွက် သုံးရက်ကြာဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**(တင်မောင်-မန္တလေး)**


### ရထားပို့ဆောင်ရေးဝန်ကြီးဌာန
### မြန်မာ့မီးရထား
### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည်/တည်နေရာ |
|---|---|---|
| ၁ | ၂၂၆/မမ/CE | တိုင်း(၂)ရွာဆောင်ကောလင်းဘူတာ၌ ရထားရဲတပ်ဖွဲ့ တပ်ရင်းအား တပ်ခွဲရုံးအဖြစ်မြှင့်တင်ခြင်း |
| ၂ | ၂၂၇/မမ/CE | တိုင်း(၅)တောင်ငူ<br>ရေတာရှည်နှင့်ဆွာဘူတာ၌ အမှတ်(၂)နှင့်(၃)လမ်းကြား ပလက်ဖောင်းအုတ်ရိုးမြှင့်ခြင်း |
| ၃ | ၂၂၈/မမ/CE | ဗျည်းမနား ရန်အောင်(၂)ရပ်ကွက် စက်မှုဝန်ထမ်း နေအိမ်(၂)ခန်းတွဲ(၁)လုံးပြုပြင်ခြင်း |
| ၄ | ၂၂၉/မမ/CE | တိုင်း(၈)မော်လမြိုင်ဘူတာ အရှေ့ဘက်ရှိ ပို့ဆောင်ရေးနှင့် စက်မှုဝန်ထမ်းနေအိမ်များသို့<br>ရေပိုက်လိုင်းသွယ်တန်းခြင်း |
| ၅ | ၂၃၀/မမ/CE | တိုင်း(၉)ဟသာတ<br>ရွာသာဘူတာ ပလက်ဖောင်း ကွန်ကရစ်ကြမ်းခင်းပြုပြင်ခြင်း |
| ၆ | ၂၃၁/မမ/CE | ပုသိမ်ရှိ ရထားရဲတပ်ဖွဲ့ဝင် လိုင်း(၅)ခန်းတွဲ (၁)လုံးပြုပြင်ခြင်း |
| ၇ | ၂၃၂/မမ/CE | ကြံခင်းရှိ ရထားရဲတပ်ဖွဲ့ဝင် လိုင်း(၄)ခန်းတွဲ (၁)လုံးပြုပြင်ခြင်း |
| ၈ | ၂၃၃/မမ/CE | ဘဲရက်ဘူတာ ကျောက်ပလက်ဖောင်း ပြုပြင်ခြင်း |
| ၉ | ၂၃၄/မမ/CE | တိုင်း(၁၀)ပုဂံ ကျောက်ပန်းတောင်းဘူတာ၌ သံလမ်းလုပ်သားနေအိမ် ပြုပြင်ခြင်း |

တင်ဒါပိတ်မည့် နေ့/အချိန် - ၂၆.၉.၂၀၁၃(ကြာသပတေးနေ့)(၁၂း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၆.၈.၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။ ဒုတိယအထွေထွေမန်နေဂျာဆောက်လုပ်ရေးဌာနမြန်မာ့မီးရထား ကုန်သည်လမ်းနှင့်သိမ်ဖြူလမ်းထောင့်ကိုလိုနီဘောင်မြို့နယ် ရန်ကုန်မြို့ဖုန်း -294352,291994



### ဆောက်လုပ်ရေးဝန်ကြီးဌာန
### ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်းများရှိ Crawler Crane များတွင် လိုအပ်သော အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) Sumitomo Crawler Crane (SC 800) (80 Tons) (၂)စီးအတွက် (6m)Boom (2)Nos နှင့်ဆက်စပ်ပစ္စည်းများ

(ခ) Kobelco Crane BMS 800 (80 Tons) (၂)စီးအတွက် (3m)Boom (2)Nos နှင့် ဆက်စပ်ပစ္စည်းများ

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၆-၈-၂၀၁၃ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၆-၉-၂၀၁၃ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးပစ္စည်းများစိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့ ဒု-အင်ဂျင်နီယာချုပ်(စက်မှု)၊ စက်မှုဦးစီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၁၁)ဝင်း၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၇၁၇၃၊ ၀၆၇-၄၀၇၁၇၆၊ ၀၆၇-၄၀၇၀၇၆**



### ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃-သုဝဏ္ဏ၊ မြေကွက်အမှတ် ၂၈၁/ခ၊ မြေကွက်တည်နေရာအမှတ် ၅၉/၂၊ ယင်းမာမြိုင်လမ်း၊ (၂၃)ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ် ဒေါ်သန်းလှအမည်ပေါက်နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဒေါ်သန်းလှ(မိခင်)နှင့် ဦးသောင်းကြည် (ဖခင်)တို့ကွယ်လွန်သဖြင့် (၁) ဦးနေအောင် ၁၂/သဃက(နိုင်)၀၁၃၃၆၅၊ (၂) ဒေါ်ဥမ္မာကြည် ၁၂/သဃက(နိုင်)၀၁၃၆၉၈၊ (၃) ဒေါ်အေးမာကြည် ၁၂/သဃက(နိုင်)၀၁၃၇၈၃တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းမြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



### ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊မြေကွက်အမှတ် ၇၅၂/ခ၊ မြေကွက်တည်နေရာအမှတ် ၇၅၂/ခ၊ မာဃ ၇လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးမြသိန်းအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးမြသိန်းနှင့်ဇနီး ဒေါ်သန်းကြည်ကွယ်လွန်သဖြင့် ဒေါ်သီတာ ၁၂/ရကန(နိုင်)၀၁၁၁၀၂က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်ကိုယ်စားလှယ်လွှဲစာအမှတ် ၄၁၈၂ (၁၂-၃-၁၃) ဖြင့်လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဦးခင်ရွှေ ၁၂/တမန(နိုင်)၀၀၀၄၆၄က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်းကျမ်းကျိန်လွှာ ၂-၄၂၈၄ (၆-၈-၁၃)ကို တင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



### မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်း (ဒလ-ပျော်ဘွယ်ကြီး)၏
### လစဉ် ဝိပဿနာတရားစခန်း ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၅၈)ရပ်ကွက်၊ ဦးဘဥာဏ်လမ်း၊ အမှတ် ၈၈၈ ရှိ ဓမ္မရသဓမ္မာရုံကြီးတွင် လယ်တီမူ အနာဂါမ်ဆရာသက်ကြီးဝိပဿနာအဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယချုပ် ဆရာကြီးဦးသန်း၏တပည့်များ အနီးကပ်ညွှန်ပြပို့ချအပ်သော လစဉ် ဝိပဿနာ (၇)ရက်တရားစခန်းကို ၁-၉-၂၀၁၃ရက်မှ ၉-၉-၂၀၁၃ရက်အထိ ဖွင့်လှစ်ပါမည်။ တရားစခန်းဝင်လိုသူများနှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ ညနေ ဖျော်ရည်လှူဒါန်းလိုသူများ ဖုန်း-၅၉၅၀၈၀၊ ၀၉-၇၃၀၀၈၅၂၈တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်း လေးစားစွာဖိတ်ကြားအပ်ပါသည်။

**လယ်တီမူ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်**
**(၅၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်**



### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၉၇၇၅၅၊ ဖွန်ဒါဝေ့ဖ်× 100 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုး ၁၀/ရမန(နိုင်)၀၈၅၉၁၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**



WIMBLEDON
WNLC NURSERY & LEARNING CENTRE
အဆင့်မြင့်မူကြို နှင့် သင်ကြားရေးဌာန
OPEN IN SEP-16, 2013
အမှတ် ၆၂ အေ၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်။
ဖုန်း ၀၉ ၃၁၅၃ ၇၉၄၁



### မော်ဘီ အသောကကျောင်းတိုက်
### မောင်းထောင်မြေဇင်းတောရရိပ်သာ
## (၁၆)ကြိမ်မြောက် တရားစခန်းဖွင့်မည်

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ ရှမ်းစု(၁)ရပ်ကွက် အသောကကျောင်းတိုက် (မောင်းထောင် မြေဇင်းတောရရိပ်သာခွဲ အမှတ် ၄)တွင် (၁၆)ကြိမ်မြောက် ရက် ၆၀ တရားစခန်းကို ကျေးဇူးတော်ရှင် မောင်းထောင်မြေဇင်းတောရဆရာတော်ကြီး၏မူအတိုင်း ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ကေလာသ(မ္ဘောစရိယ)မှ ၁၃၇၅ခုနှစ် ဝါခေါင်လကွယ်နေ့ (၄-၉-၂၀၁၃ရက်) ဗုဒ္ဓဟူးနေ့မှ ၁၃၇၅ခုနှစ် သီတင်းကျွတ်လကွယ်နေ့ (၂-၁၁-၂၀၁၃ရက်) စနေနေ့အထိ ညွှန်ကြားပြသမည်ဖြစ်ပါသဖြင့် တရားစခန်းဝင်လိုသူယောဂီများ ကြိုတင်စာရင်းပေးသွင်းကြပါရန်နှင့် ယောဂီများ ၃-၉-၂၀၁၃ရက် ညနေကျောင်းသို့ အရောက်လာကြပါရန်။

**ဖုန်း-၀၉-၅၀၃၉၀၀၂၊ ၀၁-၆၂၁၂၂၁၊ ၀၉-၅၀၁၄၇၈၉၊ ၀၉-၅၀၄၇၆၂၄**



### ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄၊ မြေကွက်အမှတ် ၉၂၇၊ မြေကွက်တည်နေရာအမှတ် ၉၂၇၊ ပျဉ်းမမြိုင်လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဦးလှမြင့် AB-၀၄၃၅၆၇ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးလှမြင့် ကွယ်လွန်သဖြင့် ဒေါ်ရန် ၁၂/ကမရ(နိုင်)၀၄၇၂၇၅က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



THE Politics
နိုင်ငံရေးဂျာနယ် No.16



ဆရာရဲ ဦးရေသန့် ဆံပင်သန်ဆေး

## မှုခင်းသတင်းနှင့်ကြော်ငြာ

# အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန် ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၂၇**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဩဂုတ် ၂၆ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် Workshop on Empowering Women in Business Using Social Media and Digital Marketing သို့ တက်ရောက်ရန် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းမှ အသင်းဝင် ဒေါ်ဝင်းကလျာဦးသည် ဩဂုတ် ၂၅ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကျွန်းလှ၌ မှောင်ခိုကျွဲ ၁၄၄ သိန်းကျော်ဖိုး ဖမ်းဆီးမိ

**ကျွန်းလှ ဩဂုတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် နောင်ဦးကျေးရွာအုပ်စု တည်ပင်ဆိပ်ကျေးရွာအနီး မူးမြစ်တစ်ဖက်ကမ်း တည်ပင်ဆိပ်ရွာဟောင်းကုန်း၌ ကျွဲမှောင်ခိုများ ဖမ်းဆီးရမိကြောင်း သိရသည်။

**အမှုဖွင့်အရေးယူ**

ဖြစ်စဉ်မှာ ဩဂုတ် ၂၃ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က ရွာကုန်းကြီးစခန်းမှူး ဒုရဲအုပ်ရဲညွန့်နှင့်အဖွဲ့သည် မူးမြစ်တစ်ဖက်ကမ်း တည်ပင်ဆိပ်ရွာဟောင်းကုန်းတွင် ကျွဲများကို မူးမြစ်ကူး၍ သယ်ဆောင်နေကြောင်း သတင်းရရှိသဖြင့် သက်သေများနှင့်အတူ စောင့်ဆိုင်းနေစဉ် ကျွဲထီး ၂၄ ကောင်၊ ကာလတန်ဖိုးငွေကျပ် ၁၄၄ သိန်းကျော်နှင့် အောင်နိုင်ပါ ငါးဦးတို့ကိုတွေ့ရပြီး မေးမြန်းစစ်ဆေးရာ ကျွန်းလှမြို့နယ် လိပ်ဆင်းတောင်ကျေးရွာမှ ကောလင်းမြို့နယ် အင်တိုင်းရာပုံကျေးရွာသို့ သယ်ဆောင်မည်ဖြစ်ကြောင်းနှင့် အထောက်အထားတစ်စုံတစ်ရာပြသနိုင်မှုမရှိသဖြင့် အောင်နိုင်(ခ)တင်လှ (၃၂ နှစ်)၊ မင်းနိုင် (၃၁ နှစ်)၊ မိုးမိုး(ခ)မင်းလွင် (၃၃ နှစ်)၊ သန်းဇော်(၂၅ နှစ်)၊ ဇော်မင်း(ခ)မင်းဇော်ဦး(၃၂ နှစ်)တို့ကို ကျွန်းလှမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မန္တလေးခရိုင်အတွင်း လိုင်စင်မဲ့မော်တော်ယာဉ် ၃၆ စီး အရေးယူထား

**မန္တလေး ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး အမှတ် (၁၁) ယာဉ်ထိန်းရဲတပ်ဖွဲ့(မန္တလေး)က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ အရှိန်အဟုန်မြှင့်စစ်ဆေး အရေးယူဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလမှ ဩဂုတ်လ ၁၆ ရက်အထိ လိုင်စင်မဲ့မော်တော်ယာဉ်စုစုပေါင်း ၃၆ စီးကို အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထိုသို့ တရားမဝင်တင်သွင်းရောက်ရှိလာပြီး ယာဉ်မှတ်ပုံတင်မရှိဘဲ မောင်းနှင်ခြင်း၊ လက်ဝယ်ထားရှိခြင်းတို့ကို တည်ဆဲဥပဒေအရ အရေးယူလျက်ရှိပြီး ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်တုပပြုလုပ်ခြင်း တွေ့ရှိပါက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀၊ ၄၀၈ တို့အရ လည်းကောင်း၊ သွင်းကုန်ထုတ်ကုန်ဥပဒေပုဒ်မ ၈ အရလည်းကောင်း တရားစွဲဆိုခြင်းခံရမည်ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီးအတွင်း မေလအထိ စာရင်းဇယားများအရ အိမ်စီးမော်တော်ယာဉ် ၅၀၂၈၉ စီး၊ ကုန်တင်ဝန်ပေါ့ယာဉ် ၅၃၆၉ စီး၊ ကုန်တင်ဝန်လေးယာဉ် ၁၁၃၆၁ စီး၊ ခရီးသည်တင်ယာဉ် ၂၂၆၉ စီး၊ သုံးဘီးယာဉ် ၁၄၁၅၁ စီးနှင့် အခြားယာဉ် ၁၁၃၇ စီးရှိကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

# ဗန်းမော်မြို့၌ ဆိုင်ကယ်ခိုးယူသူကို ချက်ချင်းဖမ်းဆီးရမိ

**ဗန်းမော် ဩဂုတ် ၂၇**

ကချင်ပြည်နယ် ဗန်းမော်မြို့ မင်းကုန်းရပ်ကွက်နေ ဦးမောင်ငယ်သည် ဩဂုတ် ၂၃ ရက် နံနက် ၇ နာရီခွဲက မင်းကုန်းရပ်ကွက် သမတိုက်တန်းရှိ ကိုမောင်ငယ်ပိုင် မောင်ငယ် အီလက်ထရွန်နစ်ပြုပြင်ရေးဆိုင်အတွင်း၌ ရှိနေစဉ် ၄င်းစီးနင်းသည့်YAMAHA-125 အပြာရောင်ဆိုင်ကယ်ကိုဆိုင်ရှေ့တွင်သော့မဖြုတ်ဘဲ ရပ်ထားခဲ့ရာ နံနက် ၉ နာရီတွင် ဆိုင်ကယ်ကို လူတစ်ဦးခိုးယူ မောင်းပြေးသွားသည်ဟု ဆိုင်အနီးရှိ မြင်တွေ့သူတစ်ဦးက ပြောပြ၍ လိုက်လံရှာဖွေကြရာနံနက်၁၀နာရီတွင်အထက (၁)နှင့် အထက (၂)စာသင်ကျောင်း လမ်းဆုံမီးပွိုင့်တွင် ဆိုင်ကယ်ခိုးယူ စီးနင်းသူကို တွေ့ရှိရ၍ ရဲစခန်းသို့ ခေါ်ယူပို့ဆောင်ခဲ့ရာ ဆိုင်ကယ်ခိုးယူစီးနင်းသွားသူမှာကိုနေဝင်း(ခ)မောင်ဝင်း (၂၉နှစ်) မဲပုံကျေးရွာ မိုးမောက်မြို့နေထိုင်သူဖြစ်ပြီး ကိုမောင်ငယ်က တရားလိုပြုလုပ် တိုင်တန်းခဲ့ရာ ဗန်းမော်မြို့မရဲတပ်ဖွဲ့စခန်းက စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**

# မွေးကင်းစကလေးငယ်ကို စွန့်ပစ်ထားခဲ့သူအား အမှုဖွင့်အရေးယူ

**ရန်ကုန် ဩဂုတ် ၂၇**

သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် အုပ်ချုပ်ရေးမှူးဦးသန်းထွန်းသည် ဩဂုတ် ၂၂ ရက် ညနေ ၆ နာရီက အကွက်(၃၀) ယုဇနလမ်းခြံအမှတ်(--)ရှေ့ရှိ ပန်းအလှအုတ်ခုံပေါ်တွင် မွေးကင်းစကလေးငယ်တစ်ဦးကို တွေ့ရှိကြောင်း သတင်းအရ သွားရောက်ကြည့်ရှုခဲ့ရာ မွေးကင်းစကလေးငယ်(ယောကျ်ားလေး)လေးပေါင်ကို တွေ့ရှိသဖြင့်ထိန်းသိမ်းစောင့်ရှောက်ထားခဲ့ကာ မိဘအုပ်ထိန်းသူများအား စုံစမ်းနေစဉ် ဩဂုတ် ၂၃ရက်နံနက်၂နာရီတွင် ကလေးငယ်မှာ သေဆုံးသွားခဲ့သဖြင့် အဆိုပါကလေးငယ်ကို စွန့်ပစ်သွားသော အုပ်ထိန်းသူ(စုံစမ်းဆဲ)အား အရေးယူပေးပါရန် ဦးသန်းထွန်းက တိုင်တန်းခဲ့သဖြင့် သုဝဏ္ဏနယ်မြေရဲစခန်းက အမှုဖွင့် စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးဝင်း(SP)**

# ဟားခါးမြို့၌ Mini Book Corner စာအုပ်များအသစ်လဲလှယ်ပေး

**ဟားခါး ဩဂုတ် ၂၆**

ချင်းပြည်နယ် ဟားခါးမြို့ မြို့မစည်ပင်သာယာဈေး၊ ပြည်သူ့ဆေးရုံကြီး လူငယ်သင်တန်းကျောင်းနှင့် အိမ်တွင်းမှုသင်တန်းကျောင်းများတွင်ထားရှိသည့် Mini Book Corner များရှိစာအုပ်များကို ဩဂုတ် ၂၃ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများက စာအုပ်အသစ်များဖြင့် လဲလှယ်ပေးခဲ့သည်။ Mini Book Corner ထားရှိဆောင်ရွက်မှုနှင့်ပတ်သက်၍ မြို့မစည်ပင်သာယာဈေးမှ ဈေးသည်တစ်ဦးက "ခုလိုစာအုပ်များကို ထားရှိပေးခြင်းဟာ ကျွန်မတို့လို ဈေးရောင်းနေရတဲ့ ဈေးသည်တွေအတွက် အားလပ်ချိန်မှာ စာဖတ်ခွင့်ရပြီး ဗဟုသုတရ၊ အကျိုးရှိသလို အပျင်းလည်းပြေစေပါတယ်။ စာအုပ်တွေကို အနီးအနားမှာ ထားရှိပေးလို့လည်း ကျေးဇူးတင်ပါတယ်။ တချို့ဆိုရင် အိမ်ယူပြီးတောင်ဖတ်ကြတယ်။ ဈေးဝယ်အချို့လည်း ဈေးဝယ်ရင်း ရပ်ပြီးဖတ်နေတာတွေလည်း ရှိပါတယ်"ဟု ပြောကြားသွားသည်။

အဆိုပါ Mini Book Corner များကို ဟားခါးမြို့၌ ဇူလိုင် ၂၃ ရက်က စတင်ဖွင့်လှစ်ထားရှိပေးခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**


## ကရုဏာစင်တာ

### ပညာ၊ ကျန်းမာ ထောက်ပံ့စောင့်ရှောက်မှု ပါဝင်လှူဒါန်းနိုင်

"လိုအပ်နေရာ၊ လိုအပ်တာ၊ လှူပါစွမ်းသမျှ"

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ် ၅၃၇/ခ၊ သဒ္ဒါလမ်းဟုခေါ်တွင်သော နှစ် ၆၀ ဂရန်မြေကွက်၏ (ခြေရင်းဘက်ခြမ်း)၊ အကျယ်အဝန်း(၁၀ပေ×ပေ၆၀)အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ထားရှိ ပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးခင်မောင်ရွှေ(ဦးခေမာနန္ဒ) ၁၂/ဥကတ(နိုင်)၀၃၄၀၃၅ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဘေဘီဦး ၉/မနတ(နိုင်)၀၃၂၅၆၈က ဝယ်ယူမည်ဖြစ်သောကြောင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်မှတ်ပုံတင် စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ယနေ့မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ကျော်မြင့် (စဥ်-၃၈၃၇၁)** LL.B., B.Sc (Engg) (EC)

**ဦးဖြိုးသက်ဝင်း (စဥ်-၄၂၀၂၅)** LL.B

**အထက်တန်းရှေ့နေများ**
**Pioneer Law Firm**
**အမှတ် ၁၃၂/အေ၊ အခန်း ၃၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၀၄၆၂၁၆၊ ၀၉-၄၂၀၁၀၅၁၈၁**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/ရွှေပေါက်ကံ၊ မြေကွက်အမှတ် ၇၄၁၊ မြေကွက်တည်နေရာအမှတ် ၇၄၁၊ ဦးပုည ၃ လမ်း၊ ၁၇/ ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ် ဦးမြသောင်း အေဘီ-၀၄၂၉၂၆ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးမြသောင်း ကွယ်လွန်သဖြင့် ဒေါ်တင်ရွှေ ၁၂/ကမရ(နိုင်)၀၂၉၅၃၃က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မျက်နှာအမူအယာပြောင်းလဲရေးဆွဲနည်း

နိုင်ဝင်းအောင် (Xtreeme Media)

*Animation*

**မျက်နှာအမူအယာပြောင်းလဲရေးဆွဲနည်း**

ခါတ်ပုံလေးတွေကို ကွန်ပျူတာထဲထည့်ပြီး ပြုံးစေ၊ မဲ့စေတာ ဝမ်းနည်းမှုဒေါသထွက်မှုတွေကို ဖန်တီးနိုင်မယ်။ ကာတွန်းပုံရိပ်လေးတွေကို စက္ကူဖြူပေါ်မှာ ရေးဆွဲပြီး၊ သင့်တော်သလို ဇာတ်လမ်း ဇာတ်ကွက် ဖန်တီးပြီးတော့ ကြော်ငြာကာတွန်းဇာတ်လမ်းကလေးတွေ ဖန်တီးလိုပါသလား?

မျက်မှင့်စာပေ - ဖုန်း-၀၉-၇၃၀၀၂၉၆၅၊ ၀၉ ၇၃၀၀၅၈၈၂

နယ်သတင်းနှင့်ဆောင်းပါး

## မြိတ်မြို့၌ ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးကျင်းပ

**မြိတ် ဩဂုတ် ၂၅**

နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးကို ဩဂုတ် ၂၃ ရက် နံနက် ၁၀ နာရီက တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ

မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး ဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး နယ်စပ်ကုန်သွယ်ရေးစခန်း(မြိတ်)လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်မိုးက ကုန်သွယ်ရေးဆောင်ရွက်မှု ပမာဏကို ပြောကြားရာတက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ ကုမ္ပဏီလုပ်ငန်းရှင်များက ကုန်သွယ်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။(ဓာတ်ပုံ)

ဆက်လက်၍ နယ်စပ်ကုန်သွယ်ရေးစခန်း(မြိတ်)လက်ထောက်ညွှန်ကြားရေးမှူးက ဆွေးနွေးမှုများအပေါ် ကုန်သွယ်မှုမြှင့်တင်ရေး အတွက် သုံးသပ်တင်ပြကြောင်း သိရသည်။

မိုးဟိန်း(မြိတ်)

## ပြုပြင်ရန်လိုအပ်နေသည့် ကန်သာကျေးရွာ ဆေးပေးခန်း

**မြင်းမူ ဩဂုတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ကန်သာကျေးရွာတွင် ကျေးလက်ဆေးပေးခန်းအဖြစ် သမဝါယမ ပိုင်မြေနှင့် အဆောက်အအုံပေါ်တွင် ဖွင့်လှစ်ထားရှိပြီး ကျေးလက်ပြည်သူများအတွက် ကျေးရွာဆေးပေးခန်း ဆောက်လုပ်မည်ဆိုပါက ဒေသခံအလှူရှင်တို့က မိမိတို့ပိုင်မြေကို လှူဒါန်းနိုင်သော်လည်း အဆောက်အအုံဆောက်လုပ် ကုန်ကျစရိတ်အတွက် အခက်အခဲများ ဖြစ်နေရကြောင်း သိရသည်။

"အခုကျွန်တော်တို့ကျေးရွာအုပ်စုမှာ ရွာသုံးရွာရှိပါတယ်။ ဗဟိုကျတဲ့ဒီကန်သာကျေးရွာမှာ ကျေးလက်ဆေးပေးခန်းအဖြစ်ထားရှိပါတယ်။ သင့်တင့်တဲ့ကျန်းမာရေးကိစ္စတွေကို ကျေးရွာမှာပဲ စောင့်ရှောက်ပေးတော့ တခြားမြို့တွေကို သွားလာရတဲ့ အချိန်တွေသက်သာပါတယ်။ ဒေသခံကျန်းမာရေးဆရာမတစ်ယောက်ကို ထားရှိပြီး ကျေးရွာပြည်သူများရဲ့ ကျန်းမာရေးကို စောင့်ရှောက်ပေးနေပါတယ်။ ကျန်းမာရေးဆေးပေးခန်းဆောက်လုပ်မယ်ဆိုရင် ဒီကျေးရွာမှာရှိတဲ့ ပြည်သူထဲက မြေလှူဒါန်းပေးမှာပါ။ အဆောက်အအုံ ဆောက်လုပ်ဖို့ကတော့ လောလောဆယ် ကျေးရွာတောင်သူတွေရဲ့ အခြေအနေအရ ခက်ခဲမှုလေးတွေ ရှိနေပါတယ်။ ဒါ့ကြောင့် အလှူရှင်တွေပဲဖြစ်ဖြစ်၊ သက်ဆိုင်ရာဌာနတွေနဲ့ ကျေးရွာပြည်သူတွေ ပူးပေါင်းလို့ပဲဖြစ်ဖြစ် ကျန်းမာရေးအဆောက်အအုံလေးကို သီးသန့်ဖြစ်စေချင်ကြပါတယ်။ ကျန်းမာရေးက အဓိကဆိုတော့လည်း ကျေးရွာပြည်သူများအနေနဲ့ အမြန်ဆုံးဆောက်လုပ်နိုင်ဖို့ မျှော်လင့်နေကြပါတယ်"ဟုကျေးရွာအုပ်ချုပ်ရေးမှူးက ပြောကြားခဲ့သည်။

(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)

## ကားဂိတ်အသင်းဝင်လိုသည့် ကုန်တင်ယာဉ်များစာချုပ်ချုပ်ဆို

**ရန်ကုန် ဩဂုတ် ၂၇**

ဘုရင့်နောင်ပွဲရုံ ဝင်းအတွင်းရှိ အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ကိုင်နေသော ကားဂိတ်အချို့တွင် မိမိတို့၏ကားဂိတ်အသင်းဝင်လိုသော ကုန်တင်ယာဉ်တစ်စီးလျှင် ကျပ် ၂၀၀၀၀၀ ပေးသွင်းပြီးအသင်းဝင်သဘောတူလက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုရကြောင်း ကားဂိတ်အချို့မှ သိရသည်။

ယင်းသို့ မိမိတို့၏ ကားဂိတ်အသင်းဝင် ကုန်တင်ယာဉ်များကိုသာ ဂိတ်မှ ကုန်ကားခပိုမိုရရှိသော စပ်ကုန်အမျိုးအစားတင်ဆောင်ပေးပြီး အသင်းဝင်မဟုတ်သော ကုန်တင်ယာဉ်များကို စပ်ကုန်ထက် ကားခအရနည်းသော ဓီးလုံးကုန်တင်ဆောင်ပေးမည်ဖြစ်ကြောင်း၊ အသင်းဝင်ကားများသည် အလှည့်ကျကုန်တင်ဆောင်ပြီး ဂိတ်တွင်တစ်နှစ်ပတ်လုံး ပြေးဆွဲရမည်ဖြစ်ကြောင်း၊ ကုန်ပေါ်ပြီး ကားရှားသည့် ပွင့်လင်းရာသီနွေကာလများတွင် မပြေးဆွဲပါက အသင်းဝင်ကြေး ပြန်လည်မထုတ်ပေးကြောင်း၊ ယာဉ်မှုသော်လည်းကောင်း၊ ဂိတ်မှသော်လည်းကောင်းအသင်းဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ ထုတ်ပယ်ခြင်းကိုအချိန်ကာလ တစ်လကြိုတင် အကြောင်းကြားရမည်ဖြစ်ကြောင်း၊ စည်းကမ်းလိုက်နာသော ယာဉ်များ အသင်းမှ နုတ်ထွက်လိုလျှင် အသင်းဝင်ကြေး ပြန်လည်ထုတ်ပေးမည်ဖြစ်ကြောင်း အသင်းဝင် သဘောတူလက်မှတ်ရေးထိုးခြင်း စာချုပ်တွင် ဖော်ပြထားသည်ဟု သိရသည်။

အဝေးပြေးကုန်စည်ပို့ဆောင်ရေးလောကတွင် ကုန်တင်ယာဉ်တန်ဖိုး ထက်ဝက်နီးပါး ကျဆင်းလာပြီး ကားအရေအတွက် များပြားလာသကဲ့သို့ ကားဂိတ်များအနေဖြင့် ကားဂိတ်လုပ်ကိုင်ခွင့်လိုင်စင်(စည်ပင်နှင့် အဝေးပြေး-ကုန်စည်)ရှိသော ကားဂိတ်များရှိသကဲ့သို့ စည်ပင်ကားဂိတ်ကြီးများ ရန်ကုန်မြို့တွင်း လူနေရပ်ကွက်များအတွင်းဖွင့်လှစ်ထားခြင်း၊လမ်းလျှောက်ကားဂိတ်များဖွင့်လှစ်ထားခြင်းတို့ကြောင့် ကုန်ပေါ-ကားရှားပွင့်လင်းရာသီတွင် တရားဝင် ဘုရင့်နောင်ဝင်းအတွင်းရှိ ကားဂိတ်များတွင်ကားအခက်အခဲများ ဖြစ်ပေါ်တတ်ပြီး ကုန်ရှား-ကားပေါသည့် မိုးရာသီတွင် ကုန်စောင့်ကားများ နေရာအခက်အခဲဖြစ်ပြီး လမ်းမဘေးများတွင် ရက်ရှည်ရပ်ကာ ယာဉ်ပိတ်ဆို့မှုဖြစ်စေကြောင်း၊ သို့ဖြစ်ရာ ကားဂိတ်အချို့မှ ပုံမှန်ပြေးဆွဲမည့် ကုန်ကားများထံမှ ငွေကြေးယူ စည်းကမ်းသတ်မှတ်လာခြင်းဖြစ်ကြောင်း၊ ဂိတ်တွင်ပြေးဆွဲသောယာဉ်အရေအတွက်များပါက အခန်းငှားရမ်းခ ကြိုတင်စိုက်ထားရခြင်းလည်း နည်းလာကြောင်း၊ ကားဂိတ်တာဝန်ခံတစ်ဦးက ဆိုသည်။

ကုန်တင်ယာဉ်များပေါ်မှ တင်ဆောင်ကုန်ပစ္စည်းများ ပျောက်ဆုံးမှုအတွက် မိမိတို့၏ ကားဂိတ်ထုံးစံအရ ကားခ၏ရာခိုင်နှုန်းမည်မျှသာ ပေးလျော်မည်ဟုကုန်လက်ခံဖြတ်ပိုင်းတွင်ရေးသားထားသော်လည်းတင်ပို့သည့်ကုန်သည်ထံမှ ကုန်ရရှိရေးအတွက် ညှိနှိုင်း၍ ပျက်စီးကုန်တန်ဖိုး ပေးလျော်ရမှုရှိကြောင်း ကုန်သည်တစ်ဦးက ဆိုသည်။

ခင်ဆိုင်

## အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးအသိပညာပေး ဟောပြော

**ကြို့ပင်ကောက် ဩဂုတ် ၂၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ အမျိုးသမီးငယ်များ ကာကွယ်စောင့်ရှောက်ရေး လူမှောင်ခိုလူကုန်ကူးမှု အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဩဂုတ် ၂၃ ရက် နံနက်၁၀နာရီက ကျင်းပရာ ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်လွင်က အမျိုးသမီးငယ်များ ကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်၍ အသိပညာပေးပြောကြားပြီး ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသိန်းထွန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီ ရဲမှူးမြင့်ကြိုင်တို့က လူကုန်ကူးမှု၊ လူမှောင်ခိုမှု အသိပညာပေး အကျယ်တဝင့် ဟောပြောသည်။

အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်ပညာရေးမှူးနှင့် ပညာရေးဝန်ထမ်းများ၊ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

(၁၁၁)

နာအရာစံရိုက် ဝင်းမြင့်ဦး(ဗြိမ်) တည်ထောင်ရှိကျစ်သော
စစ်သွေး ပိုလ်လောင်းဝင်ခွင့်သင်တန်း
အနီးကပ် အထူး Camp (နေပြည်တော်)
သင်တန်းသားအသစ် - ၈၅၀၀၀ ကျပ်
သင်တန်းသားအဟောင်းများ - ၃၅၀၀၀ ကျပ်
09-43082855, 09-421152155, 09-450041577, 09-31491527

STYLE
Design & Tailoring Training Centre
Dozo Fashion Technical School
ကျောင်းဆင်း Myanmar Young Designer ဆုရ
မမေလွှင်စေယျာ
ကိုယ်တိုင်ခေတ်မီဂျပန်စင်တီမီတာနည်းဖြင့်စနစ်တကျ သင်ကြားပေးပါမည်၊ ညပိုင်းသင်တန်းရှိသည်။
သင်တန်းဖွင့်ရက် (7.9.2013)
သင်တန်းနေရာ-တိုက်(55)သီတာလယ်အကျောက်မြောင်း၊ရန်ကုန်မြို့၊
09 73037491, 09 5096251

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ အသောကလမ်း၊ တိုက်အမှတ်(၃၇)၊ သုံးလွှာ၊အခန်း(ဘီ)၊ ရေ၊ မီးအပြည့်အစုံပါ လူနေထိုင်ခွင့်ရတိုက်ခန်းကို ပိုင်ရှင် ဦးကျော်မင်းထွန်း ၇/ဖမန(နိုင်)၁၁၆၈၃၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုပါလျှင် စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ၁၀ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိလျှင် အရောင်းအဝယ်ကိစ္စရပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ- ဒေါ်မေစပယ်မြင့် (စဥ-၃၂၉၉၂)
LL.B, D.B.L.,D.I.L.,D.L.P (101) (SWITZERLAND)
အမှတ် ၇၊ မြေညီ၊ ၃၃ လမ်းအောက်၊ (၁)ရပ်ကွက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၅၃၄၃၆၉၊ ၀၉-၅၀၃၁၈၁၀

### ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ကြောင်း

ကျွန်မ၏ခင်ပွန်းဖြစ်သူ မိုင်းရယ်မြို့နယ်၊ ပုန်းထွန်း(ပင်းငွေ့)ကျေးရွာနေ ဦးလုံးမောင်ထွန်း၏သား ဦးစိုင်းနွံခေးသည် ကျွန်မအားစိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ရိုက်နှက်ခြင်းပြုခဲ့သည်သာမက သားသမီးနှစ်ဦးကိုလည်း ထောက်ပံ့ခြင်းမပြုဘဲ မိမိသဘောဆန္ဒအတိုင်း ငါးလကြာ အဆက်အသွယ်မလုပ်ဘဲနေအိမ်မှ ထွက်သွား ပြုမူလုပ်ဆောင်သွားပါသဖြင့် ယနေ့မှစ၍ ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် သက်ဆိုင်ခြင်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းနိုင်ပါသည်-
မမြင့်မြင့်ဝင်း TYN-၁၃၃၈၂၅

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂/ခ-ကံဘဲ့)၊ မြေကွက် အမှတ် (၁၄/ဒ၂) ဧရိယာ ၀ ဒသမ ၁၅၆ ဧကရှိ မြေပိုင်မြေလ/န (၃၉)မြေကွက် [ယခင်အခေါ် မဟာရန်ကုန်၊ အင်းစိန်ခရိုင်၊ အင်းစိန်မြို့နယ်၊ ကံဘဲ့မြို့ကွက်အမှတ် ၄၂/ခ၊ ဦးပိုင်အမှတ်(၁၄/ဒ၂)၊ ဧရိယာ ၀ ဒသမ ၁၅၆ ဧကရှိ မြေပိုင်မြေကွက်]နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၄၂၊ ပါရမီလမ်း၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဒေါ်ခင်ခင်ကြည်ထံမှ ယင်းမြေနှင့် အဆောက်အအုံတို့အတွက် အထူးကိုယ်စားလှယ်လွှဲစာ၊ အရောင်းအဝယ် စာချုပ်တို့ဖြင့် ဝယ်ယူလက်ရှိထားသူ ဦးမင်းဇော်ဝင်း ၁၂/ဗတထ(နိုင်)၀၀၁၅၂၆ ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါပြီး ခုနစ်ရက်အတွင်း ခိုင်မာသောစာမှတ်စာတမ်းများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ကျော်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးဝင်း LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ
အမှတ် ၁၈၉/၁၉၅၊ ပန်းဆိုးတန်းအော့ဖ်တာဝါ၊ ၇(ဘီ)၊
ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
Moblie Phone: 09-448007615 Email: Lawyer. myowin@gmail.com

### အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ် (၂၆၇)နေ၊ ဦးအောင်မြင့်(ခ)ဦးရောဘတ်အောင်(ခ)ရောဘတ်အောင်မြင့် HKG(N)၀၀၀၈၏လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မြင့်(ခ)ဦးရောဘတ်အောင်(ခ)ရောဘတ်အောင်မြင့်မှ ဦးမောင်လု ၁၂/ရကန(နိုင်)၀၁၅၆၉၈အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၁၈-၇-၂၀၁၂ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ် (၁၂၇၃၉/၂၀၁၂)ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာအား လွှဲအပ်ခဲ့ပါသည်။ အဆိုပါ ကိုယ်စားလှယ်လွှဲစာအား ဤကြော်ငြာပါသည့်ရက်မှစ၍ အပြီးအပိုင်ပြန်လည်ရုပ်သိမ်းပြီးကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဒေါ်နွယ်နီအောင် LL.B,LL.M,D.I.R၊ တရားလွှတ်တော်ရှေ့နေ
အမှတ်(၂၇/၂၉)၊ ဒုတိယထပ်၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊
ဖုန်း-၂၅၁၈၆၅၊ ၃၈၉၆၇၇၊ ၀၉-၅၀၅၈၃၅၈

### ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ညောင်တုန်းလမ်း၊ အမှတ်(၄၈)ဟုခေါ်တွင်သော နှစ်ခန်းတွဲ ခုနစ်ထပ်တိုက်၏ ပထမထပ် (ခေါင်းရင်းခန်း) တိုက်မျက်နှာမူလျှင် ဘယ်ဘက်ခြမ်း၊ တိုက်ခန်းနှင့်ပတ်သက်၍ ဦးစိုးမြင့်သိန်း ၁၂/စခန(နိုင်) ၀၅၅၁၇၁က တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးစန်းမောင် ၁၂/မရက(နိုင်)၀၃၀၆၈၄နှင့် ဒေါ်စန်းလွင် ၁၂/စခန(နိုင်)၀၂၇၀၀၆တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ အဆိုပါ အရောင်းအဝယ်အား ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးသူရအောင်(စဥ-၄၂၂၁၀)
အထက်တန်းရှေ့နေ
အမှတ်(၄၆/ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ရုံးဖုန်း-၀၁-၃၇၃၄၉၉၊ ၀၉-၇၃၁၁၃၂၁၁

### ကန့်ကွက်နိုင်ပါသည်

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ မင်္ဂလာအောင်ပန်းရပ်ကွက်၊ ကွင်းအမှတ် ၄၇၊ ကွင်းအမည် (ရွာသစ်ရပ်)၊ ဦးပိုင်အမှတ် (၉)+ဦးပိုင်အမှတ် (၉/၁)တို့ကိုတရားဝင်လက်ရှိပိုင်ဆိုင်လျက်ရှိသူ ဒေါ်ခင်ခင်မြင့် ၁၂/မဂဒ(နိုင်)၀၇၇၇၉၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ပြီးဖြစ်ရာ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်သူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလာ LL.B
တရားလွှတ်တော်ရှေ့နေ (စဥ-၈၅၂၀)
တိုက် ၅၊ အခန်း ၀၀၈၊ အေးရိပ်မွန် ၉ လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊
ဖုန်း-၀၉-၅၁၈၁၈၂၀

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ... [illegible]

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးအောင်မျိုးကျော် (LL.B) ဒေါ်သီရိနိုင်ညီမိုး (LL.B)
[illegible]

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဇေယျာသစ္စာလမ်း၊ မြေကွက်အမှတ် ၄၁၉၊ အိမ်အမှတ် ၂၄/က၊ အကျယ်အဝန်းပေ (၁၁၃½×၄၀) ဦးလှသောင်းအမည်ပေါက် မြေချပါမစ် မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ မိခင် နမ်းသန်းသန်းဝင်း ၁၂/ကမရ(နိုင်)၀၀၄၃၆၈နှင့် ဒေါ်အေးသန္တာထွေး ၁၂/ကမရ(နိုင်)၀၅၅၆၉၂နှင့် မိသားစုသားသမီးများက ရောင်းချရန် ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်ကဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအိမ်နှင့် မြေဆက်စပ်ခံစားခွင့်အရပ်ရပ်တို့ကို အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ကို အသိပေးကြေညာအပ်ပါသည်။

ဒေါ်မြင့်မြင့်မော် ၁၀/သဖရ(နိုင်)၀၄၁၆၇၀
L.1, ရွှေပုန်းညက်လမ်း၊ ရွှေပုန်းညက်ရိပ်မွန်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၈၇၀၁၀၆၀၊ ၅၃၉၆၃၃ Ext ၅၄၁

# ကြော်ငြာ

## ဝမ်းနည်းကြေကွဲခြင်း

ဦးဆက်အောင် (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)-ဒေါ်မေသန်းလွင်တို့၏မိခင် ဒေါ်မေခင်ကြည်(ခ)ဒေါ်ဝင်နီလှ အသက်(၇၅)နှစ်သည်၂၅-၈-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး**
**ဒုတိယဝန်ကြီးများ**
**အရာထမ်း၊ အမှုထမ်းများ**
**အမျိုးသားစီမံကိန်းနှင့်စီးပွားရေး**
**ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန**

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မေခင်ကြည်(ခ)ဒေါ်ဝင်နီလှ

**အသက်(၇၅)နှစ်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် ဒေါ်မေသန်းလွင်တို့၏ချစ်လှစွာသောမိခင် ဒေါ်မေခင်ကြည်(ခ)ဒေါ်ဝင်နီလှ အသက်(၇၅)နှစ်သည် ၂၅-၈-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်းအမှုထမ်းများ**
**စီမံကိန်းနှင့်ငွေကြေးဌာန**
**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအောင်လွင် အသက်(၇၇)နှစ်

**(ကြည်း-၈၇၉၆)**
**ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)**
**အကြံပေးပုဂ္ဂိုလ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံဘဏ်လုပ်ငန်းရှင်များအသင်း နာယက**

ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊မုံလှရွာနေ(ဦးရန်သွယ်-ဒေါ်ပိုက်ရှိ)တို့၏သား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ အမှတ်(၂၃/ဘီ)နေ ဒေါ်မြကြည်၏ခင်ပွန်း၊ ဦးဝင်းအောင်-ဒေါ်ဝင်းယုနွယ်တို့၏ဖခင်၊ မအင်ကြင်း (Grade-X, International School, Yangon)၊ မောင်နိုင်ဦး (Grade-VIII, Deplomatic School, Yangon)တို့၏အဘိုးသည် ၂၇-၈-၂၀၁၃ရက်(အင်္ဂါနေ့) ညနေ ၄း၃၀နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၉-၂၀၁၃ရက် (တနင်္လာနေ့) နံနက်ပိုင်းတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်ရီ(ကြံခင်း) (အလပြ၊ ငြိမ်း)

**ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)အသင်းဝင်**

**အသက်(၇၆)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့၊ လမ်းမတော်လမ်းနေ (ဦးတင်ဦး)၏ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ သန်လျင်တံတားစီမံကိန်းအိမ်ရာဝင်း၊ စိန်ပန်းလမ်း၊ အမှတ် ၁၉၈နေ ဦးမြင့်တင် [လ/ထဌာနမှူး၊ ငြိမ်း၊ လမ်းနှင့်တံတားဌာန (Y.C.D.C)]-ဒေါ်သီတာဦး (အထက်တန်းပြဆရာမ၊ အထက-၄၊ ပုဇွန်တောင်)၊ ဦးကျော်မင်းဦး[ တိုင်းမန်နေဂျာ(Wah Wah Agricultural Chemicals Trading Co.,Ltd.)]-ဒေါ်စန်းစန်းဝင်း၊ ဦးအောင်ကျော်ဦး(Wah Wah Agricultural Chemicals Trading Co.,Ltd.) -ဒေါ်ခင်စန်းဦးတို့၏မိခင်၊ (ကိုကျော်အောင်မြင့်တင်)-မဥမ္မာစိုး၊ ကိုဘုန်းအောင်မြင့်တင်-မယဉ်ယဉ်မြင့်၊ ကိုအောင်ထွဋ်မြင့်တင်-မဇင်မူယာကျော်၊ မလွင်လွင်မြင့်တင်(နည်းပြ၊ အင်္ဂလိပ်စာဌာန၊ သမဝါယမတက္ကသိုလ်၊ သန်လျင်)၊ မောင်အေးအောင်၊ မအိအိအောင် (B.Tech,Civil)၊ မောင်ဖြိုးပြည့်ကျော်၊မောင်ထက်ပိုင်ဖြိုး၊မမီမီကျော်တို့၏အဘွား၊ မြစ်ခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၆-၈-၂၀၁၃ရက် (တနင်္လာနေ့)ညနေ ၃း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများလိုက်ပါပို့ဆောင်ကြပါရန်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့၊ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)

---

## ဦးစိန်လှဖော်(ခ)ဦးလုံးမောင်(စစ်တွေ) B.Sc (Maths)

**CDC.25520**

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ တော်ဝင်အိမ်ရာ၊ တိုက်အမှတ် ၃၁၊ အခန်း ၁၉နေ (ဦးလှဖော်အောင်-ဒေါ်ဝင်းစံဖြူ)တို့၏သားငယ်၊ (ဦးမောင်သာထွန်း-ဒေါ်ဦးသာမေ)တို့၏သားသမက်၊ (ဦးဦးကျော်ထွန်း)-ဒေါ်ဆွေဆွေတို့၏ညီငယ်၊ ဒေါက်တာကျော်ခိုင်ဦး-ဒေါက်တာယဉ်မွန်မြင့်၊ ဇော်ရဲထွန်းတို့၏ဦးလေး၊ ဒေါ်စောရွှေဘု၊ ဦးစံရွှေထွန်း-ဒေါ်ခင်လေးဝင်း၊ ဦးထွန်းရွှေဘော်-ဒေါ်ဝင်းရွှေအေး၊ ဦးဘထွန်း-ဒေါ်ဦးစိန်သန်း၊ ဦးထွန်းလှ-ဒေါ်ချောစုလှိုင်၊ ဦးဝင်းထွန်း-ဒေါ်ဖြူဖြူဝင်း၊ ဦးစံထွန်း၊ ဦးကျော်ထွန်းလင်း-ဒေါ်နှင်းနှင်းဝေတို့၏အစ်ကို၊ ဒေါ်ဦးခင်(ဌာနခွဲမှူး၊ ငြိမ်း၊ စက်မှုကြီးကြပ်/စစ်ဆေးဦးစီးဌာန)၏ခင်ပွန်း၊ ဘုန်းမြတ်သူ (Uniteam. Marine)၏ဖခင်သည် ၂၇-၈-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၉း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ဝင်းမူ(ခ)ဒေါ်ပူစူးမ

**M.Sc,B.Sc (Hons) (Zoology), B.Ed(Q), FCLT**
**အထက်တန်းပြ(ငြိမ်း)၊ အထက(၂)ဗိုလ်တထောင်**
**Suprme Int'l Quality Learning Centre**
**ကျောင်းအုပ်ဆရာမကြီး**
**အသက်(၅၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ တာမွေမြို့နယ်၊ အမှတ် ၅၊ မြေညီထပ်နေ (ဆရာကြီး ဦးငွေအောင်၊ အထက-၂၊ တာမွေ၊ ငြိမ်း)၊ ဒေါ်သန်းမြင့်(အမက-၁၁၊ တာမွေ၊ ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)တို့၏သမီး၊ (ဦးနေဝင်း)၏ညီမ၊ မောင်ဇာဏီထက်အောင်၏မိခင်သည် ၂၇-၈-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးဘိုးထီ (မြင်းထရိန်နာ) ငါးပင်ဇေ့်/မြင်းခြံ

**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ အမှတ် ၈၈၁(က)နေ (ဦးချစ်ထွန်း-ဒေါ်ချင်း)တို့၏သား၊ (ဦးခင်မောင်တိုး)-ဒေါ်မြင့်မြင့်အေး၊ ဒေါက်တာပီတာအေး-(ဒေါ်ခင်ခင်ထွေး)၊ ဒေါ်သဲဝါထွန်း၊ ဒေါ်တင်တင်ချို၊ ဦးခင်မောင်မြင့်-ဒေါ်ချယ်ရီသင်းတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၇-၈-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၄း၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၈-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်ရီ(ကြံခင်း) အလပြ(ငြိမ်း)

**အသက်(၇၆)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့၊ လမ်းမတော်လမ်းနေ (ဦးတင်ဦး)၏ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ သန်လျင်တံတားစီမံကိန်းအိမ်ရာဝင်း၊ စိန်ပန်းလမ်း၊ အမှတ် ၁၉၈နေ ဦးမြင့်တင်[လ/ထဌာနမှူး၊ ငြိမ်း၊ လမ်းနှင့်တံတားဌာန(Y.C.D.C)]-ဒေါ်သီတာဦး(အထက်တန်းပြဆရာမ၊အထက-၄၊ ပုဇွန်တောင်)၊ ဦးကျော်မင်းဦး[တိုင်းမန်နေဂျာ(Wah Wah Agricultural Chemicals Trading Co., Ltd.)]-ဒေါ်စန်းစန်းဝင်း၊ ဦးအောင်ကျော်ဦး (Wah Wah Agricultural Chemicals Trading Co.,Ltd.)-ဒေါ်ခင်စန်းဦးတို့၏မိခင်၊ (ကိုကျော်အောင်မြင့်တင်)-မဥမ္မာစိုး၊ ကိုဘုန်းအောင်မြင့်တင်-မယဉ်ယဉ်မြင့်၊ ကိုအောင်ထွဋ်မြင့်တင်-မဇင်မူယာကျော်၊ မလွင်လွင်မြင့်တင်(နည်းပြ၊ အင်္ဂလိပ်စာဌာန၊ သမဝါယမတက္ကသိုလ်၊ သန်လျင်)၊ မောင်အေးအောင်၊ မအိအိအောင် (B.Tech,Civil)၊ မောင်ဖြိုးပြည့်ကျော်၊ မောင်ထက်ပိုင်ဖြိုး၊ မမီမီကျော်တို့၏အဘွား၊ မြစ်ခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၆-၈-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၃း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းသန်း (ကြို့ပင်ကောက်)

**အသက်(၇၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ ဗန္ဓုလလမ်း (မန္တလေးလမ်း)၊ အမှတ် ၆၅၂နေ (ဦးမျိုးခင်၊ တိုင်းဦးစီးမှူး၊ ငြိမ်း၊ ရန်ကုန်တိုင်းဒေသကြီး၊ လဝက)၏ဇနီး၊ ဦးကျော်ဝင်းစိန်-ဒေါ်နီနီမျိုးခင်၊ ဦးသန့်စင်၊ (ဦးဇော်ဝင်းဦး)၊ (ဦးရွှေသန်း)-ဒေါ်ကေသီမျိုးခင်၊ ဗိုလ်မှူးမိုးကျော်ဆွေ(ရေ၊ ငြိမ်း)-ဒေါက်တာခင်စန္ဒာ(ခင်စန္ဒာမိုးဆေးခန်း)၊ ဒေါက်တာမောင်မောင်အောင်-ဒေါ်မိုးသီတာမျိုးခင်တို့၏မိခင်၊ မြေး ၁၇ယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၇-၈-၂၀၁၃ရက်(အင်္ဂါနေ့) ညနေ ၅း၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂-၉-၂၀၁၃ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းသန်း(ကြို့ပင်ကောက်) အသက်(၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ ဗန္ဓုလလမ်း(မန္တလေးလမ်း)၊ အမှတ် ၆၅၂နေ မရည်မွန်သိန်းနွဲ့၊ မထက်မွန်သိန်းနွဲ့၊ ဒေါက်တာယမုံသန့်စင်၊ ဒေါက်တာနှင်းပွင့်အေး၊ ကိုထက်လင်းအောင်၊ ကိုကျော်သူရဇော်၊ ကိုပြည့်ဖြိုးဇော်၊ မသက်ရွှေရည်သန်း(ခေတ္တ-ဘန်ကောက်)၊ မဆွေရည်နွယ်(Final Part-1၊ ဆေးတက္ကသိုလ်-၁)၊ မောင်တင်အောင်မြင့်ထွန်း၊ ဒေါက်တာမြသဲဖြူမိုး၊မောင်ဝင်းမိုး(Chindwin College)၊မဆုပြည့်စုံမိုး(ပထမနှစ်၊ပြင်သစ်နိုင်ငံခြားဘာသာတက္ကသိုလ်)၊ မောင်ဝေယံမိုးလွင်(ပထမနှစ်၊ ဆေးတက္ကသိုလ်-၁)၊ မအိန္ဒြေ (Grde-11, TTC)၊ မောင်ဟိန်းထက်ဇော် (ပထမနှစ်၊ ရေကြောင်းတက္ကသိုလ်)၊မမွန်မြတ်သန့်စင်(Grade-1,TTC)တို့၏ဘွားဘွားကြီးသည်၂၇-၈-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၅း၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်လွန်းရင်

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ မြလမ်း၊ အမှတ် ၂၉နေ ဦးမျိုးရွှေ(အကောက်ခွန်ရှင်းလင်းရေးကိုယ်စားလှယ်၊ ငြိမ်း)၏ဇနီး၊ ဦးဝင်းနိုင်၊ ဒေါ်ခင်မိမိ၊ ဒေါ်ထားထားလွင်၊ ဒုမှူးကြီးမျိုးမင်း-ဒေါ်ခင်မျိုးသန့်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၇-၈-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

## ဒေါ်ရွှေ (တော်ကပူး၊ ကမာကေးကျေးရွာ၊ ဘီလူးကျွန်း) (သဲအင်းယောဂီ)

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ ဗိုလ်ဂါမဏိလမ်း၊ အမှတ် ၁၀၉နေ (ဦးထွန်းရီ-ဒေါ်အုန်းကြည်)တို့၏သမီး၊ ဦးတင်လေး၏ဇနီး၊ဦးရွှေတင်-ဒေါ်သောင်းတင်၊ဦးတင်ငွေ-ဒေါ်ခင်တိုတို့၏ညီမ၊ ဦးစိုးဝင်း-ဒေါ်ကြည်ဝင်း၊ ဦးတင်ရှိန်-ဒေါ်ဝင်း၊ (ဦးရွှေတင်)-ဒေါ်ကျင်ဝါ၊ဦးမြင့်အောင်-ဒေါ်အေးဝင်း၊ ဦးမောင်အောင်-ဒေါ်စန်းငွေ၊ ဦးစံရှား-ဒေါ်သန်းသန်းဝင်း၊ ဦးသက်ထွန်းတို့၏အစ်မ၊ မောင်အောင်ဇော်ဦး-မချိုမာအေး၊မလှကြေးမုံ၊ မောင်ဇော်မင်းဦး၊ မောင်အောင်သီဟ၊ မငုဝါသင်းတို့၏မိခင်၊မခိုင်ဝင့်သဇင်၏အဘွားသည် ၂၇-၈-၂၀၁၃ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၉-၈-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## အရာခံဗိုလ်တင်လတ်(ငြိမ်း)

**တဆရ (၂/၅၀၀)**
**အသက်(၆၆)နှစ်**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့၊ ဇင်းပျိုးကျေးရွာနေ (ဦးအောင်သိန်း-ဒေါ်တော)တို့၏သား၊ ဒေါ်ညွန့်မေ၏ခင်ပွန်း၊ ကိုခိုင်စိုး(ကကင္ဝေ၊ မန္တလေး)-မမျိုးမျိုးလတ်၊ကိုကျော်ဇင်လတ်-မအေးသန္တာ၊ ကိုမျိုးမင်းလတ်-မမျိုးမြင့်မြင့်မြတ်၊ မမျိုးသူဇာတင်လတ်တို့၏ဖခင်၊ မြေး ခြောက်ယောက်တို့၏ အဘိုးသည် ၂၄-၈-၂၀၁၃ရက်(စနေနေ့) ၁း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၈-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃၀-၈-၂၀၁၃ရက် (သောကြာနေ့) နံနက် ၇နာရီတွင် တိုက် ၂၊အခန်း ၃၀၂၊ ကျန်စစ်သားအိမ်ရာ၊ (၁၇)ရပ်ကွက်၊ တောင်ဒဂုံသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်လှကြည်

**အသက်(၈၀)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နေ (ဦးသာငွေး-ဒေါ်ငွေခဲ)တို့၏သမီး၊ မြို့မ(၃)ရပ်ကွက်၊ မင်းတန်းလမ်း၊ အမှတ် ၅၄၈နေ (ဦးကျော်စိန်)၊ ဦးအုန်းမောင်တို့၏ဇနီး၊ ရန်ကုန်မြို့နေ ဦးလှခင်-(ဒေါ်မြင့်မြင့်ရီ)၊ ဦးလှဝင်း-ဒေါ်သန်းမြင့်၊ဦးစောလှိုင်-ဒေါ်ခင်ခင်တို့၏အစ်မ၊ ဦးဆန်းဝင်း-ဒေါ်ခင်သန်းလှ၊ (ဦးခင်မောင်အေး)-ဒေါ်ခင်သန်းမြ၊ ဦးသန်းမြင့်-ဒေါ်ခင်အေးမြင့်၊ ဦးရဲမြင့်-ဒေါ်လှလှငွေး၊ ဒေါ်ယုယုမွန်တို့၏မိခင်၊မြေးရှစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၆-၈-၂၀၁၃ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ဓနိတောသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

## ဒေါ်အေးသိန်း

**အသက်(၇၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ပုသိမ်ညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ အမှတ် ၉၁၊ စိတ္တသုခလမ်းနေ(ဦးထွန်းငြိမ်း-ဒေါ်ပန်းမြ)တို့၏သမီး၊ (ဦးထွေး)၏ဇနီး၊(ဦးမြတ်ဆွေ)-ဒေါ်ကြူကြူ၊ (ဦးဝင်းဆွေ)-ဒေါ်ခင်ညိုဝင်း၊ဒေါ်သက်သက်ထွေး၊ဦးဝင်းနိုင်-ဒေါ်နီနီထွေး၊ဦးမြင့်ဆန်း-ဒေါ်စိုးစိုးထွေးတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၂၇-၈-၂၀၁၃ရက် နံနက် ၂း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၉-၈-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးဆီကောက် (Siko)

**မရာပြည်သူ့ပါတီဥက္ကဋ္ဌဟောင်း**
**အသက်(၆၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊မှော်ဘီမြို့နယ်၊ ဘွက်ကြီး၊ အမှတ် ၉၉၉နေ ဒေါ် Ngo Po၏ခင်ပွန်း၊ ဆရာHmo Thaı ဆရာမနီလာ (အထက်တန်းပြ) - ဆရာကြီးမောင်မောင်သိန်း (အထက၊ ကျောင်းအုပ်)၊ ဆရာကတော် Ngwe Ri-Saya Bawi Kung (Academic Dean, EC Member of MECF)၊ မတူးတူးလှိုင်တို့၏ဖခင်၊ Rew. Dr. Hre Ling ၏ အစ်ကိုသည် ၂၇-၈-၂၀၁၃ရက် နံနက်တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၃ရက် ညနေ ၃း၃၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ [မြောက်ဒဂုံ (၄၄) မှတ်တိုင်၊ အင်းစိန်ပန်းခြံ၊ ရွှေဂုံတိုင်နှင့်ထောက်ကြန့်လမ်းဆုံတို့မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## မစန္ဒာဝင်း(ခ)ဝိုဝို

**အသက်(၃၆)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်း၊ အမှတ် ၆၀၄၊ ဒုတိယထပ်နေ [လောင်ရောင်ဝမ်း(ခ)ဦးကျော်ရင်]-ဒေါ်တင်တင်လှိုင်တို့၏သမီး၊ ဒေါ်သန်းသန်းဝင်း-ဦးခင်မောင်လတ်၊ ဦးရဲမြင့်-ဒေါ်ကြည်ကြည်အောင်၊ ဒေါ်တင်တင်ဝင်း-ဦးပါစန်မင်း၊ ဦးရဲရင့်-ဒေါ်ဇင်မင်းထွေး၊ ဒေါ်သီတာဝင်း-ဦးမျိုးနိုင်ဝင်းတို့၏ညီမ၊ မယမင်းထွေး၏အစ်မ၊ ဦးအောင်ကျော်ထွန်း၏ဇနီး၊ မထက်စန္ဒီမိုးမြင့်(ခ)ကျင်ကျင်း၏မိခင်၊ (ဦးအောင်ငြိမ်း) - ဒေါ်သန်းညွန့်တို့၏သမီးချွေးမသည် ၂၇-၈-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၅း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၉-၈-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပုံလွှန်တော်မူခြင်း

## ဘဒ္ဒန္တဝိလာသဂ္ဂ

**(နိုင်ငံတော်ဩဝါဒါစရိယ)**
**သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၅၉)ဝါ**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ ဇီးကန်ရေထွက်ရွာ ကျွန်းဦးပရိယတ္တိစာသင်တိုက် ရတ္တညူမဟာထေ၊ သိက္ခာကာမဝိနယဂရုက နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဝိလာသဂ္ဂ မဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော်ကြီးသည် (၁၃၇၅ ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ရက်) ၂၅-၈-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ဘဝနတ်ထံပုံလွှန်တော်မူသွားပါသဖြင့် ရပ်ဝေးရပ်နီးရှိ တပည့်ရဟန်းရှင်လူ ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဝါခေါင်လပြည့်ကျော် ၁၀ရက်) ၃၁-၈-၂၀၁၃ရက်တွင် နိဗ္ဗာန်ကျောင်းတင်ပြုလုပ်မည်ဖြစ်ပါကြောင်း။ (ဈာပနကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။)

ဈာပနကျင်းပရေးကော်မတီ

---

ဘဝနတ်ထံပုံလွှန်တော်မူခြင်း

## ဦးဝဏ္ဏိတ(ခ)ဦးခင်မောင်ဝင်း (ကိုလ်ကတ္တားကျောင်းတိုက် Fitter Golden Eagle Shipping Co.,Ltd.)

**သက်တော်(၆၀)၊ သိက္ခာတော်(၄)ဝါ**

ရန်ကုန်မြို့နေ (ဦးကြိုင်-ဒေါ်သောင်းကြည်)တို့၏သား၊ (ဦးသွင်-ဒေါ်မြပု)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဖျိုင်းကွက်သစ်ရပ်ကွက်၊ ဖျိုင်းရေအိုးစင်လမ်း၊ အမှတ် ၈၅ (၇-A)နေ ဒေါ်လှသိန်း၏ခင်ပွန်း၊ ဒေါ်အေးစန္ဒာဝင်း၊ (ဦးဟိန်းလင်းအောင်)-ဒေါ်မျိုးစန္ဒာဝင်း၊ မောင်ငြိမ်းမင်းသူ-မယဉ်မွန်မိုးသန္တာ၊ မောင်ချမ်းမြေ့သူ၏ဖခင်၊ မနေခြည်လင်း၊ မောင်ကောင်းမြတ်သူတို့၏အဘိုးသည် (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ရက်) ၂၆-၈-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၅း၃၀နာရီတွင် ဘဝနတ်ထံပုံလွှန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၈-၈-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးတင်ရွှေ [ရေယာဉ်မှူးကြီး(ငြိမ်း)၊ စွမ်းအင်ဝန်ကြီးဌာန]

**အသက်(၇၅)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နေ (ဦးမောင်ညွန့်-ဒေါ်သန်း)တို့၏သား၊ သာကေတမြို့နယ်၊ (၄)ရပ်ကွက်တောင်ပိုင်း၊ မြို့မလမ်း၊ အမှတ် ၇၆၃/ခ နေ ဒေါ်တင်တင်သော်(ခ)အန်တီမာ၏ခင်ပွန်း၊ မောင်ဇော်မင်းတင်-မခင်မျိုးမြတ်(ခေတ္တ-USA)၊ ကိုဇော်ဇော်(ခေတ္တ-USA)၊ ကိုကိုထွေး( A/B-V,S New World Shipping)-ဒေါ်ခင်ငြိမ်းငြိမ်းရွှေ(ဒု-ဦးစီးမှူး၊ DBE-1)တို့၏ဖခင်၊ မောင်ဝေယံမင်းဒင်(ခေတ္တ-USA)၏အဘိုးသည် ၂၆-၈-၂၀၁၃ရက်(တနင်္လာနေ့)နံနက် ၈း၁၃ နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၈-၈- ၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁-၉-၂၀၁၃ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးစန်းမြင့် (မြင်းခြံ၊ ဆီမီးခုံ)

**စား/ထွေ(ငြိမ်း)**
**အသက်(၇၈)နှစ်**

မြင်းခြံခရိုင်၊ ဆီမီးခုံမြို့နေ (ဦးလူလေး-ဒေါ်လုံတင်)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ အမှတ် ၉၇၇နေ ဒေါ်လှစိန်၏ခင်ပွန်း၊ မမြင့်မြင့်ဦး၊ ကိုအောင်ကျော်မြင့်(ခ)အဘိုးကြီး၊ ကိုခင်မောင်အေး၊ မအေးအေးမော်-ကိုထွန်းနိုင်ဦး၊ မောင်လှမြင့်ထွေး (ခေတ္တ-ကိုရီးယား)တို့၏ဖခင်၊ မောင်ကျော်လင်းဦး၏အဘိုးသည် ၂၆-၈-၂၀၁၃ရက် (တနင်္လာနေ့) ည ၈း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၈-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးထွန်းလွင် (ပုသိမ်)

**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ သရဝဏ်ရိပ်သာ ၂လမ်း၊ အမှတ် ၁၆နေ(ဦးမောင်မောင် - ဒေါ်သန်းသန်း)တို့၏သားကြီး၊ ဒေါ်ခင်အေးသွင်၏ခင်ပွန်း၊ ဦးအုပ်စိုး-ဒေါ်ခင်မမ(ခေတ္တ-မလေးရှား)၊ဗိုလ်ကြီးအောင်ထွဋ်ပိုင်၊ ဒေါ်မေသူစိုး (Han Golf Masters Pte., Ltd.)၊ ကိုသူရိန် (ခေတ္တ-စင်ကာပူ)၊ ကိုဆုဝေ(ခေတ္တ-မလေးရှား)တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၇-၈-၂၀၁၃ရက် နံနက် ၈း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၃ရက် ညနေ ၃နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးအေးဖေမြင့် B.Sc(Botany)

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ ဆူးလေဘုရားလမ်းနေ [ဗိုလ်မှူးဖေမြင့်(ငြိမ်း)-ဒေါ်အေးကြည်]တို့၏သား၊ ရန်ကင်းမြို့နယ်နေ(ဦးအောင်ကြည်-ဒေါ်အေးဆွေ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်စံပြရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ် ၇၂၊ B (ပထမထပ်)နေ ဒေါ်အေးမမ (အုပ်ချုပ်မှုဦးစီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ နေပြည်တော်)၏ခင်ပွန်း၊ ဦးလူတိုးမြင့် (Jelco Private Limited Singapore)၊ ဦးဟိန်းတိုးမြင့်-ဒေါ်စိုးယဉ်ဝေလွင် (အိုလံပစ် ဆိုင်ကယ်ပစ္စည်းရောင်းဝယ်ရေး၊ တောင်တွင်းကြီး)တို့၏ဖခင်၊ မောင်အုပ်ပြည်ဖြိုး၏အဘိုး၊ ဒေါက်တာနွယ်နွယ်မြင့် - ဒေါက်တာနေဝင်း(ဘရူနိုင်း)တို့၏မောင်၊ (ဦးကြီးဖေမြင့်)၊ ဒေါ်နီလာမြင့်-(ဦးကိုကိုနိုင်)၊ ဒေါ်မီမီမြင့်-ဦးဇင်ဦး၊ ဒေါ်ရူပါမြင့်-ဦးမြင့်စိုးမင်းတို့၏အစ်ကို၊ ဦးခင်မောင်ဦး-ဒေါ်ညွန့်ညွန့်မေတို့၏ညီသည် ၂၇-၈-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၃း၀၅ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၉-၈-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးထွန်းထွန်း

**အသက်(၅၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊သန္တာ ၁၁လမ်း၊အမှတ် ၁၈၆နေ (ဦးမောင်လှိုင်-ဒေါ်ထွေး)တို့၏သား၊ ဦးတင်ရွှေ-ဒေါ်စန်းကြည်တို့၏သားသမက်၊ ကိုအောင်ကိုကိုဦး-မချောချော၊ ကိုသိန်းထွန်းအောင်၊ မထက်ထက်ဖြိုးတို့၏ဖခင်၊ ဦးကြည်ညွန့်(M.O.B)-ဒေါ်ကြည်သိန်းတို့၏ညီ/မောင်၊ ဒေါ်အေးမြင့်၏ခင်ပွန်းသည် ၂၆-၈-၂၀၁၃ရက်(တနင်္လာနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။** R/488

# မြန်မာ-ဂျပန် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဂျပန်အောက်လွှတ်တော်၊ နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌ Mr.Katsuyuki KAWAI ဦးဆောင်သည့်အဖွဲ့အား ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီ ၁၅ မိနစ်က နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမောင်မောင်သိမ်း၊ ဦးလှမြင့်ဦး၊ ဦးစိုးနိုင်၊ ဦးငွေးမြင့်၊ ကော်မတီအတွင်းရေးမှူး ဦးကြည်သာ၊ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ထွန်းနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးလည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဂျပန်အောက်လွှတ်တော်၊ နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌ Mr.Katsuyuki KAWAI အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

**ပြည်ထောင်စုလွှတ်တော်အစည်းအဝေး**

# ဆက်သွယ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုခဲ့

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၂၇**

ယနေ့တွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၁၇)ရက်မြောက်နေ့ကို အစီအစဉ်(၁၈)ခုဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့၌ ပြည်ထောင်စုလွှတ်တော်အလုပ်သမား၊ အလုပ်ရှင်အခွင့်အရေး လေ့လာရေး ပူးပေါင်းကော်မရှင်ကတင်သွင်းခဲ့သော အစီရင်ခံစာနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်ကဆက်လက်ဆွေးနွေးခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်ဝင်းမော်ထွန်းက ပြန်လည်ရှင်းလင်းခဲ့သည်။

ယင်းအစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များနှင့်အတူ ပြန်လည်ပေးပို့လာသော **အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ***စာမျက်နှာ ၇ ကော်လံ ၄*** ✻

**ယနေ့မာတိကာ**

**လူ ၂၅ သန်း သေဆုံးခဲ့ဖူးသည့် ပလိပ်ရောဂါ ကာဂျစ္စတန်၌ နှစ် ၃၀ အကြာ ပထမဆုံးဖြစ်ပွား**
စာမျက်နှာ-၄

**အမေရိကန်က ဆီးရီးယားကိုတိုက်လျှင် အစ္စရေးသည် ပထမဆုံး ပစ်မှတ်ဖြစ်လာနိုင်**
စာမျက်နှာ-၅

**ဉာဏ်ကောင်းဆေးလေး လှူကြမယ်**
ဆောင်းပါး စာမျက်နှာ-၆

**ရေဘေးသင့်ပြည်သူများ ရေဘေးကင်းလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေး**
စာမျက်နှာ-၉

**ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေး အဖွဲ့ ဖွဲ့စည်း**
စာမျက်နှာ-၁၃

**နံနံစေ့ နံနံပင် ဆေးဖက်ဝင်**
စာမျက်နှာ-၁၅

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီ၏ ဦးတည်ချက်၊ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ လုပ်ထုံးလုပ်နည်းနှင့် ရပိုင်ခွင့်များ သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်
နေပြည်တော်
အမိန့်ကြော်ငြာစာအမှတ်(၅၉/၂၀၁၃)
၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်
(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီ၏ ဦးတည်ချက်၊ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ လုပ်ထုံးလုပ်နည်းနှင့် ရပိုင်ခွင့်များ သတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုလွှတ်တော်သည် ၂၅-၇-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၁/၂၀၁၃ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီကို ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါသည်။ ယင်းအမိန့်ကြော်ငြာစာပါလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပူးပေါင်းကော်မတီသည် ၂၃-၈-၂၀၁၃ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော အစည်းအဝေး (၁/၂၀၁၃)၏ သဘောတူညီချက်ဖြင့်ကော်မတီ၏ ဦးတည်ချက်၊ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ လုပ်ထုံးလုပ်နည်းများနှင့် ရပိုင်ခွင့် (မူကြမ်း)ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။ ***စာမျက်နှာ ၈ ကော်လံ ၁*** ❄

အင်ဒိုနီးရှားတိုက်စစ် စင်ကာပူ ကာကွယ်စဉ်။

# ပွဲပြီးခါနီးဂိုးဖြင့် အနိုင်သုံးမှတ်ရရှိခဲ့သည့် ဖိလစ်ပိုင်အသင်း

သတင်း ➤ ညီမြတ်သော်တာ၊ ဓာတ်ပုံ ➤ စိုးညွန့်

**နေပြည်တော် ဩဂုတ် ၂၇**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် ၂၀၁၃ အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ညနေပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိကွင်း၌ ဆက်လက်ကျင်းပရာ ဖိလစ်ပိုင်က လာအိုကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ***စာမျက်နှာ ၇ ကော်လံ ၄*** ✻

# ငါးသိုင်းချောင်းမြို့ စိုးရိမ်ရေမှတ်ကျော်

**နေပြည်တော် ဩဂုတ် ၂၇**

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ဩဂုတ် ၁၉ ရက် ညနေ ၅ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၄၅ စင်တီမီတာ (၁ ဒသမ ၅ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ၂၀ စင်တီမီတာ (၀ ဒသမ ၇ ပေခန့်) ဆက်လက်ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**